# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ညီညွတ်ခြင်းသည် ချမ်းသာခြင်း

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ - ၁၉၄)


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၂၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့တွင်း လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၈**

ဗီယက်နမ်နိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့နံနက်ပိုင်းက ဟန္ဒိုင်းမြို့ရှိ ဗီယက်နမ်အမျိုးသားခေါင်းဆောင် ဟိုချီမင်းနေအိမ်သို့ ရောက်ရှိပြီး နေအိမ်နှင့် ဟိုချီမင်း အသုံးပြုခဲ့သည့် စာကြည့်ခန်း၊ အိပ်ခန်း၊ အသုံးအဆောင်များကို ကြည့်ရှုလေ့လာကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## ကြည့်ရှုလေ့လာ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဟန္ဒိုင်းမြို့ရှိ ဗီယက်နမ် ရှေးဟောင်းတက္ကသိုလ်အတွင်း ကြည့်ရှုလေ့လာစဉ်



# ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးနှင့် သက်ဆိုင်




## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ UPDJC ၏ အဓိကပန်းတိုင်မှာ ငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ စစ်မီးများငြိမ်းမှ မိမိတို့

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**




# အေးဒီးစ်နှင့် ဇီကာ

ဇီကာရောဂါ မြန်မာ့မြေပေါ်ရောက်လာပြီ ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားနေချိန်ကတည်းက ဇီကာရောဂါကာကွယ်ရေးနှင့် စောင့်ကြပ်ကြည့်ရှုမှုတို့ကို အထူးဂရုပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် အချိန်မီယခုကဲ့သို့ တွေ့ရှိနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ဇီကာရောဂါဖြစ်ပွားနေသည်ဟု စစ်ဆေးတွေ့ရှိသူ ကိုယ်ဝန်ဆောင် နိုင်ငံခြားသူသည် အဆိုပါ ရောဂါဖြစ်ပွားနေသောနိုင်ငံမှ ကူးစက်ခံခဲ့ရပြီး မိမိတို့နိုင်ငံသို့ ဆက်လက်ရောက်ရှိလာခြင်းဖြစ်သည်ဟု ခန့်မှန်းထားကြောင်းလည်း သိရသည်။

ဇီကာရောဂါကို အရေးပေါ်ကျန်းမာရေးပြဿနာတစ်ခုအဖြစ် သတ်မှတ်ထားသည်ဆိုသော်လည်း အဆိုပါရောဂါဖြင့် သေဆုံးမှုမရှိသလောက်ဖြစ်ခြင်းကြောင့် စိတ်သက်သာရာရဖွယ်ပင်ဖြစ်သည်။ ဇီကာရောဂါ၏လက္ခဏာများမှာ သွေးလွန်တုပ်ကွေးနှင့် ဆင်တူပြီး ရောဂါလက္ခဏာပြင်းပြင်းထန်ထန်မပြကြောင်း၊ ရုတ်တရက်ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များကိုက်ခဲခြင်း၊ အရေပြားတွင် အနီကွက်များအစက်များထွက်ခြင်း၊ မျက်သားများနီ၍ရောင်ရမ်းခြင်း၊ မအီမသာဖြစ်ခြင်း စသည့်လက္ခဏာများ တစ်ပတ်ခန့်ခံစားရနိုင်ကြောင်း သိရသည်။ ကိုယ်ဝန်ဆောင်မိခင်များ ဇီကာရောဂါကူးစက်ခံရပါက ဦးခေါင်းသေးငယ်သော ကလေးငယ်ကိုမွေးဖွားလာသည်ဟူသော အချက်ကို သုတေသနပြုလျက်ရှိသည်ဟု ဆိုသည်။

ဇီကာပိုင်းရပ်စ်ပိုးကို သယ်ဆောင်သည့်တရားခံမှာ အေးဒီးစ်ခြင်ခေါ် ခြင်ကျားဖြစ်သည်။ ခြင်ကျားသည် သွေးလွန်တုပ်ကွေးရောဂါကို ကူးစက်ပြန့်ပွားစေသည့် လက်သည်လည်းဖြစ်သည်။ အေးဒီးစ်ခြင် ခေါ် ခြင်ကျားကို နှိမ်နင်းပေးခြင်းအားဖြင့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာရောဂါတို့ကူးစက်ပြန့်ပွားမှုကို တားဆီးလျှော့ချပေးနိုင်မည်ဖြစ်ရာ ခြင်ကျားနှိမ်နင်းရေး နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားခြင်းဖြစ်သည့်အတွက် မိမိတို့သိပြီးဖြစ်သော ''ဖုံး၊ သွန်၊ လဲ၊ စစ်'' လုပ်ငန်းများကို အိမ်တိုင်းလူတိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းလိုသည်။

ဇီကာရောဂါသည် အသေအပျောက်မရှိသော ရောဂါဖြစ်သည်ဟု ဆိုသည့်တိုင် ကူးစက်မြန်ရောဂါဖြစ်သည့်အတွက် အထူးဂရုပြု ကာကွယ်တိုက်ဖျက်သွားကြရမည့် ရောဂါမျိုးဖြစ်သည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ ဇီကာရောဂါဖြစ်ပွားပါက ဦးခေါင်းသေးငယ်သောကလေးများမွေးဖွားကာ ဉာဏ်ရည်မမီခြင်း၊ ပိုလီယိုဆန်သည့် အရိုးပျော့ရောဂါမျိုး ဖြစ်ပွားနိုင်ခြင်းတို့အပြင် ကူးစက်ခံရသူမှာ အာရုံကြောဆိုင်ရာရောဂါများ ခံစားရလေ့ရှိသည့်အတွက် မပေါ့ဆသင့်ဟု ဆိုချင်သည်။

ဇီကာရောဂါကာကွယ်ရန်မှာ ခြင်ကျားသည် နေ့ဘက်တွင် ကျက်စားသည့် သဘာဝရှိခြင်းကြောင့် လူကြီးလူငယ်ကလေးအားလုံး ခြင်ကျားအကိုက်မခံရစေရန်အတွက် အဝတ်အစားလုံခြုံစွာ ဝတ်ဆင်ရေးနှင့် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရေးတို့သည် အဓိကကျကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက တိုက်တွန်းထားသည်။ အကယ်၍ ဇီကာရောဂါဖြစ်ပွားလာပါကလည်း လူနာဖြစ်သူမှာ ကောင်းစွာအနားယူရန်၊ လတ်ဆတ်သောသစ်သီးဖျော်ရည်နှင့် ရေများသောက်သုံးရန်၊ နီးစပ်ရာကျန်းမာရေးဌာနများတွင် ကုသမှုခံယူရန်နှင့် ပြည်သူလူထုအနေဖြင့် ကူးစက်မြန် ဇီကာရောဂါအကြောင်းသိရှိလိုပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် လည်းကောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန ဖုန်း ၀၆၇-၄၃၁၄၃၂၊ ၄၃၁၄၃၃၊ ၄၃၁၄၃၄ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်ဟု အသိပေးအပ်ပါကြောင်း။ ။




## နှာခေါင်းကွဲ၊ အာခေါင်ကွဲကလေးများအား မန္တလေးမြို့သို့ သွားရောက်ကုသပေးမည်

**ခန္တီး အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ကြီးကြပ်မှုဖြင့် ခန္တီးမြို့နယ်မှ နှာခေါင်းကွဲ၊ အာခေါင်ကွဲကလေးငယ်များအား မန္တလေးဆေးရုံသို့ သွားရောက်ခွဲစိတ်ကုသပေးရန် အောက်တိုဘာ ၂၈ ရက် နံနက် ၆ နာရီက ခန္တီးမြို့ ချမ်းမြေ့လင်းအမြန်ရေယာဉ်မှစတင်ထွက်ခွာသွားပြီဖြစ်ကြောင်းသိရသည်။ အဆိုပါကလေးငယ်များ၏နှာခေါင်းကွဲ သုံးဦး၊ အာခေါင်ကွဲ နှစ်ဦး စုစုပေါင်း ငါးဦးတို့အား ခန္တီးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှဦးဆောင်၍ သွားရောက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ **ချန်လော(ခန္တီး)**

## မီးဖိုချောင်သီးနှံစိုက်ပျိုးနည်း သင်တန်းဖွင့်

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုက်ကျုံမြို့ပတကျေးရွာအုပ်စု ကော့စူးကျေးရွာတွင် ADRA Myanmar မှ မီးဖိုချောင်သီးနှံစိုက်ပျိုးနည်းသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၆ ရက်က ကော့စူး အလက(ခွဲ)ကျောင်း၌ ကျင်းပသည်။ အဆိုပါသင်တန်းကို ပြည်နယ်စိုက်ပျိုးရေးတာဝန်ခံ ဒေါ်ဝေဝေမြင့်၊ ပြည်နယ် မြေအသုံးချတာဝန်ခံ ဒေါ်သင်းသင်းဆင့်၊ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးအောင်ထိုက်ဦးနှင့် ADRA Myanmar မှတာဝန်ရှိသူများက နှစ်ရက်ကြာ လာရောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဂတ်တဲကုန်း၊ လာဒဝယ်၊ ကော့ဖန်၊ ကော့စူးကျေးရွာများမှ ဒေသခံပြည်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အကျွတ်အလွတ်ဆုတောင်းပွဲနှင့် ဆွမ်းကြီးလောင်းလှူပွဲ လောက်ကိုင်၌ ကျင်းပ

**သီပေါ အောက်တိုဘာ ၂၈**

လောက်ကိုင်ဒေသ စစ်ပွဲကာလတွင် တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသော အရာရှိ၊ စစ်သည်တော်များနှင့် သေဆုံးသွားကြသော ဒေသခံများ ကျွတ်လွတ်၍ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိရေး အန္တရာယ်ကင်းနှင့် အမျှအတမ်းပေးဝေမှုနှင့် ဆွမ်းကြီးလောင်းလှူပွဲကို အောက်တိုဘာ ၂၆ ရက် နံနက်က ရှမ်းပြည်နယ် မြောက်ပိုင်း လောက်ကိုင်မြို့ပြည်သူ့ခန်းမဆောင်၌ ကျင်းပရာ ရှမ်းပြည်နယ်မြောက်ပိုင်း ၂၁ မြို့နယ် ဘုန်းတော်ကြီးကျောင်းတိုက်တို့မှ ထေရ်ကြီး၊ ဝါကြီး ဆရာတော် သံဃာတော် အပါး ၁၅၀၀ ကြွရောက်တော်မူကြသည်။

''အခုလို အကျွတ်အလွတ် ဆုတောင်းပွဲနှင့် ဆွမ်းကြီးလောင်းလှူပွဲကို လင်းဂျူး တောင် ဗုဒ္ဓသာသနာပြုအဖွဲ့နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်း (ငြိမ်း)တို့က ကမကထ ဦးဆောင်ဦးရွက်ပြုပြီး ဆောင်ရွက် လှူဒါန်းတာဖြစ်ပါတယ်။ ဒါ့အပြင် ဓမ္မဝံသ ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တကုသလ၊ အရှင်စင်တောက် (အဂ္ဂ မဟာ သဒ္ဓမ္မဇောတိက ဓဇမဟာကမ္မဋ္ဌာနာစရိယ)၊ ဟောင်ကောင်ရှီယစ် ကော်ပိုရေးရှင်းမှ ရန်ကြိမ်ရှင်းနှင့် သာသနာပြုအဖွဲ့မှ စေတနာရှင်များက ပါဝင် လှူဒါန်းခြင်းဖြစ်ပါတယ်''ဟု လောက်ကိုင်ဒေသသို့ ကြွရောက်တော်မူခဲ့သော သီပေါမြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကောသလအရှင်သူမြတ်က မိန့်ကြားသည်။ **စိုင်း(သီပေါ)**



## လှပသောအရှေ့မြောက်ပိုင်းဒေသ၏ အနုပညာလက်ရာမွန်များ ပြပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့ပူးပေါင်းစီစဉ်ကျင်းပသည့် လှပသော အရှေ့မြောက်ပိုင်းဒေသ၏ အနုပညာလက်ရာမွန်များပြပွဲ (Beautiful Handicrafts of Tohoku, Japan) ကို နိုဝင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၁၂ ရက် အထိ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒိုရှိဂျပန်ယဉ်ကျေးမှုဌာန (Japan Culture House) ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဂျပန်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြပွဲတွင် ကြွေထည်၊ ယွန်းထည်၊ ဆေးဆိုးနှင့် လက်ရက်ထည်များ၊ပန်းပဲလက်ရာများ၊ သစ်နှင့်ဝါးထည် လက်ရာများ၊ အရုပ်များစသည့် အပိုင်းခြောက်ပိုင်းကို အပတ်စဉ်အလိုက် ခွဲခြားပြသသွားမည်ဖြစ်ကာ လက်ရာပေါင်း ၇၀ ကျော်ကို မည်သူမဆိုအခမဲ့ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

ပြပွဲဖွင့်လှစ်ချိန်များမှာ တနင်္လာ၊ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီခွဲ အထိဖြစ်ပြီး စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅နာရီခွဲ အထိဖွင့်လှစ်ထားကြောင်း သိရသည်။

အင်္ဂါနေ့နှင့် အများပြည်သူရုံးပိတ်ရက်များဖြစ်သည့် နိုဝင်ဘာ ၁၄ နှင့် ၂၄ ရက်တို့တွင် ပြသခြင်းမရှိကြောင်း သိရသည်။

အဆိုပါပြပွဲသည် ကမ္ဘာ့ဒေသအသီးသီးတွင် လှည့်လည်ပြသနေသောပြပွဲဖြစ်ကာ ပြပွဲမှတစ်ဆင့် အရှေ့မြောက်ပိုင်းဒေသတွင် ရှင်သန်ဖွံ့ဖြိုးခဲ့သော ဂျပန်ပြည်၏ ရှေးရိုးရာ ကျွမ်းကျင်အတတ်ပညာရပ်များ၏ မြင့်မားမှု၊ ယနေ့ခေတ်အထိ နေထိုင်ရှင်သန်မှုဘဝများတွင် အသုံးပြုလျက်ရှိသောအသုံးအဆောင်ပစ္စည်းများ၊ အရှေ့မြောက်ဒေသ၏ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်၊ နေ့စဉ်နေထိုင်မှု ဘဝများထဲမှ ပေါက်ဖွားလာသောအသိပညာများနှင့် လက်မှုပစ္စည်းတို့ကိုတွေ့မြင်ခံစားရမည်ဖြစ်သည်။ **မွန်းဦးနဒီ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၈-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၁ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၇ ・ ၈၉ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၄၇၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၁၃၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ *ရှေ့ဖုံးမှ*

ဟိုချီမင်းနေအိမ်ကို ၁၉၅၈ ခုနှစ်က ဗီယက်နမ်တပ်မတော်အင်ဂျင်နီယာများက ပုံစံရေးဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဟိုချီမင်းအနေဖြင့် အဆိုပါနေအိမ်၌ စာပေလေ့လာမှုနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။


ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် One Pillar Pagoda သို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုကြသည်။

One Pillar Pagoda သည် ကျောက်သားတိုင်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ၁၀၂၈ မှ ၁၀၅၄ ခုနှစ်အထိ အုပ်ချုပ်ခဲ့သည့် ဘုရင်လီထိုင်တုံးက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၄ ခုနှစ်က ဖျက်ဆီးခံခဲ့ရသဖြင့် ပြန်လည်ပြုပြင်ခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် မြန်မာသံရုံးသို့ ရောက်ရှိပြီး သံရုံးမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဗီယက်နမ်ရှေးဟောင်းတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။





**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဦးဆောင်သည့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ နှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ၁၉၆၅ ခုနှစ်က တည်ဆောက်ခဲ့သည့် ဗီယက်နမ်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ဗီယက်နမ်လူမျိုးများ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စစ်ပွဲအတွင်း အသုံးပြုခဲ့သည့် လက်နက်မျိုးစုံကို လေ့လာကြည့်ရှုကြပြီး ဗီယက်နမ်-ပြင်သစ် သမိုင်းဝင် ဒိန်ဖန်ဖူးတိုက်ပွဲ ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဟန်ွိုင်းမြို့မှ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၅ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## ဟိုချီမင်းနေအိမ်၌ လေ့လာ

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဟန်ွိုင်းမြို့ရှိ ဗီယက်နမ်အမျိုးသားခေါင်းဆောင် ဟိုချီမင်းနေအိမ်၌ ဟိုချီမင်း အသုံးပြုခဲ့သည့် စာကြည့်ခန်း၊ အိပ်ခန်းနှင့် အသုံးအဆောင်များကို ကြည့်ရှုလေ့လာစဉ်**

## ဗီယက်နမ် စစ်သမိုင်းပြတိုက် လေ့လာ

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဗီယက်နမ် စစ်သမိုင်းပြတိုက်၌ ဗီယက်နမ်လူမျိုးများ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည့် သမိုင်းဝင်ပုံနှင့် လက်နက်မျိုးစုံကို ကြည့်ရှုလေ့လာစဉ်**



# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းဆောင်ရွက်ချက်များတွင် အောင်မြင်မှုများရရှိနေမှုအပေါ် ချီးကျူးဂုဏ်ပြု

နေပြည်တော်  အောက်တိုဘာ  ၂၈

**ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးသည်  အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။**

တရားဝင်ချစ်ကြည်ရေးခရီးစဉ်မတိုင်မီ နိုင်ငံတော်သမ္မတသည် အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်(မဲခေါင်ဒေသ)နှင့် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါခဲ့သည်။

## ချီးကျူးဂုဏ်ပြု

နိုင်ငံတော်သမ္မတအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းမှ အောက်တိုဘာ ၂၆ ရက်တွင် သမ္မတအိမ်တော်၌ နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ကြိုဆိုခဲ့ပြီး သမ္မတအိမ်တော်၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းမှ နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့မှုအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ အမျိုးသားရင်ကြားစေ့ရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ပြည်ပဆက်ဆံရေးတိုးချဲ့မှုများနှင့်(၃၇)ကြိမ်မြောက် အာဆီယံ ပါလီမန်များညီလာခံအား အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့မှုများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် (၂၁) ရာစုပင်လုံညီလာခံအား အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း အပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းဆောင်ရွက်ချက်များတွင် အောင်မြင်မှုများရရှိနေမှုအပေါ် ချီးကျူးဂုဏ်ပြုစကား ပြောကြားခဲ့သည်။

## အောင်မြင်မှုများရရှိနေ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ဗီယက်နမ်နိုင်ငံအနေဖြင့် ဒွိုင်မွိုင်းမူပါ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအား နှစ်ပေါင်း (၃၀) ကျော် အကောင်အထည်ဖော်ခဲ့ပြီးနောက် အောင်မြင်မှုများရရှိနေမှုနှင့် အထူးသဖြင့် လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေး ကြိုးပမ်းဆောင်ရွက်ချက်များတွင် အောင်မြင်မှုများရရှိနေသည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်သွယ်ရေး စတင်ထူထောင်ခဲ့သည့် အချိန်မှစ၍ နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေခဲ့သည့် ရလဒ်များအပေါ် အသိအမှတ်ပြုပြောကြားခဲ့ပြီး နှစ်နိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ကဏ္ဍရပ်များ အထူးသဖြင့် ဦးစားပေးကဏ္ဍ (၁၂)ရပ်တွင် တိုးတက်မှုများရရှိနေမှုအပေါ် ဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ နှစ်နိုင်ငံ ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှု ယန္တရားများနှင့် အထူးသဖြင့် (၉)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးအား လာမည့်နှစ်တွင် ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရေးနှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဆင့် ဦးဆောင်၍ ကျင်းပပြုလုပ်လျက်ရှိသည့် (၇)ကြိမ်မြောက် မူဝါဒရေးရာဆွေးနွေးပွဲအား ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

## နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေးဆွေးနွေး

အလားတူ နှစ်နိုင်ငံဆိုင်ရာ အကျိုးစီးပွားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် သင့်လျော်ကောင်းမွန်သည့် အခြေအနေများ ဖန်တီးပေးနိုင်ရေးအတွက် အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်နှင့် ဘဏ္ဍာရေးဆိုင်ရာသဘောတူညီချက်တို့အား ဆောလျင်စွာလက်မှတ်ရေးထိုးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား ပြောင်းလဲနေသော ခေတ်စနစ်အခြေအနေများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြောင်းလဲမှုများ ပြုလုပ်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် (၅)ကြိမ်မြောက် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပ၍ နှစ်နိုင်ငံပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ ဆောလျင်စွာလက်မှတ်ရေးထိုးရေးကိစ္စတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

## ပူးတွဲကြေညာချက်ထုတ်ပြန်

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေး အေးချမ်းရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ပြီး နှစ်နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် ကတိကဝတ်များကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။ နိုင်ငံတော်သမ္မတက ဗီယက်နမ်နိုင်ငံသမ္မတအား နှစ်ဖက်အဆင်ပြေသည့်နေ့ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ရာ ဖိတ်ကြားမှုကို ဗီယက်နမ်သမ္မတမှ လက်ခံခဲ့သည်။ နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် အောက်တိုဘာ ၂၆ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းနှင့်ဇနီးတို့မှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင် ဖုချောင့်တို့အား သီးခြားစီတွေ့ဆုံခဲ့ပြီး ယင်းနေ့တွင် ဗီယက်နမ် သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်ပန်းခွေချ ဂါရဝပြုခဲ့သည်။ ထို့အပြင် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံခဲ့ပြီး ဟန္နိုင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးရှိ ဝန်ထမ်းနှင့်မိသားစုများအား တွေ့ဆုံခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**



## ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော်  အောက်တိုဘာ  ၂၈**

ကိုရီးယားသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတ H.E. Park Geun-hye က ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကိုရီးယားသမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရနှင့် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် Samsung Innovation Museum သို့ ရောက်ရှိရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် မွန်းလွဲ ၃ နာရီခွဲတွင် စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်လျက်ရှိသော Gang Nam Resource Recovery Facility သို့ သွားရောက်လေ့လာကြသည်။

**(သတင်းစဉ်)**

## မဟာဝိဇယစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၂၈**

မဟာဝိဇယစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါစေတီတော် ဝတ္တကနယ်မြေရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ကျင်းပရာ အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မဟာဝိဇယစေတီတော်၏ လုံခြုံရေး၊ စေတီတော်ဂေါပကအဖွဲ့ကို မျိုးဆက်သစ်များနှင့် အင်အားဖြည့်ဖွဲ့စည်းရေး၊ စေတီတော်ဝတ္တကနယ်မြေအတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများသည် သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့၏ ကြီးကြပ်မှုအောက်၌သာရှိစေရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂေါပကအဖွဲ့နှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာဝိဇယစေတီတော်နှင့် စေတီတော် ဝတ္တကနယ်မြေအတွင်းရှိ ဓမ္မရက္ခိတဓမ္မာရုံနှင့် ပို့ဆောင်ရေးဓမ္မာရုံ တို့ကို လှည့်လည်ကြည့်ရှုသည်။

မဟာဝိဇယစေတီတော် ဝတ္တကနယ်မြေအတွင်းရှိ ဓမ္မရက္ခိတဓမ္မာရုံနှင့် ပို့ဆောင်ရေးဓမ္မာရုံများ၌ ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ ရဟန်းခံ၊ ရှင်ပြု၊ အလှူမင်္ဂလာ၊ မင်္ဂလာဦးဆွမ်းကျွေး၊ မွေးနေ့အလှူအခမ်းအနားများ၊ အသင်းအဖွဲ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သော အခမ်းအနားများ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများ၊ ထေရဝါဒနှင့် စပ်လျဉ်းသည့် ဟောပြောပွဲများ၊ တရားပွဲများ၊ ဆရာတော်ကြီးများ၏ တရားပွဲများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ (ကျောင်းသား ကျောင်းသူအဆင့်)၊ ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းများ(ဆရာ ဆရာမအဆင့်)၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့်သင်တန်းများ၊ ပြပွဲများနှင့် ဟောပြောပွဲများ၊ သာသနာရေးဆိုင်ရာ စာမေးပွဲများ၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ နိကာယ်၊ ပထမပြန်(ငယ်၊ လတ်၊ ကြီး) ဆိုင်ရာစာမေးပွဲများ၊ ဘာသာရေး၊ သာသနာရေးဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော အခြားအခမ်းအနားများနှင့် ဓမ္မစာပေ ဟောပြောပွဲများကို ကျင်းပနိုင်ကြောင်းနှင့် အဆိုပါဓမ္မာရုံများ၌ကျင်းပသည့် အခမ်းအနားများမှရရှိသော အလှူငွေများကို မဟာဝိဇယစေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၂၈**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၄ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြထားသော ပညာရေး၊ မြေယာ၊ လျှပ်စစ်၊ Water Taxi ပြေးဆွဲမည့်ကိစ္စများအပါအဝင် မေးခွန်း ၁၀ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသက်ထွန်းဝင်း၏ လွှတ်တော်သို့တင်သွင်း သည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးက ဆွေးနွေးကြပြီး တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အဆိုရှင်တို့၏သဘောထားများပြောကြားကြကာ လွှတ်တော်က အဆိုကိုအတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ ထူထပ်နေသည်။

**(မိုး/ဇလ)**

❖ *ရှေ့ဖုံးမှ*

အေးချမ်းမည်ဖြစ်ပါကြောင်း၊ အေးချမ်းမှုရှိမှ ချမ်းသာအောင် လုပ်နိုင်မည်ဆိုသည့် စကားလည်းရှိပါကြောင်း၊ ထို့ကြောင့် UPDJC ၏ အဓိကတာဝန်မှာ ပဋိပက္ခများငြိမ်းချမ်းပြီးချမ်းသာသည့် ပြည်ထောင်စုကြီးတည်ထောင်နိုင်ရန်ပင်ဖြစ်ပါကြောင်း၊ ပဋိပက္ခများချုပ်ငြိမ်းရေးသည် လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးနှင့် သက်ဆိုင်ပါကြောင်း။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ပထမနေ့ ကျင်းပစဉ် (သတင်းစဉ်)

**အားလုံးကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်များပါဝင်နိုင်ရေး**

ငြိမ်းချမ်းရေးတည်ဆောက်မည် ဆိုပါက တစ်ယောက်နှင့်တစ်ယောက် သဘောထားချင်း ဖလှယ်ရမည်၊ အပြန်အလှန် စကားပြောရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆွေးနွေးတိုင်ပင်ပြီးမှ အဖြေတစ်ခုရမည်ဖြစ်ပါကြောင်း၊ ထိုအချိန်မှ သဘောတူညီချက်များကို အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားရန်သည် အင်မတန် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းများစွာ ရှိသည့်အတွက် အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် အားလုံးပါဝင်နိုင်ရန် ဦးတည်ပါကြောင်း၊ အားလုံးပါဝင်နိုင်ခြင်းဆိုသည်မှာ အားလုံးကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်များပါဝင်နိုင်ရေးကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ဆွေးနွေးပွဲများနှင့် ပတ်သက်၍ စမ်းသပ်ကာလရောက်ပြီဟု ထင်မြင်ယူဆမိပါကြောင်း၊ တစ်ချိန်တည်းတွင် တစ်တိုင်းပြည်လုံး၌ အားလုံးကို လုပ်ရန်သည် မဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ပထမဦးစွာ ဒေသကိုအခြေခံခြင်း၊ အမျိုးသားရေးကို အခြေခံခြင်း၊ လူမျိုးရေးရာကိုအခြေခံခြင်း စသည့် အမျိုးသားအဆင့် ဆွေးနွေးပွဲ သုံးမျိုးကို နိုဝင်ဘာလတွင် ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း၊ အဆိုပါ ဆွေးနွေးပွဲများမှ ရလဒ်များကိုကြည့်၍ ပိုမိုပီပြင်အောင် မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း။



**ပဒို စောကွယ်ထူးဝင်း (ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ )**

**တစ်ဦးချင်းစီ၌ တာဝန်ရှိ**

ထို့ပြင် မိမိတို့အဖွဲ့များ အကြားရင်းနှီးမှုရှိစေရန်၊ နီးစပ်မှုရှိစေရန် တစ်ဦးနှင့်တစ်ဦး နားလည်မှုယူနိုင်စေရန် အားလုံးကဝိုင်း၍ ကူညီပေးကြရန် မေတ္တာရပ်ခံ လိုပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံးတစ်စုတစ်စည်းတည်း ပါဝင်လာအောင်ဆောင်ရွက်ရန် မိမိတို့ တစ်ဦးချင်း တစ်ဦးချင်းတွင် တာဝန်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်ပါက ယခုအစည်းအဝေးတွင် ထိုင်နေကြသည့် ပုဂ္ဂိုလ်များသာမက ယခုအစည်းအဝေးသို့ မတက်ရောက်သော်လည်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေသည့် အစုအဖွဲ့များ၊ ပုဂ္ဂိုလ်များနှင့် ဆက်နွှယ်သည့်သူများအားလုံးသည် တစ်ဦးချင်း တစ်ဦးချင်းစီ၌ တာဝန်ရှိသည်ဟု ခံယူစေလိုပါကြောင်း။

ထို့ကြောင့် အပစ်အခတ်ရပ်စဲရေး စာချုပ်တွင် လက်မှတ်မထိုးရသေးသည့် အစုအဖွဲ့များ တာဝန်ယူလာနိုင်စေရန် မည်သို့ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်းများကိုလည်း မိမိတို့ရှာဖွေရမည်ဖြစ်ပါကြောင်း။

**အချိန်ဆွဲနိုင်သည့် အခြေအနေမရှိ**

ငြိမ်းချမ်းရေးရရန် ပဋိပက္ခများချုပ်ငြိမ်းရေး နည်းလမ်းတစ်မျိုးတည်းသာရှိပါကြောင်း၊ ထို့ကြောင့် ပဋိပက္ခရပ်စဲရေးကို အားလုံးက ဦးတည်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့တွင် အချိန်ဆွဲနိုင်သည့် အခြေအနေမရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် အချိန်ဆွဲ၍မရပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံ ပြင်ပတွင်နေ၍ အချိန်မဆွဲကြရန်နှင့် အားလုံးပါဝင်ကြရန် လိုအပ်ပါကြောင်း၊ အချိန်ဆိုသည်မှာ အကန့်အသတ်ရှိပါကြောင်း၊ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဟူသည့် စကားပုံကို အားလုံးကြားဖူးကြလိမ့်မည် ဖြစ်ပါကြောင်း၊ မိမိတို့သည် အချိန်ကို မှန်မှန်ကန်ကန်သုံးစွဲရန် လိုအပ်ပါကြောင်း။



**ဦးသုဝေ (ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ)**

ဒုတိယ ပင်လုံအစည်းအဝေးကို ဖေဖော်ဝါရီလတွင်ကျင်းပရန် မျှော်မှန်းထားပါကြောင်း၊ အားလုံးသည် အပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးညီလာခံ၌ အပြည့်အဝပါဝင်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အဆိုပါမျှော်လင့်ချက်ကိုလည်း အကောင်အထည်ဖော်နိုင်ရန် မိမိတို့ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် မိမိအနေဖြင့် မေတ္တာရပ်ခံပါကြောင်း။

**ပံ့ပိုးရန်အဆင်သင့်ရှိ**

မိမိတို့နိုင်ငံ၏ တိုးတက်မှုသည် ကမ္ဘာ၏တိုးတက်မှု၊ အောင်မြင်မှုဟု ရှုမြင်နေကြသည့် မိတ်ဆွေများ၊ ပညာရှင်များသည် NRPC ၏ ငြိမ်းချမ်းရေးလုပ်ငန်းများကို ပံ့ပိုးရန်အဆင်သင့်ရှိပါကြောင်း၊ မိမိတို့အားလုံး ဝိုင်းဝန်းလက်တွဲ၍ ဖန်တီးကြရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆင်သင့်ဖြစ်နေသည့် အခြေအနေမှ တစ်ဆင့်တိုးပြီး အားလုံးက တက်တက်ကြွကြွပါဝင်နိုင်သည့် အဆင့်သို့ သွားရန်အတွက် မိမိတို့ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အားလုံးကလည်း ဝိုင်းဝန်းကူညီကြပါရန် မိမိအနေဖြင့် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

**ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရန်**

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံတော်အတွက် အကျိုးမရှိသည့်အပြင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများအတွက် ဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ထို လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူအားလုံးက တတ်နိုင်သည့်ဘက်မှ မိမိတို့တတ်နိုင်သည့်တာဝန်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးကိုအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခေါင်းဆောင်များသည် အချိန်မဆွဲဘဲအမြော်အမြင်ရှိရှိ၊ ဇွဲသတ္တိရှိရှိ ဆောင်ရွက်ရန် လိုအပ်သည့်အပြင် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရန်လည်း အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက အစိုးရအဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများမှ သင်ခန်းစာယူရမည့် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးအတည်ပြု**

ယနေ့ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးပထမနေ့တွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်မှု ဆောင်ရွက်ချက်များအား UPDJC အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းတင်ပြခြင်း၊ နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်ပုံစံကို ဆွေးနွေးအတည်ပြုခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေ) လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးအတည်ပြုခြင်း၊ UPDJC ရုံးအဖွဲ့ဖွဲ့စည်းပုံဆိုင်ရာ မူဝါဒအား အတည်ပြုခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်ခေါင်းစဉ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

# မူပိုင်ခွင့်ချိုးဖောက်မှုများအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံအနုပညာဆိုင်ရာ မူပိုင်ခွင့်ချိုးဖောက်ခံရမှု ကာကွယ်တားဆီးရေး ပူးပေါင်းကော်မတီ Myanmar Anti-Piracy & Content Protection Joint Committee (MACPJC) အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အနုပညာဆိုင်ရာမူပိုင်ခွင့် ချိုးဖောက်ခံရမှု ကာကွယ်တားဆီးရေးအတွက် ကော်မတီ၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ ကော်မတီ၏ဖွဲ့စည်းပုံ၊ မူပိုင်ခွင့်ချိုးဖောက်မှုများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများ၊ MACPJC မှ ကော်မတီဦးဆောင်အဖွဲ့ဝင် ဦးလူမင်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)၊ ဦးသိန်းရွှေ (ဥက္ကဋ္ဌ၊ ဗဟိုအခြေခံအဖွဲ့-ဗဟို)၊ ဦးမျိုးဆွေ(ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး-ဗဟို)၊ မြန်မာပြည်ကျောက်စိမ်း (တွဲဖက်အတွင်းရေးမှူး-၁၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး)၊ ဦးမင်းချစ်သူ (အမှုဆောင်-မြန်မာနိုင်ငံတေးသီချင်းမူပိုင်ရှင်များအသင်း)နှင့် ဒေါ်ကြည်ဖြူသျှင်(အဖွဲ့ဝင်-ဒါရိုက်တာအခြေခံလွှာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး)တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၀-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ ပါ ကွန်တိန်နာယာဉ်များ ရန်ကုန်မြို့၌ ညအချိန်သာဝင်ရောက်ခွင့်ပြုမည် သတင်းကော်လံ ၁ အပိုဒ် ၃ ၌ **ကွန်တိန်နာယာဉ်များကို ည ၉ နာရီမှ နံနက် ၆ နာရီအတွင်း ရန်ကုန်မြို့တွင်းသို့ ပေးဝင်မည်မဟုတ်ကြောင်း** (အစား) **ကွန်တိန်နာယာဉ်များကို ည ၉ နာရီ မှ နံနက် ၆ နာရီအတွင်းသာ ရန်ကုန်မြို့တွင်းသို့ ပေးဝင်မည်ဖြစ်ကြောင်း** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **စာရေးသူ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတာ အပြုလား၊ အပျက်လား

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး**

**ယခုတလောတွင် ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုလာကြသော စကားတစ်ရပ်ကို ကြားနေရပါသည်။ ယင်းမှာ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးသင့်ကြောင်း ပြောဆိုလာကြခြင်းဖြစ်ပါသည်။ သာမန်အားဖြင့်ကြည့်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းသင့်ကြောင်းကို (အခြေခံ ဥပဒေပုဒ်မ ၃၉၇ တွင် ပြည်ထောင်စုလွှတ်တော်သည် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သောဥပဒေများ ပြဋ္ဌာန်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ)သိရှိရပါသည်။**

ခက်သည်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ခ)ပါ "သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်" ပြဋ္ဌာန်းချက်ပါ တစ်ရာခိုင်နှုန်းသည် မလိုလားအပ်သော ပြဿနာများကို ဖြစ်ပေါ်လာစေနိုင်ခြင်းပင် ဖြစ်ပါသည်။

**တစ်ရာခိုင်နှုန်း၏ဇာစ်မြစ်**

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ကမ္ဘာ့နိုင်ငံအချို့တွင်သာ ပြဋ္ဌာန်းကျင့်သုံးခဲ့ပြီး သတ်မှတ်ရာခိုင်နှုန်းမှာ ၁၀ ရာခိုင်နှုန်း၏ အထက်တွင်သာ တည်ရှိပါသည်။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သော ဥပဒေပေါင်း ၁၅၉၅ ခုတွင် ယင်းဥပဒေပါဝင်ခြင်း မရှိခဲ့သလို အခြေခံဥပဒေပါ တစ်ရာခိုင်နှုန်းဟူသော ဇာစ်မြစ်သည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်ကို အမျိုးသားညီလာခံက တိုက်ရိုက်ကူးယူထားခြင်းဖြစ်ရာ ထိုစဉ်က တစ်ပါတီစနစ်ဖြင့် ကျင့်သုံးအုပ်ချုပ်ခဲ့သည်ကို သတိမူရမည်ဖြစ်ပါသည်။ ယခုပါတီစုံဒီမိုကရေစီစနစ်တွင် တစ်ရာခိုင်နှုန်းသည် လွန်စွာနည်းပါးနေသည်ဖြစ်ရာ ပါတီတိုင်း လွှတ်တော်ကိုယ်စားလှယ်လောင်းတိုင်း စည်းရုံးနိုင်စွမ်းရှိကြပြီး မြို့တိုင်းနယ်တိုင်းတွင် တိုင်ကြားမှုများ ပေါ်ပေါက်လာနိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။

ယင်းအချက်ကို စာရေးသူက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မြို့တိုင်းနယ်တိုင်း မတည်မငြိမ် ဖြစ်လာနိုင်ကြောင်း၊ အချိန်ကာလအရ ပြဋ္ဌာန်းရန် မသင့်သေးကြောင်း သဘောထားပေးလိုသော်လည်း ပြည်ထောင်စုလွှတ်တော်ကြီးတစ်ရပ်လုံး၏ ဆုံးဖြတ်ချက်အပေါ်တွင်မူ လွှမ်းမိုးနိုင်ခွင့်မရှိပါကြောင်း ဝန်ခံရမည်ဖြစ်ပါသည်။

**သဘောကွဲလွဲချက် ၇ ချက်**

အဘယ့်ကြောင့်ဆိုသော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေကြမ်းကို တာဝန်သိသိ တင်သွင်းလာသလို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကလည်း ဥပဒေကြမ်းကို ဆွေးနွေးခဲ့ကြရာ လွှတ်တော်အပိုင်းက သက်ဆိုင်ရာ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများအရ အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောကွဲလွဲချက် ၇ ချက်ကြောင့် ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ရယူခဲ့ရာ တာဝန်ရှိသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီက ၁၆ - ၇ - ၂၀၁၅ ရက်နေ့တွင် အစီရင်ခံစာတင်သွင်းရာ၌ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်နိုင်သည့်အချက်များနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်သည့်အချက်များကို တင်ပြသွားခဲ့သည်ကို မှတ်မှတ်ရရသတိပြုခဲ့မိပါသည်။

ယင်းတင်ပြချက်အရပင် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၁၈ - ၈ - ၂၀၁၅ ရက်နေ့တွင် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီ ၁၉ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးတို့ကိုဖိတ်ကြားပြီး သဘောထားရယူခဲ့ရာ နိုင်ငံရေးပါတီ ၆ ပါတီက လွှတ်တော်နှစ်ရပ်၏ သဘောကွဲလွဲချက်များကို အဆုံးအဖြတ်ရယူ၍ အလျင်အမြန် ဆောင်ရွက်သင့်ကြောင်း တင်ပြခဲ့ပါသည်။

**အချိန်ကာလအရ မသင့်သေး**

ကျန်ရှိသည့် ပါတီ ၁၃ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့က "တိုင်တန်းချက်ကို တင်ပြခွင့်ရှိသည့် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒနယ်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းသတ်မှတ်ချက်သည် လွန်စွာနည်းပါးခြင်း၊ နိုင်ငံရေး အကျပ်အတည်းပေါ်ပေါက်ရန် ဖန်တီးသကဲ့သို့ ဖြစ်နိုင်ခြင်း၊ ဥပဒေပြုလွှတ်တော်ကို မတည်မငြိမ်ဖြစ်ရန် ဆောင်ရွက်သကဲ့သို့ဖြစ်နေခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်နိုင်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ခြင်း၊ ပြည်သူ့ဆန္ဒခံယူပွဲများ မကြာခဏကျင်းပရခြင်းကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေ အကုန်အကျများနိုင်ခြင်းတို့ကြောင့် ပြဋ္ဌာန်းရန် အချိန်ကာလအရ မသင့်သေးကြောင်း သဘောထားမှတ်ချက်ပေးကြပါသည်။

ထို့ကြောင့်ပင်လျှင် ပထမအကြိမ်၊ ပြည်ထောင်စုလွှတ်တော် ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေး၏ ၇၈ ရက်မြောက်နေ့ဖြစ်သော ၂၀-၈- ၂၀၁၅ ရက် ကြာသပတေးနေ့ အစည်းအဝေးအစီအစဉ် ၇ အရ လွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူခဲ့ရာ ထောက်ခံမဲ ၂၆၄ မဲ၊ ကန့်ကွက်မဲ ၂၃၅ မဲ၊ ကြားနေမဲ ၁၂ မဲအရ ပြည်ထောင်စုလွှတ်တော်က ဆက်လက်ဆောင်ရွက်ရန်မသင့်ကြောင်း ဆုံးဖြတ်ခဲ့သည်ကို လွှတ်တော်မှတ်တမ်းစာအုပ်များတွင် တိတိကျကျ ဖော်ပြပေးထားပါသည်။

**ပြဋ္ဌာန်းထားပြီး**

ထို့ကြောင့်လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးခဲ့ပါသည်။ လွှတ်တော်ဥပဒေပြုရေးလုပ်ငန်းအဆင့်ဆင့်ဖြစ်သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့ခြင်းသာလျှင်ဖြစ်ပြီး ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းအဆင့်ဆင့်ကိုလည်း ပြဋ္ဌာန်းထားပြီးပါသည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မိမိအမြင်ကို တင်ပြရလျှင်လည်း ပြည်သူ့လိုအပ်ချက်၊ နိုင်ငံတော်၏ လိုအပ်ချက်နှင့် ကိုက်ညီပါသလားဆိုသည်ကို သံသယဖြစ်မိပါသည်။ တစ်ရာခိုင်နှုန်းဖြင့် တိုင်ကြားခွင့်ပြုမည်ဆိုပါက ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအရ မြို့နယ်တိုင်းလိုလိုတွင် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းကိစ္စများ ဖြစ်ပေါ်လာနိုင်ပါသည်။ အလုပ်ရှုပ်မည်၊ မလိုလားအပ်သော ပြဿနာတွေဖြစ်လာနိုင်သည်၊ တည်ငြိမ်အေးချမ်းမှုကို ထိပါးလာနိုင်သည်၊ ငွေကုန်များမည်၊ တစ်ဦးနှင့်တစ်ဦးအမုန်းပွားကြမည်၊ ကောင်းကျိုးထက် ဆိုးကျိုးကများမည်ကို တွက်ဆကြည့်နိုင်ပါသည်။

**ကောင်းကျိုးထက်ဆိုးကျိုးကို ဦးတည်စေ**

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်းတွင်လည်း ယင်းဥပဒေကို အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပြီးဖြစ်ပါသည်။ ဆွေးနွေးစဉ်ကာလက အာဏာရပါတီနှင့်အတိုက်အခံပါတီတို့ပါဝင်ခဲ့သလို ယခုအကြိမ်တွင် ပြောင်းပြန်ဖြစ်သွားသော ရွေးကောက်ပွဲရလဒ်အရ အတိုက်အခံတို့ပါဝင်ခဲ့ပြန်ပါသည်။ ပြည်ထောင်စုလွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်စဉ်ကလည်း အာဏာရပါတီဝင်များ၏ ရွေးချယ်ဆုံးဖြတ်ခဲ့မှုကိုလည်း မမေ့ကောင်းသော အရာတစ်ခုအဖြစ် ရှိနေပါသည်။ ကြောင်းကျိုးဆီလျော်၍ ကောင်းကျိုးထက်ဆိုးကျိုးကို ဦးတည်စေနိုင်သော ဖြစ်ရပ်များကို မဖြစ်ပွားစေလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်၏မျက်နှာ၊ ပြည်သူ့မျက်နှာကိုကြည့်ပြီး ဆုံးဖြတ်ခဲ့မှုအဖြစ် သမိုင်းမှတ်တမ်းဝင်နေပါသည်။ ဤဥပဒေပြဋ္ဌာန်းရေး ဇွတ်အတင်းကြိုးပမ်းနေသူများသည် အကျိုးလို၍ ညောင်ရေလောင်းချင်တာလား၊ ပြည်သူ့အသံလွှတ်တော်အသံဖြစ်သော လွှတ်တော်၏ဆုံးဖြတ်ချက်သည် ဥပဒေကြောင်းအရ ခိုင်မာနေပြီးဖြစ်ပါသည်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က အဆုံးစွန်ထိလုပ်၍ရသမျှကို အကောင်းဆုံး ဆောင်ကြဉ်းခဲ့ပြီးဖြစ်ပါသည်။

**ထိန်းကျောင်းထားပြီးဖြစ်**

Right to Recall ဟု ခေါ်ဆိုကြသည့်လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေသည် ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးသော်လည်း ပြည်သူ့ဆန္ဒမဲဖြင့် ရွေးချယ်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များအတွက် တည်ဆဲဥပဒေများက ဥပဒေနှင့်အညီ ထိန်းကျောင်းထားပြီးဖြစ်ပါသည်။ အချို့ ချိုးဖောက်သူများ (ရှိပါကလည်း) ကိုလည်း တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားရမည်သာဖြစ်ပါသည်။

ယင်းဥပဒေ အမြန်ဆုံးပြဋ္ဌာန်းပေးရေး အသံကောင်းဟစ်နေသူများ၊ ကြိုးပမ်းဆောင်ရွက်နေသူများကိုလည်း အပြုလိုတာလား၊ အပျက်လိုတာလား၊ မည်သည့်ရည်ရွယ်ချက်ဖြင့်ပင် ကြိုးပမ်းသည်ဖြစ်စေ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းအရသာ ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် အဖြစ်မှန်ကို သိရှိနိုင်ပါရန် နိုင်ငံတော်နှင့်ပြည်သူ၏ မျက်နှာကြည့်ကာ ဖော်ထုတ်ရေးသားလိုက်ရပါသည်။

**လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ကမ္ဘာ့နိုင်ငံအချို့တွင်သာ ပြဋ္ဌာန်းကျင့်သုံးခဲ့ပြီး သတ်မှတ်ရာခိုင်နှုန်းမှာ ၁၀ ရာခိုင်နှုန်း၏ အထက်တွင်သာ တည်ရှိပါသည်**

# ပြည်သူလူထုအတွင်း ကျန်းမာရေးဆေးဝါးများ ရောင်းချရန် လိုင်စင်လျှောက်ထားသည့် ဆေးဆိုင်အသစ်များအား ကွင်းဆင်းစစ်ဆေး

**မြိတ် အောက်တိုဘာ ၂၈**

ပြည်သူလူထုအတွင်း ကျန်းမာရေးဆေးများရောင်းချရန် လိုင်စင်လျှောက်ထားသည့် ဆေးဆိုင်အသစ် ခုနစ်ဆိုင်အား ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှ အောက်တိုဘာ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများအကြောင်း ပညာပေးခဲ့ကြောင်း သိရသည်။

လိုင်စင်လျှောက်ထားသည့် ဆေးဆိုင်အသစ်များအား လူသုံးဆေးနှင့် တိရစ္ဆာန်သုံးဆေးယှဉ်တွဲမရောင်းချရေး၊ မူးယစ်ထုံထိုင်းစေသော ဆေးဝါးများမရောင်းချရေး၊ သက်တမ်းလွန် ပျက်စီးနေသော ဆေးများမရောင်းချရေး၊ မှတ်ပုံမတင်ထားသည့် ဆေးဝါးများ မရောင်းချရေးစသည့် စည်းမျဉ်းစည်းကမ်းများကို အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှ ပညာပေးပြောကြားခဲ့သည်။

ဆေးဆိုင်အသစ်များအား စစ်ဆေးပညာပေးပြီး လျှောက်လွှာများကို သက်ဆိုင်ရာဌာနများသို့ စစ်ဆေးရေးအဖွဲ့မှ ပေးပို့သွားမည်ဖြစ်ရာ လိုင်စင်များရရှိလာပါက ဆေးဆိုင်ရောင်းချနေမှုအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ မရှိ ထပ်မံစစ်ဆေးသွားမည်ဖြစ်ကြောင်း အစားအသောက်နှင့်



ဆေးဝါးကြီးကြပ်ရေး ကော်မတီမှ သိရသည်။

**ခိုင်ထူး ( ပြန်/ဆက် )**

# ရေတွင်းတူးရာမှ ဓာတ်ငွေ့များထွက်ပေါ်ကာ မီးတောက်မှုဖြစ်ပွား


**ပြည် အောက်တိုဘာ ၂၈**

လယ်ကွင်းအတွင်း ရေတွင်းတူးရာမှ သဘာဝဓာတ်ငွေ့ဟု ယူဆရသောအငွေ့များ ထွက်ပေါ်ပြီး မီးတောက်မှုဖြစ်စဉ်တစ်ခု ပြည်မြို့နယ်၌ အောက်တိုဘာ ၂၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် အနောက်လက်ခုပ်ပင်အုပ်စု ကင်းချောင်းကျေးရွာနေ ဦးဝင်းတင် ပိုင်ဆိုင်သည့် လယ်ကွင်းအတွင်း၌ ဖိုးခေါင်ကျေးရွာနေ အောင်အောင်နှင့် လေးဦးအဖွဲ့သည် အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီမှစတင်၍ လက်နှိပ်ရေတွင်းတူးဖော်လျက်ရှိရာ ညနေ ၅ နာရီ မိနစ်၄၀ ခန့်က မြေအောက် ပေ ၆၀ ခန့်အရောက်တွင် အဆိုပါတွင်းအတွင်းမှ သဘာဝဓာတ်ငွေ့ဟုယူဆရသော အငွေ့များထွက်ပေါ်လာပြီး မီးတောက်လျက်ရှိသဖြင့် ၎င်းတို့က ဆက်လက်တူးဖော်ခြင်းမပြုတော့ဘဲ ရပ်ဆိုင်းထားခဲ့ ကြောင်းနှင့် ည ၈ နာရီတွင် အငွေ့များအနည်းငယ်သာ ထွက်ရှိတော့ကြောင်း သိရသည်။ အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ၎င်းတို့တူးထားသော လက်နှိပ်တွင်းနေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး အငွေ့များမထွက်တော့သဖြင့် အသုံးပြုထားသည့် သံပိုက်များအား ပြန်လည်နုတ်ယူ၍ တွင်းဟောင်း၏ အရှေ့ဘက် ၁၀ ပေခန့်အကွာတွင် တွင်းအသစ်ထပ်မံတူးဖော်လျက်ရှိရာ အဆိုပါနေရာသို့ ယင်းနေ့နံနက် ၁၁ နာရီက မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်နှင့် ခရိုင် NLD အတွင်းရေးမှူး ဦးမြင့်သန်းထွန်းတို့ လာရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် တွင်းအဟောင်းနှင့် တွင်းအသစ်တို့မှ အငွေ့များ ထပ်မံထွက်ပေါ်ခြင်းမရှိတော့ကြောင်း သိရသည်။

**မျိုးကျော်ကြီး (ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်



နေပြည်တော် အောက်တိုဘာ ၂၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် Gen. Fang Fenghui ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ နံနက်ပိုင်းက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Chang Shui အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား တရုတ်ပြည်သူ့တပ်မတော်၊ နိုင်ငံတကာစစ်ဘက် ပူးပေါင်းဆောင်ရွက်ရေးရုံး၏ စစ်ကော်မရှင်နာမင်းကြီး Maj. Gen. Wu Xiao Yu၊ ယူနန်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Maj. Gen. Qu Xin Yong နှင့် တပ်မတော်အရာရှိကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကူမင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်တင့်ဆန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Tibetan Village သို့ ရောက်ရှိပြီး ရွာအတွင်းနှင့် ဘုရားကျောင်းတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ Naxi Village၊ Bai Village၊ Yi Village နှင့် Dai Village တို့ကို လေ့လာကြရာ တာဝန်ရှိသူများက တိုင်းရင်းသားများ၏ ရိုးရာအဆောက်အအုံများ၊ အနုပညာလက်ရာများကို လိုက်လံရှင်းလင်းပြသပြီး ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Xi Shan ဒေသ Guo Lin ရွာရှိ စိုက်ပျိုးရေးခြံကို သွားရောက်လေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒေသစံတော်ချိန် ည ၆ နာရီခွဲတွင် ကူမင်းမြို့ Zhongwei Hotel Ballroom ၌ ယူနန်ပြည်နယ်စစ်ဒေသ နိုင်ငံရေးမှူး Maj. Gen. Yu Kum က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယူနန်ပြည်နယ် ကူမင်းမြို့ Chang Shui အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုကြစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကြစဉ်**

# မိမိတို့၏လုပ်ဆောင်ချက်များကို အများလက်ခံနှစ်သက်သည့် အနေအထားရောက်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

**Community Centre ဖြစ်ရန်အတွက် အနယ်နယ်အရပ်ရပ်ရှိ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGO အဖွဲ့အစည်းအသီးသီးနှင့် ပေါင်းစပ်၍ မိမိတို့နေရာ၌ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများအတွက် နေရာထိုင်ခင်း စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားလိုက်သည်။**

အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိမွမ်းမံသင်တန်း (၁/၂၀၁၆) တွင် တက်ရောက်လျက်ရှိသည့် ခရိုင်ဦးစီးအရာရှိများနှင့် တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရပါကြောင်း၊ အစိုးရ၏ယန္တရားများတွင် နိုင်ငံတော်၏ဘတ်ဂျက်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ သုံးစွဲလည်ပတ်လုပ်ကိုင်ဆောင်ရွက်ရသည့်အတွက် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် ဘဏ္ဍာငွေသုံးစွဲမှုနှင့် လျော်ညီသည့် ဆောင်ရွက်မှုများဖြစ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ အခွန်ဘဏ္ဍာသုံးစွဲခြင်းနှင့် လျော်ညီစွာ ထိုက်တန်သည့်အလုပ်လုပ်ပြနိုင်ရန်လိုအပ်ပါကြောင်း၊ ယနေ့အချိန်တွင် မိမိတို့၏ လုပ်ဆောင်ချက်များကို အများပြည်သူက တိုင်းတာမှတ်ကျောက်တင်နေသည့်အတွက် အများလက်ခံနိုင်သည့်၊ အများနှစ်သက်သည့် အနေအထားရောက်အောင် မိမိတို့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆက်လက်ပြောကြားသည်။



ထို့အပြင် Community Centre သည် မိမိတို့သွားလိုသည့် အနေအထားတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့၏ ဌာနနေရာသည် အများပြည်သူဝင်ထွက်သွားလာသည့်နေရာ၊ အများပြည်သူနှင့်ရင်းနှီးကျွမ်းဝင်သည့်နေရာဖြစ်အောင် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ စာကြည့်တိုက်ကိုလည်း အများသုံးလာအောင်၊ စာကြည့်တိုက်အလုပ် ပိုမိုကောင်းမွန်သွက်လက်လာအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့အပြင် စာကြည့်တိုက်များအား အသက်ဝင်ရှင်သန်နေစေရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကလေးများစိတ်ဝင်စားအောင်၊ ကလေးများ များလာအောင် ကလေးစာကြည့်တိုက်များကိုလည်း ပူးတွဲထားရှိရန်လိုအပ်ပါကြောင်း၊ စာကြည့်တိုက်ကို ကိုယ့်မြို့ကိုယ့်ရွာ၌ရှိသည့် စာပေဝါသနာရှင်များ သုံးစွဲနိုင်ရေးအတွက် နေရာထိုင်ခင်း စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရိုင်ဦးစီးအရာရှိများက မိမိနယ်မြေအလိုက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးပြီး လိုအပ်သည်များ မှာကြားသည်။**(သတင်းစဉ်)**

# ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေ

**ရန်ကုန် အောက်တိုဘာ ၂၈**

ပြည်သူထုထုအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက လှိုင်သာယာ ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံကြီးမှ ဆရာဝန်ကြီးများက လူနာ ၂၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုဖြင့် ဆေးဝါးများ ပေးဝေခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း စိတ်ကျန်းမာရေး ဆေးရုံကြီးနှစ်ရုံမှ စိတ်ပိုင်းဆိုင်ရာလူနာများကို ကုသပေးလျက်ရှိပြီး ရန်ကုန်မြို့တွင် ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကြီးက ကုသပေးလျက်ရှိကာ လူနာများ၏ သတ်မှတ်ရက်တွင် ဆေးဝါးများရရှိစေရန် လှိုင်သာယာနှင့် ကော့မှူးမြို့နယ်တို့၌ နှစ်ပတ်လျှင်တစ်ကြိမ်၊ ကျောက်တန်းတွင် သုံးပတ်တစ်ကြိမ်ဖြင့် စိတ်ကျန်းမာရေးအတွက် ဆေးဝါးများကို အခမဲ့ပေးဝေလျက်ရှိသည်။ ဆေးဝါးများကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ လူနာများလာရောက်ပြသ၍ ရက်ပတ်အတိုင်း ဆေးဝေသည့်အတွက် လူနာများလည်း အဆင်ပြေလျက်ရှိသည်။

“စီမံချက်အတိုင်း အကောင်အထည်ဖော်နေတာ နှစ်နှစ်ရှိပါပြီ။ အထူးသဖြင့် လူနာတွေ ရက်ပတ်အတိုင်း ဆေးယူတဲ့အခါမှာ အခက်အခဲမရှိအောင် အခုလို ပြည်သူကြားကိုဆင်းပြီး ဝန်ဆောင်မှုပေးခဲ့တာ အောင်မြင်နေပါတယ်”ဟု စိတ်ကျန်းမာရေးဆေးရုံကြီးမှ အထူးကုဆရာဝန်ဒေါက်တာ ငြိမ်းနန္ဒာအောင်က ပြောကြားသည်။

လူနာများ ရောဂါမြန်ဆန်စွာပျောက်ကင်းရန် သတ်မှတ်ရက်အတွင်း ပေးဝေထားသောဆေးဝါးများကို မှန်မှန်သောက်သုံးရန်လိုအပ်ပြီး ဝေဒနာခံစားလာရပါက အချိန်မီကုသရန်လည်း လိုအပ်ကြောင်း၊ လူနာများသွားလာမှုအဆင်ပြေခြင်းနှင့် ဆေးဝါးစရိတ်ကုန်ကျမှုမရှိခြင်းသည် လူနာတို့၏ ကုသရေးအပိုင်းကိုလည်း များစွာအထောက်အကူဖြစ်စေပြီး ယနေ့တွင် အနယ်နယ်အရပ်ရပ်မှ လူနာ ၂၀၀ ကျော် လာရောက်ပြသကာ ဆေးဝါးများအခမဲ့ပေးဝေခဲ့၍ ပြည်သူအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# ဇီကာဗိုင်းရပ်စ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

**ရန်ကုန်မြို့၌ အသက် ၃၂ နှစ် အရွယ်ရှိ ဇီကာဗိုင်းရပ်စ် ကူးစက်ခံရဖွယ်ရှိသည်ဟု သံသယရှိသူ နိုင်ငံခြားသူကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးကို တွေ့ရှိခဲ့သဖြင့် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ဇီကာရောဂါဖြစ်ပွားလျက်ရှိကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယမန်နေ့က အတည်ပြုခဲ့သည်။**



အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ဇီကာရောဂါနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွှင်ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်တို့က ဇီကာရောဂါနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ အများပြည်သူသိရှိလိုသည့် သတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်ရန် ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များနှင့် နယ်စပ်ဝင်ထွက်ဂိတ်များ၌ သက်ဆိုင်ရာ နီးနွယ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများစွာ ရရှိခဲ့ပါကြောင်း ပြောကြားသည်။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က ဇီကာရောဂါသည် ဇီကာဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော ရောဂါတစ်မျိုးဖြစ်ပြီး အဆိုပါဗိုင်းရပ်စ်ပိုးကို သယ်ဆောင်သော အေးဒီးစ်အမျိုးအစား ခြင်ကျားကိုက်ခံရခြင်းကြောင့် ရောဂါကူးစက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အေးဒီးစ်ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်ပြီး ၎င်းသည် ရေကြည်ရေသန့်တွင် ပေါက်ပွားကာ သွေးလွန်တုပ်ကွေးနှင့် ဆင်တုပ်ကွေးရောဂါပိုးများကို သယ်ဆောင်ပေးသော ခြင်အမျိုးအစားလည်း ဖြစ်ကြောင်း၊

ဇီကာရောဂါအတွက် ကာကွယ်ဆေးမရှိသေးဘဲ ရောဂါလက္ခဏာများ သက်သာစေရန်အတွက်သာ ကုသပေးနိုင်သေးကြောင်း၊ ရောဂါဖြစ်ပွားလာပါက လူနာအနေဖြင့် ကောင်းစွာအနားယူရန်နှင့် လတ်ဆတ်သော သစ်သီးဖျော်ရည်များနှင့် ရေများသောက်သုံးရန် လိုအပ်ကြောင်း၊ ဇီကာရောဂါသည် ပြင်းထန်သော ရောဂါလက္ခဏာများ ဖြစ်ပွားလေ့မရှိသော်လည်း သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာများနှင့် ဆင်တူသောကြောင့် အထက်ဖော်ပြပါ ရောဂါလက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သွားရောက်ပြသ၍ ကုသမှုခံယူရန် လိုအပ်ပါကြောင်း။

ခြင်ကျားကိုက်ခံရပြီး ရက်အနည်းငယ်အကြာတွင် ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပြီး အများဆုံးတွေ့ရှိရသည့် ရောဂါလက္ခဏာများမှာ ရုတ်တရက်ဖျားခြင်း၊ အရေပြားတွင် အနီရောင်အကွက်၊ အစက်များထွက်ခြင်း၊ မျက်သားနီ၍ ရောင်ရမ်းခြင်း၊ ကြွက်သားနှင့်အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ စသည်တို့ဖြစ်ကာ ရောဂါလက္ခဏာများကို နှစ်ရက်မှ ခုနစ်ရက်အထိ ခံစားရနိုင်ကြောင်း၊ ဇီကာရောဂါနှင့် ရောဂါနောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဦးခေါင်းသေးငယ်သောကလေးငယ်များ မွေးဖွားလာခြင်းတို့ ဆက်စပ်မှု ရှိ မရှိကို သက်သေပြနိုင်ရန် ပညာရှင်များအနေဖြင့် ကြိုးစားလျက်ရှိကြောင်း ပြောကြားသည်။

ပြည်သူလူထု၏ စိုးရိမ်ပူပန်မှု အခြေအနေဖြင့် လက်ရှိလူနာ၏ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများသည် ဝန်ကြီးဌာန၏ ကြပ်မတ်ကွပ်ကဲမှုအောက်တွင် ရှိ မရှိနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွှင်ငြိမ်းက ကမ္ဘာ့နိုင်ငံအသီးသီးက အရေးပေါ်ကျန်းမာရေးပြဿနာအနေဖြင့် ဇီကာရောဂါကို သတ်မှတ်ထားပါကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် ရောဂါဖြစ်ပွားသည်ဆိုပါက ၂၄ နာရီအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရပါကြောင်း၊ ယင်းကိစ္စကိုလည်း မိမိတို့သတင်းပို့ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ သတင်းမီဒီယာများအနေဖြင့် ယခုကိစ္စတစ်ခုတည်းကိုသာ သတင်းထုတ်ပြန်ခြင်းမျိုး ဆောင်ရွက်ပေးရန်မဟုတ်ဘဲ နောက်ဆက်တွဲအနေဖြင့် ပြည်သူလူထုသိရှိစေရန်အတွက် ပညာပေးနှိုးဆော်ချက်များကို ဆောင်ရွက်ပေးစေလိုပါကြောင်း။

ရောဂါဖြစ်ပွား၍ သေဆုံးနှုန်းကို တိုင်းတာ သုံးသပ်ကြည့်မည်ဆိုပါက ကြက်ငှက်တုပ်ကွေးရောဂါသည် လူ ၁၀၀ ဖြစ်ပွားပါက ၆၇ ရာခိုင်နှုန်း သေဆုံးပါကြောင်း၊ ဆားစ်ရောဂါသည် ၁၀ ရာခိုင်နှုန်း သေဆုံးနိုင်ပါကြောင်း၊ အီဘိုလာ ဗိုင်းရပ်စ်ဆိုပါကလည်း ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ လူအသေအပျောက်ရှိနိုင်ပါကြောင်း၊ သို့သော် ဇီကာရောဂါတွင်မူ သေဆုံးမှုနှုန်းသည် မရှိသလောက်သုညရာခိုင်နှုန်း ဖြစ်ပါကြောင်း။

ဇီကာရောဂါဖြစ်ပွားလျှင် ဆေးရုံတက်၍ ကုသရမည်ဟူသည့် သတ်မှတ်ချက်မျိုးမရှိကြောင်းနှင့် လူနာကတောင်းဆိုပါက မိမိတို့အနေဖြင့် ဆေးရုံတင် ကုသပေးရမည် ဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ပုံမှန်စစ်ဆေးမှုမျိုးကို ပြုလုပ်ပေးကြရမည်ဖြစ်ကြောင်း၊ ယခုလူနာအနေဖြင့် မိမိတို့ကို သတင်းပို့ကာ ပူးပေါင်း ဆောင်ရွက်နေသည့်အတွက် နေအိမ်၌ပင် ဆေးဝါးကုသမှု ခံယူလျက်ရှိပါကြောင်း၊ မိမိတို့ သတ်မှတ်ထားသည့် ရောဂါကူးစက်နိုင်ခြေရှိသည့် နှစ်ပတ်အတွင်း အိမ်မှာပင်နေစေကာ အနီးကပ် ပူးပေါင်းဆောင်ရွက်လျက် ရှိနေပါကြောင်း၊ လိုအပ်သည်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ယခုလူနာသည် ရောဂါဖြစ်ပွားနေသည့် အခြားနိုင်ငံတစ်ခုသို့ သွားရောက်စဉ်ကာလက ကူးစက်နိုင်ဖွယ်ရာရှိသည်ဟု မိမိတို့အနေဖြင့် ခန့်မှန်းတွက်ဆထားပါကြောင်း ပြောကြားသည်။

လူနာသွားလာခဲ့သည့် နေရာဒေသများ၊ လူနာ၏ လက်ရှိနေထိုင်သည့် မြို့နယ်နှင့် နေရာဒေသများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က မိမိတို့အနေဖြင့် သံသယဖြစ်ဖွယ်ရှိသည့် လူနာပေါင်း ၃၀ ကျော်ကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုတွေ့ရှိသည့် လူနာသည် ၃၂ ဦးမြောက်ဖြစ်ပါကြောင်း၊ လူနာအနေဖြင့် နေရာအနှံ့ သွားလာခဲ့သည်မှန်သော်လည်း မိမိတို့အနေဖြင့် မြို့နယ်တစ်ခုတည်းကို ဦးတည်ကာ မဖော်ပြလိုကြောင်း၊ မြို့နယ်တိုင်းအနေဖြင့် Risk ရှိနေပါကြောင်း၊ ထို့အတွက် ယခင် သွေးလွန်တုပ်ကွေးရောဂါအဖြစ်များခဲ့သည့် နေရာများ၌ ခြင်ကျားနှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ဇီကာဗိုင်းရပ်စ်ရောဂါပိုးဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒီးစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သော ရောဂါတစ်မျိုးဖြစ်ပါသည်။

ဇီကာဗိုင်းရပ်စ်သယ်ဆောင်ထားသော အေးဒီးစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသောအိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက် စသည်တို့တွင် တွေ့ရသည်။ နေ့ဘက်အချိန်တွင် လူကိုကိုက်ခြင်းမှတစ်ဆင့် ရောဂါကူးစက်ခြင်း၊ ဇီကာဗိုင်းရပ်စ်ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

ဇီကာဗိုင်းရပ်စ်ရောဂါသည် ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားလာနိုင်ပြီး ရောဂါကူးစက်ခံရသူငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာများ ပြသနိုင်ကြောင်း သိရှိရပါသည်။ အဓိက လက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင် အနီအစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့် အဆစ်များနာကျင်ခြင်းတို့ ဖြစ်တတ်ပါသည်။ ဇီကာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ဖြစ်ပွားခြင်း၊ နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဇီကာဗိုင်းရပ်စ်ရောဂါကူးစက်ခံရပါက ဦးနှောက်သေးငယ်သောကလေးငယ်များ မွေးဖွားလာနိုင်ပါသည်။

ဇီကာဗိုင်းရပ်စ်ရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာသက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကိုက်မခံရအောင် နေထိုင်ခြင်း၊ ခြင်ကျား၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းကို ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ဝန်ယူရန် ပြင်ဆင်ထားသူများအနေဖြင့်လည်း ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန် ဇီကာဗိုင်းရပ်စ်ရောဂါ လက်ရှိဖြစ်ပွားလျက်ရှိသော အခြားနိုင်ငံများသို့ ခရီးသွားလာခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ ရောဂါ ဖြစ်ပွားသည့်နိုင်ငံများသို့ သွားရောက်သူများနှင့် အလုပ်လုပ်ကိုင်နေသူ အမျိုးသားများအနေဖြင့် ရောဂါမကူးစက်စေရန် သတိပြုနေထိုင်ခြင်း ၊မိမိနိုင်ငံသို့ပြန်လာစဉ် သံသယရောဂါလက္ခဏာများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကရုဏာရှေးရှုမြန်မာမှုမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များ အခမဲ့ခွဲစိတ်ကုသပေးမည်

**မန္တလေး အောက်တိုဘာ ၂၈**

ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကရုဏာရှေးရှုမြန်မာမှုအနေဖြင့် Japan Heart International Volunteers Organization နှင့် ပူးပေါင်းပြီး Smile Project ဖြင့် (၆)ကြိမ်မြောက် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များ အခမဲ့ ခွဲစိတ်ကုသပေးရေး အစီအစဉ်ကို နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များ အခမဲ့ခွဲစိတ်ကုသပေးရေးအစီအစဉ်ကို မန္တလေး ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး၌ မြန်မာတစ်နိုင်ငံလုံးရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

"နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်တွေကို အခမဲ့ ခွဲစိတ်ကုသပေးမယ်။ နောက်ပြီး သူတို့အတွက် သွားလာစရိတ်ကအစ အကုန်ထုတ်ပေးမယ်။ မည်သူမဆို ဘယ်နယ်ကပဲဖြစ်ဖြစ် လာရောက်ကုသနိုင်ပါတယ်"ဟု ကရုဏာရှေးရှုမြန်မာမှုမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယင်းအစီအစဉ်အား Japan Heart International Medical Volunteers Organization နှင့် ပူးပေါင်းပြီး ဂျပန်နိုင်ငံမှ ကျွမ်းကျင်ဆရာဝန်ကြီးများ လာရောက်ပြီး မြန်မာဆရာဝန်ကြီးများနှင့် Smile Project ဖြင့် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ "ကျန်းမာရေးကဏ္ဍတစ်ခုတည်းမဟုတ်ဘဲ၊ လူမှုပတ်ဝန်းကျင်အတွက်လည်း တတ်နိုင်သမျှ တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့မှုတွေ အစဉ်မပြတ် လူထုအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကရုဏာရှေးရှု မြန်မာမှုအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ အားကစားနဲ့ သဘာဝအန္တရာယ်တွေ စသော လိုအပ်တဲ့ အချက်တွေကို မူတည်ပြီး လူမှုအကျိုးပြုပရဟိတလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ၎င်းကပြောသည်။

ကရုဏာရှေးရှု မြန်မာမှုအနေဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား အခမဲ့ခွဲစိတ်ကုသပေးသည့် အစီအစဉ်ကို ၂၀၁၀ ပြည့်နှစ်မှစတင်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ၂၀၁၂ ခုနှစ်က မန္တလေးပြည်သူ့ဆေးရုံကြီး၊ ၂၀၁၃၊ ၂၀၁၄နှင့် ၂၀၁၅ ခုနှစ်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာနှင့် မေးရိုးဌာန၌ ပြုလုပ်ခဲ့ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ် စုစုပေါင်း ၅၃၇ ဦးကို အောင်မြင်စွာ ခွဲစိတ် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

❋ *ကျောဖုံးမှ*

ပုဂ္ဂိုလ်တွေကြောင့်ပဲ ၂၀ ရာစုအတွင်း ရန်ကုန်မြို့နဲ့ နိုင်ငံ့ဂုဏ်ကို ပံ့ဖော်ခဲ့ကြသော လှုပ်ရှားတက်ကြွတဲ့ မြန်မာအဖွဲ့အစည်းတွေထဲက တစ်ခုဖြစ်လာခဲ့ပါတယ်၊ ဒါတွေဟာ ပတ်ဝန်းကျင်အပေါ် ယခုတိုင် လွှမ်းမိုးမှုရှိနေတဲ့ ထူးခြားတဲ့အတိတ်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုတစ်ခုလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

ရန်ကုန် YWCA အသင်းဥက္ကဋ္ဌ ဒေါ်မေတင်ဦးကလည်း "YWCA အသင်းကြီးဟာ မေတ္တာဖြင့် အချင်းချင်းဝန်ကို ထမ်းဆောင်ကြလော့ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အမျိုးသမီးတွေရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ပေါင်း ၁၀၀ ကျော်တိုင် ဆောင်ရွက်လာခဲ့ပါတယ်၊ ဒီအသင်းကြီးရဲ့ အဆောက်အအုံကို အခုလိုမျိုး အပြာရောင်ကမ္ပည်းပြား တပ်ဆင်ပေးတဲ့အတွက် အလွန်ကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်"ဟု ပြောသည်။

ရန်ကုန် YWCA အသင်း အဆောက်အအုံကို ကမ္ဘာ့ YWCA အသင်းနှင့် ချိတ်ဆက်ထားသည့် အိန္ဒိယနေရှင်နယ်ကော်မတီ၏ အသင်းခွဲတစ်ခုအဖြစ် ၁၉၀၀ ပြည့်နှစ် ဇွန်လက တရားဝင် အသိအမှတ်ပြုခဲ့သည့်နောက် ၁၉၀၂ ခုနှစ်က ဆောက်လုပ်ခဲ့သည်။ ထို့နောက် နိုင်ငံအနှံ့အပြား၌ အသင်းဝင်များ တိုးပွားလာခဲ့ပြီး ရန်ကုန် YWCA အသင်းတွင် အမျိုးသမီးများ စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေးအတွက် ကျမ်းစာသင်တန်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းအစီအစဉ်များ၊ ဂီတနှင့် အိမ်တွင်းမှုပညာများသာမက စီးပွားရေးသင်တန်းနှင့် အလုပ်အကိုင်ရှာဖွေခြင်းတို့ကိုစီစဉ်ပေးခဲ့ကြောင်း သိရသည်။




**YWCA အဆောက်အအုံ၌ တပ်ဆင်သည့် ရန်ကုန်မြို့ပြအမွေအနှစ် ကမ္ပည်းပြားကို တွေ့ရစဉ်**

၁၉၄၂ ခုနှစ်က မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်လာသောအခါ လုပ်ငန်းစဉ်များ ရပ်ဆိုင်းသွားခဲ့ပြီး ဂျပန်ခေတ်တွင် ဂျပန်စစ်တပ်က ညကပွဲခန်းမအဖြစ် အသုံးပြုခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ် အသင်း၏ ရွှေရတုနှစ်ပတ်လည်တွင် YWCA အဖြစ် ပြန်လည်အသက်ဝင်လာခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းသည် YHT အဖွဲ့က လုပ်ဆောင်နေသောစီမံချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရန်ကုန်မြို့ပြသမိုင်းကြောင်းတွင် အရေးပါခဲ့သော အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များကို အထိမ်းအမှတ်ပြုရန် ရည်ရွယ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် Royal Philips Corporation က အမေရိကန်ဒေါ်လာ ၇၅၀၀၀ ကို ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်းလည်း သိရသည်။

# မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် ရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းထက် နယ်မြေခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်

**ရန်ကုန် အောက်တိုဘာ ၂၈**



ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအတွက် ရပ်ရွာနေပြည်သူများ ပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းစနစ်ဖြင့် စီမံချက်ကို ၁၄-၆-၂၀၁၆ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ကနဦး လေးမြို့နယ် ရှေ့ပြေးစီမံချက်မှတစ်ဆင့် ယခု မြို့နယ် ၂၀ အထိ တိုးမြှင့်ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ စီမံချက်ပါ လုပ်ငန်းစဉ်များ ရှင်းလင်းပွဲကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က ရပ်ရွာနေပြည်သူများ ပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းစနစ်ဖြင့် စီမံချက်ဆောင်ရွက်ခြင်းမှာ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် ရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းထက် နယ်မြေခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်လာခြင်းကြောင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံချက်ဆောင်ရွက်လျက်ရှိသည့် မြို့နယ် ၂၀ တွင် လုပ်ငန်းဆောင်ရွက်မှုများအပေါ် အားနည်းချက်၊ အားသာချက်များသုံးသပ်ကာ စီမံချက်လုပ်ငန်းစဉ်များ ရှင်းလင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက စီမံချက်ဆောင်ရွက်နေမှုအပေါ် တွေ့ကြုံရသည့် အခြေအနေများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများက မိမိခရိုင်အတွင်း စီမံချက်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါစီမံချက်ကို ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ရွာနေပြည်သူများ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးကို အရှိန်မြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✻ ကျော့ဖုံးမှ

လုံခြုံရေးအခြေအနေအရ ဖွင့်လှစ်ရန် ကျန်ရှိသည့် အထက်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်း ကိုးကျောင်းနှင့် မူလတန်းကျောင်း ၃၃၉ ကျောင်း စုစုပေါင်း ၃၅၂ ကျောင်းအား လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မောင်တောခရိုင် ပညာရေးမှူးရုံးအနေဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တောမြို့နယ်အတွင်းရှိ ၁၈၃ ကျောင်းအနက် ပထမအဆင့် ၂၄ ကျောင်း၊ ဒုတိယအဆင့် ၈၂ ကျောင်းနှင့် လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး ပြန်လည်ဖွင့်လှစ်ရန် ၂၈ ကျောင်း ဖြစ်ကြောင်း သိရသည်။

မောင်တောခရိုင်ရှိ ကျောင်းပေါင်း ၄၀၂ ကျောင်းတွင် အထက်တန်းပြ ဆရာ ဆရာမ ၂၁၈ ဦး၊ အလယ်တန်းပြ ဆရာ ဆရာမ ၆၃၉ ဦးနှင့် မူလတန်းပြ ဆရာ ဆရာမ ၁၈၀၃ ဦးရှိသည့်အနက် အထက်တန်းပြ ၈၇ ဦး၊ အလယ်တန်းပြ ၁၅၁ ဦးနှင့် မူလတန်းပြ ၁၉၅ ဦး စုစုပေါင်း ဆရာ ဆရာမ ၄၃၃ ဦးမှာ ၎င်းတို့၏ ဒေသရပ်ရွာများသို့ ပြန်လည်ထွက်ခွာသွားခဲ့ရာ အောက်တိုဘာ ၂၄ ရက်အထိ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်မှုမှာ အထက်တန်းပြ နှစ်ဦး၊ အလယ်တန်းပြ သုံးဦးနှင့် မူလတန်းပြ ၁၁ ဦး စုစုပေါင်း ၁၆ ဦးဖြစ်ကြောင်း၊ အထက်တန်းပြ ၈၅ ဦး၊ အလယ်တန်းပြ ၁၄၈ ဦးနှင့် မူလတန်းပြ ၁၈၄ ဦး စုစုပေါင်း ၄၁၇ ဦးမှာ ပြန်လည်မရောက်ရှိသေးကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးထံမှ သိရသည်။

**(သတင်းစဉ်)**

## ရှမ်းနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိ

**တောင်ပြိုလက်ဝဲ အောက်တိုဘာ ၂၈**

မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့သို့ အောက်တိုဘာ ၂၇ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့်အဖွဲ့ ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုမဖြစ်စေရန်နှင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်းပြီး စည်းလုံးနေထိုင်ကြစေလိုကြောင်းပြောကြားကာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မောင်တော၊ ဘူးသီးတောင်၊ တောင်ပြိုမြို့နယ်များနှင့် နယ်မြေဒေသလုံခြုံရေးများကို တိုးမြှင့်ချထားပေးလျက်ရှိပါကြောင်းနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စိုးရိမ်မှုများမဖြစ်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ဒေသခံတိုင်းရင်းသားများက တင်ပြဆွေးနွေးလိုသည်များကို အသီးသီးတင်ပြဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်အားပေးခဲ့ပြီး ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ ပြည်နယ်ဥပဒေအရာရှိနေအိမ် ဒုတိယအကြိမ်ဖောက်ထွင်းခံရ

မော်လမြိုင် အောက်တိုဘာ ၂၈

**မော်လမြိုင်မြို့ရှိ ပြည်နယ်ဥပဒေအရာရှိနေအိမ် ဒုတိယအကြိမ် ဖောက်ထွင်းခိုးယူခံရမှု အောက်တိုဘာ ၂၇ ရက်က ဖြစ်ပွားခဲ့သည်။**

မော်လမြိုင်မြို့ မောင်ငံရပ်ကွက် မြို့လယ်ကောင်ရှိ ပြည်နယ်ဥပဒေအရာရှိ နေအိမ်၌ ဖောက်ထွင်းခိုးယူမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီခွဲခန့်က မော်လမြိုင်မြို့ မောင်ငံရပ်ကွက်နေ ပြည်နယ်ဥပဒေအရာရှိ ဦးမြင့်အောင်သည် ရုံးသွားနေစဉ် အပြန်၌ နေအိမ်ရှိ အိမ်တံခါးမကြီးသော့များ၊ အိပ်ခန်းတံခါးသော့၊ အိမ်ခန်းအတွင်းရှိ သေတ္တာ ပတ္တာများ ပျက်စီးနေပြီး ဖောက်ထွင်းခိုးယူမှုဖြစ်ပွားခဲ့ကြောင်း သိရသဖြင့် မုပ္ပွန်ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

အဆိုပါ ဥပဒေအရာရှိနေအိမ်မှာ မေ ၂၅ ရက်က ပထမအကြိမ် ဖောက်ထွင်းခိုးယူမှုဖြစ်ပွားခဲ့ပြီး ငွေကျပ် နှစ်သိန်းကျော်နှင့် အိပ်ခန်းအတွင်းမှ ပစ္စည်းအချို့ ခိုးယူခံခဲ့ရကာ ယခု ဒုတိယအကြိမ် ဖောက်ထွင်းခံရမှုတွင် အိပ်ခန်းအတွင်းမှ ပစ္စည်းအချို့နှင့် အဝတ်အထည်များ ခိုးယူခံခဲ့ရကြောင်း သိရသည်။

ယင်းဖောက်ထွင်းခိုးယူမှုဖြစ်ပွားရာ နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်နှင့် မုပ္ပွန်ရဲစခန်းမှ စခန်းမှူးနှင့်အဖွဲ့များ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အမှုမှန်ပေါ်ပေါက်စေရေးအတွက် သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**



# ခေတ္တနေရပ်စွန့်ခွာလာကြသည့် ဒုက္ခသည်များအား စစ်တွေမြို့မှ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်

**စစ်တွေ အောက်တိုဘာ ၂၈**

မောင်တော၊ ဘူးသီးတောင်ဒေသများမှ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုကြောင့် စစ်တွေမြို့သို့ ခေတ္တနေရပ်စွန့်ခွာလာကြသည့် ဒုက္ခသည်များကို ယနေ့ နံနက်ပိုင်းက ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့မှ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုက္ခသည်များသည် စစ်တွေမြို့ ဧညဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်း၊ ရတနာ့ဗိမာန် ဘုန်းကြီးကျောင်းတိုက်နှင့် ဘုရားများသိမ်၌ ခေတ္တနေထိုင်သူများဖြစ်ကြပြီး ၎င်းတို့၏ ဒေသများ၌ တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့က ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်သည်။ ထို့နောက် မိမိဒေသသို့ ပြန်လည်သွားရောက်ကြသူများကို ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် ပို့ဆောင်ပြီး မိသားစုအသုံးအဆောင်ပစ္စည်းများပေးအပ်ကာ အားပေးစကား ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သောင်းနှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ထောင်စု တစ်စုလျှင် Family kit တစ်ပုံး၊ စစ်တွေမြို့ နာရေးကူညီမှုအသင်းကလည်း တစ်ဦးလျှင် ငွေကျပ် တစ်သောင်း ထောက်ပံ့ခဲ့ကြောင်း၊ စစ်တွေမြို့မှ မိမိနေရပ်သို့ ပြန်ကြသူ အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၁၉၁ ဦးဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ပြည်နယ် ပြန်/ဆက်)**

# အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ သုံးဦး ထပ်မံဖမ်းဆီးရမိ






**နေပြည်တော် အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စာကိုင်းကျေးရွာအတွင်း သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့ဖြင့် ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် ပိတ်ဆို့ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူများဖြစ်သည့် စာကိုင်းကျေးရွာနေ ဟာမီတူဆောင်း (ဘ)အနူဟလာမ်နှင့် နိုတူလာမိန် (ဘ) ဆူတာနာမတ်တို့ နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

ထို့ပြင် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်ကလည်း သတင်းအရ ရသေ့တောင် မြို့နယ် ကိုးတန်ကောက်ကျေးရွာအတွင်း ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှင်းလင်းရှာဖွေခဲ့ရာ အကြမ်းဖက် စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူ အာယုဒ်(ဘ)ကာလီဟူဆောင်းကို ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး ကျောင်းတောင်ရဲကင်းစခန်းနှင့် အင်းဒင်ရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေများအတွင်းသို့ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထပ်မံဝင်ရောက်မှု မရှိစေရေးအတွက် နတ်မြစ်အတွင်း တပ်မတော်(ရေ)မှ တပ်မတော်သားများက တိုက်ကင်းလှည့်လည်ဆောင်ရွက်စဉ် အောက်တိုဘာ ၂၇ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် တံချောင်းနှင့် ထန်းချောင်းကြား ရေလယ်ကျွန်းအနီး၌ တစ်ဖက်နိုင်ငံသို့ ရေကူးသွားနေသည့် မသင်္ကာဖွယ် ဘင်္ဂါလီလူမျိုး အမျိုးသားသုံးဦးကို တွေ့ရှိသဖြင့် ခေါ်ယူရာ ထွက်ပြေးရန် ကြိုးစားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မောင်တောမြို့နယ် လိပ်ရကျေးရွာ(အလယ်)နေ အာဘူးရှားမား (ဘ) အဒူလာလီ၊ အာလီဇော်ဟက် (ဘ) အီစမိုင်းနှင့် ရှာခွန်သာလီ (ဘ) အာဆီဇော်ဟပ်တို့ သုံးဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ မသင်္ကာဖွယ် ဘင်္ဂါလီလူမျိုး သုံးဦးအား လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် မောင်တောမြို့မရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရီပတ်ဘလစ်ကန် ဒုတိယသမ္မတလောင်း မိုက်ခ်ပန့်စ် လိုက်ပါစီးနင်းလာသည့် လေယာဉ် ပြေးလမ်းချော်မှုဖြစ်



**နယူးယောက် အောက်တိုဘာ ၂၈**

ရီပတ်ဘလစ်ကန် ဒုတိယသမ္မတလောင်း မိုက်ခ်ပန့်စ် စီးနင်းလိုက်ပါလာသည့် လေယာဉ်သည် အောက်တိုဘာ ၂၇ ရက်က နယူးယောက်တွင် လေယာဉ်ပြေးလမ်းချော်မှုဖြစ်ပွားခဲ့သော်လည်း မိုက်ခ်ပန့်စ်အနေဖြင့် ထိခိုက်မှုတစ်စုံတစ်ရာမရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လူ ၃၀ စီးနင်းလိုက်ပါလာသော ဘိုးရင်း ၇၃၇ လေယာဉ်သည် မစ္စတာပန့်စ်ရွေးကောက်ပွဲလှုပ်ရှားမှုပြုလုပ်ခဲ့ရာ အိုင်အိုဝါ ဖော့ဒ်ဒေါ့ဂ်မှ ပျံသန်းလာခဲ့ပြီး ရာသီဥတုဆိုးရွားမှုကြောင့် နယူးယောက် လဂါဒီယာလေဆိပ်တွင် အောက်တိုဘာ ၂၇ရက် ဒေသစံတော်ချိန် ည ၈ နာရီခန့်တွင် ဆင်းသက်စဉ် ထိုသို့ ပြေးလမ်းချော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ဆင်းသက်ချိန်တွင် ဘရိတ်ဆောင့်နင်းသံနှင့် တာယာနှင့်လမ်းပွတ်ဆွဲ အသံကြီးကိုကြားလိုက်ရကြောင်း ခရီးသည်များက ပြောသည်။

မစ္စတာပန့်စ်အပါအဝင် ခရီးသည်များအားလုံးကို လေယာဉ်အနောက်ဘက်မှ အန္တရာယ်ကင်းစွာရွှေ့ပြောင်းမှုများလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။ **(သည်အင်ဒီပင်းန်ဒင့်န်)**

# စစ်အေးတိုက်ပွဲများထပ်မံပေါ်ပေါက်ရန် နေတိုးအလိုမရှိ

**မော်စကို အောက်တိုဘာ ၂၈**

နေတိုးတပ်ဖွဲ့သည် ရုရှားနှင့် ထိပ်တိုက်တွေ့ဆုံလိုခြင်းမရှိသလို စစ်အေးတိုက်ပွဲများ နောက်ထပ်ဖြစ်ပွားရန်လည်း အလိုမရှိကြောင်းနေတိုးအဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ် ဂျင်စတိုတန်ဘတ်က ဘီဘီစီသို့ပြောကြားခဲ့သည်။

ဥရောပအရှေ့ပိုင်းသို့ တပ်သားသစ်လေးထောင်ကျော်ကို ထပ်မံဖြန့်ကြက်ရန် စီစဉ်ခဲ့ခြင်းသည် ကာကွယ်ရေးအစီအမံသက်သက်သာဖြစ်ပြီး ပဋိပက္ခများကိုဖန်တီးလိုသောသဘောမဟုတ်ကြောင်း ၎င်းကပြောကြားသည်။

လတ်တလောတွင် တင်းမာမှုများဖြစ်ပွားလျက်ရှိသော်လည်း မဟာမိတ်အဖွဲ့အနေဖြင့် ရုရှားကို အန္တရာယ်ခြိမ်းခြောက်မှုတစ်ခုဟု တစ်ကြိမ်တစ်ခါမျှ ရှုမြင်ခဲ့ဖူးခြင်းမရှိသေးကြောင်း စတိုတန်ဘတ်ကပြောကြားခဲ့သည်။ စစ်အေးတိုက်ပွဲ ဖြစ်ပွားသည့်အချိန်မှစတင်ကာ ရုရှားနှင့်အနောက်နိုင်ငံများအကြား ဆက်ဆံမှုမှာ မရှိသလောက်နည်းပါးခဲ့သည်။

ယူကရိန်းပိုင် ခရိုင်းမီးယားကျွန်းဆွယ်ကို ၂၀၁၄ ခုနှစ်တွင် ရုရှားပိုင်နက်အဖြစ် သွတ်သွင်းခဲ့ချိန်မှစတင်ကာ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကရုရှားကို ပိတ်ဆို့မှုများလုပ်ဆောင်ခဲ့ကြသည်။

ဆီးရီးယားစစ်ပွဲသည် တင်းမာမှုများကို ဖော်ပြသည့်အခြေအနေတစ်ရပ်ဖြစ်ပြီး အနောက်အင်အားကြီးနိုင်ငံများက ရုရှားသည် အစိုးရကိုကူညီထောက်ပံ့သည့်အနေဖြင့် သူပုန်ထိန်းချုပ်ဧရိယာများတွင် လက်နက်ကြီးများပစ်ခတ်ကာ စစ်ရာဇဝတ်မှုကျူးလွန်နေကြောင်း စွပ်စွဲခဲ့သည်။ **(ဘီဘီစီ)**



# ကိုလံဘီယာ၌ ဖမ်းဆီးခံဓားစာခံတစ်ဦး လွတ်မြောက်

**ဘိုဂိုတာ အောက်တိုဘာ ၂၈**

ကိုလံဘီယာရှိ ဒုတိယအကြီးဆုံးသူပုန်အဖွဲ့ဖြစ်သည့် အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ ( ELM)သည် အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှုစတင်သည့် အဓိကကျသော ဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဖမ်းဆီးထားသော ဓားစာခံတစ်ဦးကို စတင်လွှတ်ပေးလိုက်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ကွန်ဂရက်လွှတ်တော်အမတ်ဟောင်း အိုဒင်ဆန်ချက်စ်သည် ဧပြီလအတွင်းက နာမကျန်းဖြစ်နေသည့် ၎င်း၏အစ်ကိုဖြစ်သူနှင့် နေရာချင်းလဲလှယ်ရန် တာဝန်ယူဆောင်ရွက်ခဲ့ချိန်မှစတင်ကာ သူပုန်အဖွဲ့၏ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။

ညှိနှိုင်းဆွေးနွေးမှုများကို အီကွေဒေါ၌ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း သမ္မတမန်နျူရယ်လ်ဆန်တို့စ်က အိုဒင်ဆန်ချက်စ်အား ဦးစွာလွှတ်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး အစိုးရအနေဖြင့် ကတိကဝတ်ပေးအပ်စရာများ ကျန်ရစ်နေသေးကြောင်း ၎င်းကပြောကြားခဲ့သည်။

အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့အမည်ရှိသည့် ပြောက်ကျားသူပုန်အဖွဲ့သည် ၁၉၅၉ ခုနှစ်တွင်ပေါ်ပေါက်ခဲ့သည့် ကျူးဘားတော်လှန်ရေး၏ စေ့ဆော်မှုကြောင့် ကိုလံဘီယာ၏ မမျှတသည့် မြေယာခွဲဝေမှုများနှင့် ချမ်းသာကြွယ်ဝမှုတို့ကိုတိုက်ဖျက်ရန် ၁၉၆၄ ခုနှစ်တွင် ပေါ်ပေါက်လာခဲ့သည်။ သူပုန်အဖွဲ့သည် ဆယ်စုနှစ်များစွာကြာမြင့်သည်အထိ မြေယာပိုင်ဆိုင်သူများနှင့် နိုင်ငံများစွာတို့တွင်လုပ်ကိုင်ဆောင်ရွက်နေသောကုမ္ပဏီများကိုတိုက်ခိုက်ခဲ့သည်။ရေနံပိုက်လိုင်းများကိုလည်း အကြိမ်ကြိမ်ဖျက်ဆီးခဲ့သည်။ **( ဘီဘီစီ)**

# လစ်ဗျားမှ ဥရောပသို့ထွက်ခွာလာသော ဒုက္ခသည်လှေတိမ်းမှောက် ၊ လူ ၉၀ ထက်မနည်းပျောက်ဆုံး

**ထရီပိုလီ အောက်တိုဘာ ၂၈**

လစ်ဗျားမှ ဥရောပသို့ထွက်ခွာလာသော ဒုက္ခသည်လှေတစ်စင်း တိမ်းမှောက်သွားခဲ့ရာ လှေပေါ်ပါ ဒုက္ခသည် ၉၀ထက်မနည်း ပျောက်ဆုံးခဲ့ကြောင်း သည်အင်ဒီပင်းန်ဒင့်န် သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လူ ၁၂၆ဦးသယ်ဆောင်လာသော ဒုက္ခသည်လှေတစ်စင်းသည် လစ်ဗျားကမ်းလွန် နှင့် ၂၆ မိုင် (၄၂ ကီလိုမီတာ) အကွာတွင် လှေထဲသို့ ရေများဝင်လာပြီး နစ်မြုပ်ခဲ့ကြောင်း လစ်ဗျားရေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် အာရော့ဘ်ဂက်စ်ဆင်က အောက်တိုဘာ ၂၇ ရက်တွင် ပြောခဲ့သည်။

စုစုပေါင်း လူ ၂၉ ဦးသာ ကယ်တင်နိုင်သေးကြောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့များက နောက်ထပ်အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်နေကြောင်း၊ ပျောက်ဆုံးသူများတွင် အမျိုးသမီးသုံးဦးနှင့် ကလေးတစ်ဦးလည်းပါဝင်ကြောင်း သိရသည်။

ဒုက္ခသည်များ တင်ဆောင်လာသော မှောင်ခိုလှေသည် လစ်ဗျားအနောက်ဘက် တာဂျိုရာမှထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း၊ အာဖရိက လူမျိုးအများစုကို သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလှေသည် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် လှိုင်းလုံးကြီးနှင့် ထိပ်တိုက်တွေ့စဉ် နစ်မြုပ်ခဲ့ကြောင်း ဗိုလ်ချုပ် ဂက်စ်ဆင်က ပြောခဲ့သည်။

လစ်ဗျား သို့မဟုတ် အီဂျစ်မှ အီတလီကြား မိုင် ၃၇၀ (၅၉၅ ကီလိုမီတာ)ခန့်ရှိသည့် ခရီးရှည်ကြီးကို အရဲစွန့်သွားလာကြသော ရွှေ့ပြောင်းဒုက္ခသည်ပေါင်း ၃၈၀၀ ကျော် ရေနစ်မြုပ်ခြင်းသို့မဟုတ် ကျပ်သိပ်နေသော တရားမဝင် ဒုက္ခသည်လှေထဲတွင် သေဆုံးခဲ့ကြောင်း ရှေ့တန်းဆေးတပ်ဖွဲ့က ပြောခဲ့သည်။

၂၀၁၆ ခုနှစ်သည် ဒုက္ခသည် သေဆုံးမှုနှုန်း အမြင့်မားဆုံးနှစ်တစ်နှစ် ဖြစ်ကြောင်း သိရသည်။

ဒုက္ခသည်များမှာ စစ်ပွဲမှထွက်ပြေးလာသူများ၊ ခေါင်းပုံဖြတ်ဖိနှိပ်အမြတ်ထုတ် ခြင်းမှ ရုန်းထွက်လာသူများ၊ ဆင်းရဲချွတ်ခြုံကျမှုကြောင့် ထွက်ပြေးလာကြသူများဖြစ်ကြသည်။ **(သည်အင်ဒီပင်းန်ဒင့်န်)**



# ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကျောင်းသားများ သေဆုံး

**အလက်ပို အောက်တိုဘာ ၂၈**

အလက်ပိုအနောက်ပိုင်းရှိ သူပုန်အဖွဲ့ထိန်းချုပ်ထားသည့် ကျောင်းတစ်ကျောင်းကို ဆီးရီးယားတပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းနေကလေးငယ်များစွာသေဆုံးခဲ့ရကြောင်း ကြာသပတေးနေ့တွင် ဒေသမီဒီယာနှင့်စစ်ရေးထိန်းချုပ်မှုအဖွဲ့က ပြောကြားခဲ့သည်။

ဗုံးကြဲတိုက်ခိုက်မှုသည် အိမ်နီးချင်းဒေသနှစ်ခုကိုထိခိုက်စေခဲ့သည်။ ရှာဗာဧရိယာရှိ ကျောင်းတစ်ကျောင်းကို တိုက်ခိုက်မှု၌ ကလေးငယ်သုံးဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသည်။ ဟမ်ဒါနီယာဒေသ တိုက်ခိုက်ခံရမှုတွင် လူသုံးဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်ဆာနားသတင်းအေဂျင်စီကဖော်ပြခဲ့သည်။

ဗြိတိန်၌ အခြေစိုက်ထားသည့် ဆီးရီးယား လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က လေကြောင်းတိုက်ခိုက်မှုနှစ်ခုအတွင်း ကလေးငယ်တစ်ဦးအပါအဝင် အသက်၁၆နှစ်အောက်အရွယ်ခြောက်ဦး သေဆုံးသွားခဲ့ရကြောင်း ပြောဆိုခဲ့သည်။

စစ်ပွဲမတိုင်မီက ဆီးရီးယား၏ အကြီးဆုံးမြို့တော်ဖြစ်သည့် အလက်ပို၌ အစိုးရနှင့် အတိုက်အခံအဖွဲ့များအကြား နှစ်များစွာကြာအောင် အုပ်စုကွဲပြားသွားခဲ့သည်။ ကြာသပတေးနေ့က လေကြောင်းတိုက်ခိုက်မှုတွင် ကျောင်းသား ၁၅ ဦး သေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်ခံရမှုအတွက် ဆီးရီးယားတပ်မတော်နှင့် ရုရှားလေတပ်မတော်အား အနောက်နိုင်ငံများကအပြစ်ဆိုခဲ့ကြသည်။ ရုရှားကမူ ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။ **(ရိုက်တာ)**

# နိုဝင်ဘာ ၁ ရက်မှစ၍ ညပိုင်းသွားလာခွင့်ပြုမည့် ကုန်တင်ယာဉ်ကြီးအမျိုးအစား ထုတ်ပြန်နိုင်ခြင်းမရှိသေး

ရန်ကုန် အောက်တိုဘာ ၂၈

**ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုများကို လျှော့ချနိုင်ရန် နိုဝင်ဘာ ၁ ရက်မှ စတင်၍ ကုန်တင်ယာဉ်ကြီးများနှင့် ကုန်သေတ္တာတင်ယာဉ်များကို ည ၉ နာရီ မှ နောက်တစ်နေ့ နံနက် ၆ နာရီအတွင်းသာ ရန်ကုန်မြို့တွင်း သတ်မှတ်ပေးထားသော လမ်းကြောင်းအတိုင်း သွားလာခွင့်ပြုမည်ဟု ဖော်ပြထားသော အောက်တိုဘာ ၂၅ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက မြန်မာနိုင်ငံကုန်တင်ယာဉ်ကြီးများအသင်းနှင့် ကုန်သေတ္တာတင်ယာဉ်အသင်းတို့ထံ ပေးပို့ခဲ့သည့် အကြောင်းကြားစာအရ ယင်းကုန်တင်ယာဉ်ကြီးများနှင့် ကုန်သေတ္တာတင်ယာဉ်များ နိုဝင်ဘာ ၁ ရက်မှစတင်ပြီး ရန်ကုန်မြို့တွင်း နေ့ပိုင်းသွားလာခွင့်မရှိနိုင်ဟု သိရသည်။**

ကုန်သေတ္တာယာဉ်များ ညပိုင်းသာသွားလာခွင့်ပြုမည့် အချက်အလက်သည် ရှင်းလင်းမှုရှိသော်လည်း ကုန်တင်ယာဉ်ကြီးများအမျိုးအစား မည်သို့ သတ်မှတ်ထားသည်ကို ရှင်းလင်းဖော်ပြထားခြင်းမရှိ၍ ကုန်ကားပိုင်ရှင်၊ ကုန်ကားဂိတ်ပိုင်ရှင်များ အနေဖြင့် သိရှိလိုကြသည်။ တိုင်းဒေသကြီး ကုန်တင်ယာဉ်ကြီးကြပ်မှုကော်မတီနှင့် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွက်ကဲမှု အာဏာပိုင်အဖွဲ့တို့ထံ စုံစမ်းမေးမြန်းခဲ့ရာ အောက်တိုဘာ ၂၇ ရက် ညနေတွင် ပြုလုပ်သည့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အစည်းအဝေးအပြီးတွင် သိရှိနိုင်သည်ဟု ဆိုသည်။

သို့သော် ယင်းအစည်းအဝေးတွင် ညပိုင်းသာသွားလာရမည့် ကုန်တင်ယာဉ်ကြီး အမျိုးအစားသတ်မှတ်ချက်အတွက် ဆုံးဖြတ်ချက်ချနိုင်ခြင်းမရှိသေးဘဲ အောက်တိုဘာ ၂၉ ရက်တွင် ပြုလုပ်မည့်အစည်းအဝေးတွင်မှ ဆုံးဖြတ်ချက်ချမှတ်ထုတ်ပြန်ကြေညာနိုင်ဖွယ်ရှိနိုင်သည်ဟု ယင်းအောက်တိုဘာ ၂၇ ရက် ညနေအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကုန်တင်ယာဉ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအေးအောင်၏ ပြောပြချက်အရ သိရသည်။ ကုန်သေတ္တာတင်ယာဉ်အမျိုးအစားများမှာ ၁၀ ဘီး၊ ၁၂ ဘီး၊ ကုန်တင်ယာဉ်များနှင့် နောက်တွဲပါယာဉ်ကြီးများဖြစ်သဖြင့် ယင်းတို့နှင့် အမျိုးအစားတူသော ကုန်ကားကြီးများ အကျုံးဝင်နိုင်လိမ့်မည်ဟု ကုန်ကားကြီးပိုင်ရှင်များက ခန့်မှန်းပြောဆိုနေကြသည်။ ပေ ၂၀ ကုန်သေတ္တာတင်သည့် ၁၀ ဘီး၊ ၁၂ ဘီးယာဉ်များသည် အာဆီယံစံချိန်စံညွှန်း ယာဉ်အပေါင်း ကုန်သတ်မှတ်ချက်နှုန်း ယာယီဖြေလျှော့ထားသည်ထက် ပိုမိုမှုရှိသဖြင့် တန်ပိုတင်ဆောင်ခွင့်မပြုသည့် လှိုင်မြစ်ဖြတ် ဘုရင့်နောင်တံတား၊ အောင်ဇေယျကြိုးတံတားများတွင် ကုန်ပါကုန်သေတ္တာတင် ၁၀ ဘီး၊ ၁၂ ဘီးများ ဖြတ်သန်းခြင်း နည်းသည့် ရွှေပြည်သာတံတားတစ်ခုတည်းပေါ်မှသာ လှိုင်မြစ်ဖြတ်၍ လှိုင်သာယာစက်မှုဇုန်သို့ သွားနိုင်သော်လည်း တန်ပိုဒဏ်ကြေး ပေးဆောင်ရသည့် ကျပ်သောင်းချီ၍ ပေးဆောင်ရသော တန်ပိုဒဏ်ကြေးကို နယ်ပို့ အဝေးပြေး ကုန်ကားများကဲ့သို့ ကုန်ကားပိုင်ရှင်က ပေးဆောင်ရခြင်းမျိုးမရှိဘဲ ကုန်ပစ္စည်းတင်ပို့သည့် ကုန်သည်မှ ပေးဆောင်နေရသည်။

သို့ဖြစ်ရာ ကုန်သေတ္တာတင်ဆောင်ရာတွင် လှိုင်မြစ်ကူးတံတားပေါ်မှ သွားလာရမှု မရှိသော ခရီးစဉ်တွင် ၁၀ ဘီး၊ ၁၂ ဘီးကုန်ကားများ အသုံးပြုကြသည့် လှိုင်မြစ်ဖြတ်သန်းသွားရသည့် ခရီးစဉ်တွင်တန်ပိုမှုမရှိသော နောက်တွဲပါ ကုန်ကားကြီးဖြင့် တင်ဆောင်မှုရှိသည်ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

နိုဝင်ဘာ ၁ ရက် မှ စတင်ကန့်သတ်မည့်နေ့ပိုင်းသွားလာခွင့်မပြုဘဲ ညပိုင်းသာ အချိန်နာရီနှင့် သွားလာရမည့်လမ်းကြောင်း သတ်မှတ်ချက်တို့အတိုင်း လိုက်နာသွားလာရမည့်ကုန်တင်ကားကြီး အမျိုးအစားသတ်မှတ်ချက်ကို တရားဝင်ထုတ်ပြန်နိုင်ဖွယ်ရှိသော အောက်တိုဘာ ၂၉ ရက်တွင် ပြုလုပ်မည့် အစည်းအဝေးမှ ဆုံးဖြတ်ချက်ကို ကုန်တင်ကားလောကမှ သက်ဆိုင်သူများက စောင့်မျှော်နေကြကြောင်း သိရသည်။

**ခင်ဆိုင်**




# ဇီကာဗိုင်းရပ်စ်နှင့် ခြင်ကြောင့်ဖြစ်သော ရောဂါများ ကာကွယ်တားဆီးရေး သန့်ရှင်းရေးများ ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် အများပြည်သူတို့အတွက် ဇီကာဗိုင်းရပ်စ်နှင့် ခြင်ကြောင့်ဖြစ်သော ရောဂါများမှ ကာကွယ်တားဆီးရေး၊ လူထုပါဝင်သော ပတ်ဝန်းကျင်သန့်ရှင်းရေးစုပေါင်းဆောင်ရွက်မှုများကို ယနေ့ နံနက် ၈ နာရီခွဲက မန္တလေး အောင်မြေသာစံမြို့နယ် အကွက်( ၃၂) အမရဌာနီအရှေ့ရပ်ကွက်၌ ကျင်းပခဲ့သည်။

ပြည်သူလူထုအကြား သွေးလွန်တုပ်ကွေးဖြစ်ပွားမှုလျှော့ချရေးနှင့် ဇီကာဗိုင်းရပ်စ်ကူးစက်မှု မဖြစ်ပွားစေရေးအတွက် ခြင်ထောင်များ ဆေးစိမ်ပေးခြင်း၊ ခြင်ဆေးမှုတ်ပေးခြင်း၊ ဖုံးသွန်လဲစစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းစားငါးများ အများပြည်သူတို့ ရေတွင်းရေကန်များတွင် ထည့်ပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း စသည့်ခြင်နှိမ်နင်းရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြသည်။

**ကျော်စိုးဦး(မန္တလေး)**

# ဟင်္သာတမြို့နယ်၌ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**ဟင်္သာတ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ မမှန်မကန်ဆောင်ရွက်သည့် တရားသူကြီး၊ ရဲအရာရှိများ၊ ရှေ့နေများကို ဆန္ဒဖော်ထုတ်ပွဲ အောက်တိုဘာ ၂၈ ရက် နံနက် ၁၁ နာရီက စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲကို ဒေါ်ခင်မာ(၃၈ နှစ်)က ဦးဆောင်ခဲ့ခြင်းဖြစ်ပြီး ခေါင်းစည်းစာတန်း ဗီနိုင်းဆိုင်းဘုတ်ကိုင်ဆောင်၍ လူအင်အား ၂၅ ဦးခန့်က ဟင်္သာတမြို့ တာလေးရပ်ကွက် ဦးအောင်မြတ်ကျော်တန်ဆောင်းမှ စုရပ်ပြုစတင်၍ မမှန်မကန်ဆောင်ရွက်သည့် တရားသူကြီး၊ ရဲအရာရှိများ၊ ရှေ့နေများကို ဆန္ဒဖော်ထုတ်ပွဲဟု ရေးသားထားသည့် ဗီနိုင်းပိုစတာများ ကိုင်ဆောင်ပြီး ကြွေးကြော်သံများကို ကြွေးကြော်ကာ နတ်မော်လမ်း၊ မန်းဘခိုင်လမ်း၊ ဗိုလ်စောမောင်လမ်းမှ မြို့နယ်တရားရုံးရှေ့အထိ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကျောင်းသား ကျောင်းသူများအား အသိပညာပေး

**ပုသိမ်ကြီး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီး အခြေခံပညာအထက်တန်းကျောင်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအစီအစဉ်ဖြင့် အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးကျော်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်မောင်တင့်တို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့် အချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျောင်းအုပ်ဆရာကြီးသို့ လျှပ်စစ်ဆိုင်ရာဝန်ကြီးဌာန မဂ္ဂဇင်း၊ CD ချပ်များ၊ လက်ကမ်းစာစောင်များ ပေးအပ်ခဲ့သည်။

ပုသိမ်ကြီးမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျေးလက်နေပြည်သူလူထုအပါအဝင် တက္ကသိုလ်/ကောလိပ်ခုနစ်ခု၊ အထက်တန်းကျောင်းငါးကျောင်းတို့ရှိ မျိုးဆက်သစ် လူငယ်မောင်မယ်များအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပခုက္ကူမြို့နယ် တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၆၅**

တပ်ကြပ်ကြီး အောင်ကြိုင် **နှင့်** ဒေါ်ကြည်ကြည်ဝင်း
**တရားလို** **တရားပြိုင်**

ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု၊ ရွှေချောင်းကျေးရွာ၊ ရွှေယင်းမာလမ်းနေ တရားပြိုင် ဒေါ်ကြည်ကြည်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို တပ်ကြပ်ကြီးအောင်ကြိုင်က လင်မယားကွာရှင်းပြတ်စဲ၍ ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မျိုးသင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပခုက္ကူမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၃**

| | | | |
|---|---|---|---|
| ဒေါ်အေးအေးမူ | **နှင့်** | ၁။ ဦးကိုကိုကြီး | ၅။ ဒေါ်မမလေး |
| တရားလို | | ၂။ ဦးစိုးမင်းဗိုလ် | ၆။ ဒေါ်စောရီ |
| | | ၃။ ဦးမောင်မောင်ကြီး | ၇။ ဦးလှဖေ |
| | | ၄။ ဒေါ်စိန်မေ | ၈။ ဒေါ်သိန်းကြည် |

**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် ၂၃၀နေ (၁) ဦးကိုကိုကြီး (၂) ဦးစိုးမင်းဗိုလ် (၃) ဦးမောင်မောင်ကြီး (၄)ဒေါ်စိန်မေ(၅)ဒေါ်မမလေး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ဖို့မြေရပ်ကွက်၊မြို့အုပ်ကြီးခြံ၊ ၃ လမ်းနေ (၆) ဒေါ်စောရီ (၇) ဦးလှဖေ (၈) ဒေါ်သိန်းကြည် (ယခုနေရပ်လိပ်စာ မသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်အေးအေးမူက မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်း မဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၆ရက် (၁၃၇၈ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မယ်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချောစုလှိုင်)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## တင်ဒါပစ္စည်းအမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း

၁၆-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)ထုတ် ဤသတင်းစာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၁၁)မှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် အမှတ်စဉ် (၁) တောသစ် (အင်/ကညင်)အစား တောသစ်(တောင်သရက်)အဖြစ် ပြောင်းလဲသတ်မှတ်ဝယ်ယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားမ တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၅၄ နှင့် ဆက်သွယ်သည်။**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၂၂၀**

| | | |
|---|---|---|
| ၁။ ဦးမျိုးမောင်မောင် | **နှင့်** | ဒေါ်ညွန့်ကြည် |
| ၂။ ဦးထက်အောင်အောင် | | |
| ၃။ ဒေါ်စုရည်ဖြိုး | | |
| **(တရားနိုင်များ)** | | **(တရားရှုံး)** |

တရားရှုံး ဒေါ်ညွန့်ကြည်(ဘ)ဦးကျော်ဝင်း၊ မြို့မပန်းချီရပ်ကွက်၊ အိုးတော်ရပ်၊ အမရပူရမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၅၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်၌ တရားနိုင် ဦးမျိုးမောင်မောင်ပါ(၃)ဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုံတစ်ခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် အောက်တိုဘာ ၃ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညိုထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အမက (D) စတုတ္ထတန်း(A) မှ မောင်စိုင်းသီဟ၏ ဖခင်အမည်မှန်မှာ ဦးသန်းကို ၉/မထလ(နိုင်)၀၆၀၇၇၉ ဖြစ်ပါသည်။ **ဦးသန်းကို**



## အမြန်ပြန်လာပါ

ကျွန်တော်၏ ဇနီး မတင်မိုးခိုင် ၁၂/ဒလန(နိုင်)၀၇၉၅၂၅(ဘ) ဦးကျော်သောင်း၏ သမီးသည် ၂၀-၉-၂၀၁၆ ရက်တွင် ဒဂုံသဘော်ာကျင်း၊ (၉၃) ရပ်ကွက်၊ဒဂုံဆိပ်ကမ်းနေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားရှိသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်သက်ဦး**
**ဖုန်း-၀၉-၇၉၈၁၇၇၉၆၄၊ ၀၉-၃၁၅၆၇၄၁၁**

**ဥတုရာသီ တောကိုမှီ**

## ညောင်လေးပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေး-၄ ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

ညောင်လေးပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေး-၄ ဦးမင်းရွှေသည် ညောင်လေးပင်မြို့နယ် ထိန်တပင်ကျေးရွာအုပ်စု နတ်ကတော်ခင်ကျေးရွာနေ တောင်သူများထံမှ လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ရရှိရေး ဆောင်ရွက်ပေးမည်ဆိုကာ လာဘ်ငွေတောင်းခံရယူသည့်အပြင် အခြားလယ်ယာမြေကိစ္စများကိုလည်း နည်းမျိုးစုံဖြင့် လာဘ်ငွေတောင်းခံရယူကြောင်း နစ်နာသူတစ်ဦးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဦးမင်းရွှေသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိရေးအတွက် လည်းကောင်း၊ အမည်ပေါက်မြေခွန်ပြေစာရရှိရေးအတွက်လည်းကောင်း၊ လယ်မြေအတွင်း နေအိမ်ဆောက်လုပ်ခွင့်အတွက် လည်းကောင်း တောင်သူခြောက်ဦးထံမှ ငွေကျပ် ၅၂၆၀၀၀ ကို လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ လာဘ်ငွေတောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးမင်းရွှေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် အောက်တိုဘာ ၂၄ ရက်က တရားစွဲဆို အရေးယူထားကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဒုတိယဦးစီးမှူးနှင့် အကြီးတန်းစာရေးတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် အကြီးတန်းစာရေး ဦးအောင်စိုးမိုးတို့သည် ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာအုပ်စု မန်ကျည်းအင်းကျေးရွာ တိုးချဲ့ရွာသစ်ကို ပြည်ထဲရေးအမည်ပေါက်သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ လာဘ်ငွေတောင်းခံရယူခဲ့ကြောင်း နစ်နာသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် အကြီးတန်းစာရေး ဦးအောင်စိုးမိုးတို့သည် စုစုပေါင်းငွေကျပ် ၄၁၃ သိန်းကို အလီလီရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးအောင်စိုးမိုးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ အရ ပြင်ဦးလွင်မြို့နယ်တရားရုံး၌ အောက်တိုဘာ ၂၇ ရက်က တရားစွဲဆိုအရေးယူခဲ့ပြီး ဦးတင်နိုင်စိုးနှင့် ဦးကျော်ကျော်နိုင်တို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် အောက်တိုဘာလ ၂၈ ရက်နေ့က တရားစွဲဆိုအရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မန္တလေး အမျိုးသားသွေးလှူဘဏ်၌ သွေးရည်ကြည်လိုအပ်သည့်အခက်အခဲကို နေ့စဉ် ကြုံတွေ့နေရ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ အမျိုးသားသွေးလှူဘဏ်၌ သွေးရည်ကြည်လိုအပ်သည့် အခက်အခဲကို နေ့စဉ်ကြုံတွေ့နေရကြောင်း အဆိုပါ သွေးလှူဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လိုအပ်သည့် သွေးရည်ကြည်ကို အမျိုးသားများ၏ သွေးမှသာ ထုတ်ယူအသုံးပြုနိုင်ကြောင်း၊ အရေးပေါ် သွေးလိုအပ်လျှင် အလှူရှင်ရှိသော်လည်း သွေးအတွင်း ငှက်ဖျားပိုး၊ ကာလသားပိုး၊ HIV/AIDS၊ B ပိုး၊ C ပိုး စသည့်ရောဂါပိုးထဲမှ တစ်မျိုးရှိပါက အသုံးပြု၍ မရကြောင်း၊ သွေးရည်ကြည်သည် အခြားသွေးများကဲ့သို့ သိုလှောင်ထား၍ မရကြောင်း သိရသည်။

"သွေးရည်ကြည်ကို အမျိုးသားတွေရဲ့သွေးကနေပဲထုတ်ယူပြီး သွေးရောဂါသည် လူနာတွေအတွက် သုံးတာပါ။ သွေးလှူတဲ့သူတွေကလည်း နည်းတဲ့အပြင် သွေးရည်ကြည်က သိုလှောင်ထားလို့ မရတဲ့အတွက် အခက်အခဲရှိပါတယ်။ သွေးလှူဒါန်းပွဲတွေရှိရင်တော့ သွေးရည်ကြည်လိုအပ်တဲ့ အခက်အခဲက နည်းနည်းတော့ လျော့သွားပါတယ်"ဟု ၎င်းက ပြောကြားသည်။

အမျိုးသားသွေးလှူဘဏ်မှ နေ့စဉ် သွေးအိတ်အလုံးပေါင်း ၁၅၀ မှ ၂၀၀အထိ ထောက်ပံ့ပေးရပြီး သွေးရည်ကြည်လိုအပ်သော လူနာများအတွက် နေ့စဉ် အိတ်အလုံးပေါင်း ၄၀ မှ ၆၀ အထိ ထောက်ပံ့ပေးရကြောင်း၊ သွေးလိုအပ်ချက်အတွက် နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် ရှာဖွေရကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## မိုးရွာသွန်းမှုကြောင့် ကုက္ကိုပင် လဲကျ၍ နေအိမ်တစ်လုံးပျက်စီး

**ချောင်းဦး အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောကျောင်းလေးကျေးရွာ၌ အောက်တိုဘာ ၂၇ ရက်ညက မိုးရွာသွန်းမှုကြောင့် ဦးကျော်ဇော်၏နေအိမ်ဝင်းအတွင်းရှိ လက်နှစ်ဖက်ခန့်ရှိသော ကုက္ကိုပင်သည် အမြစ်ကျွတ်၍ ၎င်းတို့၏နေအိမ်ပေါ်သို့ လဲကျခဲ့ကြောင်း သိရသည်။

သစ်ပင်လဲကျမှုကြောင့် ခြောက်ပင် ငါးခန်းရှိသည့် သွပ်မိုး၊ ကပ်ကာ တစ်ထပ်အဆောက်အအုံ၏ အခန်းသုံးခန်းပျက်စီးပြီး ဗီရိုတစ်လုံး၊ ခုတင်တစ်လုံးနှင့် ပဲငါးတင်းခန့် ပျက်စီးဆုံးရှုံးခဲ့ရာ လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် မိသားစုဝင် အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ခုနစ်ဦးတို့မှာ ပျက်စီးမှုမရှိသည့် ၎င်းတို့၏ နေအိမ်အခန်းနှစ်ခန်း၌ နေထိုင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**

## ရာမောင်ကြိုးတံတားပျက်စီးမှုကြောင့် ခရီးသည်များ သွားလာရေးခက်ခဲ

ရန်ကုန် -စစ်တွေ ပြည်ထောင်စုလမ်းမကြီး မင်းပြားမြို့၏မြောက်ဘက် လေးမိုင်ခန့်အကွာ ပလက်ဝမြို့မြစ်အရှေ့ဘက်နှင့် အနောက်ဘက်ကို ဖြတ်သန်းဖောက်လုပ်တည်ဆောက်ထားသော လေးမြို့မြစ်ကူး ရာမောင်ကြိုးတံတားသည် ၂၀၁၅ ခုနှစ် ရခိုင်ပြည်နယ်မြောက်ပိုင်းတစ်ခွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့စဉ်က အနောက်ဘက်ချဉ်းကပ်လမ်းကြိုးဆိုင်းအုတ်ခုံအနည်းငယ် အက်ကွဲမှုနှင့်အတူ တံတားအလယ်ကြမ်းခင်းသံပေါင်အချို့နိမ့်ဆင်းသွားမှုကြောင့် ခရီးသွားပြည်သူများ သွားလာရေးခက်ခဲကြောင်း သိရသည်။

ရန်ကုန်မှစစ်တွေ-စစ်တွေမှ ရန်ကုန် နေ့စဉ်သွားလာနေကြသည့် ခရီးသည်တင်ယာဉ်ကြီးများသည် ကြိုးတံတားအရှေ့ အနောက်ဘက်သို့ ရောက်ရှိသည်နှင့် ခရီးသည်များကို တံတားပေါ်မှ ခြေကျင်လျှောက်စေခြင်း၊ ခရီးသည်မဲ့ကားစင်းလုံးဖြတ်သန်းခြင်းဖြင့် နေ့စဉ် အသွားအပြန် ခက်ခဲစွာ ဆောင်ရွက်နေရပြီး အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့လည်း ဖြစ်နေသည်။

ဤကြိုးတံတားမှာ ရန်ကုန်-စစ်တွေလမ်းပိုင်းကို ကားဖြင့်အသုံးပြုသွားလာနေကြရသည့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များအတွက် မရှိမဖြစ်လိုအပ်နေသည့် အဓိကကျသော တံတားတစ်စင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါတံတားသည် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့စဉ်က တံတားခံနိုင်ရည်နိမ့်ကျကာ ယာဉ်သွားလာရေးအခက်အခဲနှင့် ကြုံတွေ့နေရသည့်အတွက် တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးပြုပြင်ပေးပါရန် ခရီးသွားပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ကျော့-ပလက်ဝ**

## လေးထပ်တိုက်ခေါင်မိုးပေါ်မှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ နဝရတ်ရိပ်သာ တိုက်အမှတ်(၉၇)လေးထပ် တိုက်ခေါင်မိုးပေါ်မှ အောက်တိုဘာ ၂၇ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က ပြုတ်ကျသည့်အသံတစ်သံကြား၍ မြေညီထပ်အခန်း(၂)၌ နေထိုင်သူများက သွားရောက်ကြည့်ရှုရာ တိုက်ရှေ့မျက်နှာစာ၌ လဲကျနေသောလူတစ်ဦးကို တွေ့ရှိရသဖြင့် တာဝန်ရှိသူများထံ သတင်းပို့ခဲ့သည်။

အခင်းဖြစ်ရာသို့ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ကွန်ကရစ်ကြမ်းခင်းပေါ်၌ ဒဏ်ရာများဖြင့် သတိလစ်နေသော နိုင်ငံခြားသားတစ်ဦးကို တွေ့ရှိခဲ့ရသဖြင့် အရေးပေါ်ကုသမှုများဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ဆက်လက်ပို့ဆောင်ခဲ့သည်။

ယင်းနောက် လေးထပ်တိုက်ခေါင်မိုးပေါ်သို့ သွားရောက်စစ်ဆေးရာ စက္ကူဂျပ်ဖာပုံးတစ်ခုကိုတွေ့ရှိရပြီး ယင်းဂျပ်ဖာအတွင်းမှ ဩစတြေးလျနိုင်ငံသား PHODES LACHLAN WILLIAM အမည်ပါ Passpost No. PA 1148794 တစ်ခု၊ မြဝတီ-ရန်ကုန် ကားလက်မှတ်တစ်စောင်၊ ရုပ်ရှင်ရုံဝင်လက်မှတ်တစ်စောင်၊ ရှူးဖိနပ်တစ်ရန်၊ ipad တစ်လုံး၊ ပိုက်ဆံအိတ်တစ်လုံးနှင့် ငွေစက္ကူများ၊ Credit Card ၁ ခု၊ Learner Permit Card တစ်ခု၊ Travel Vaccination စာအုပ်တစ်အုပ်၊ ဘောင်းဘီနှစ်ထည်တို့ကို စစ်ဆေးတွေ့ရှိခဲ့ပြီး ဒဂုံမြို့နယ်ရဲစခန်းသို့ အပ်နှံခဲ့ကြောင်း သိရှိရသည်။

အဆိုပါတိုက်ပေါ်မှပြုတ်ကျသူ ဩစတြေးလျနိုင်ငံသားသည် ရရှိသည့်ဒဏ်ရာများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက် ၂ နာရီ ၁၀ မိနစ်က သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်၌ နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**


**Asia Top** မှ တနင်္ဆောင်တိုင်ဘုရားဖူးခရီးစဉ်
▲ကရင်ပြည်နယ် ဘားအံ၊ မြဝတီ၊ မဲဆောက် လမ်းဘုရားစုံ
▲တောင်ကြီး(မီးပုံးပျံပွဲတော်)၊ အင်းလေး၊ ပင်းတယ၊ ကဲ့လုံ၊ ထမ့်စမ်း၊ ကက္ကူ-လွိုင်ကော်ပါ
▲ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင်၊ သရက်ခွန်ဘုရား
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(မင်းကွန်း) အပတ်စဉ်-သောကြာ
▲ထားဝယ်၊ ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ
▲ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) ထမင်းကျွေး/တည်းခိုခန်းခ/တာဝ်ဆင့်သွားကားခ/ဘားလုံးဝရိုက်ပြီး
0943164118, 09421099574, 098635520 ✦ ကားမျိုးစုံစီးလုံးငှားအော်ဒါလက်ခံသည်


### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2621 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/7708 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၁-၂၀၁၆ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၉၇၂၃ Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းထွေးမွန် ၁၃/မဆတ(နိုင်)၀၀၁၅၁၈ကက(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1A/9684 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၂၉၇၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/5550၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်-၁၁၄၀၊ မြေကွက်တည်နေရာအမှတ်(၁၁၄၀)၊ သရဖီ(၇)လမ်း၊ ၃၄ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးခင်ထွန်း) ISN-၀၇၃၃၄၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား ဂရန်အမည်ပေါက် ဦးခင်ထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်စန်းရွှေ ၁၂/လမန(နိုင်)၀၁၄၆၇၈မှ ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်းပုံစံ(၁၀)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီးမော့ဆိုမြို့နယ်၌ သေနတ် ငါးလက်နှင့် လက်နက်ပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



**ဒီးမော့ဆို အောက်တိုဘာ ၂၈**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာအုပ်စု ဆော်ပထန်ကျေးရွာနေ ဦးမိုင်းစူ(ခ) ဦးအေးဟန် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ M 21 အမျိုးအစား သေနတ်တစ်လက်၊ တစ်တောင့်ထိုး လုပ်သေနတ် တစ်လက်၊ တူမီးသေနတ်သုံးလက် စုစုပေါင်းသေနတ်ငါးလက်နှင့် သေနတ်ပြုလုပ်ရာတွင် အသုံးပြုသောဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် ညနေ ၃ နာရီခွဲက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဒီးမော့ဆိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဆောင်ဒူလာကျေးရွာအုပ်စု ဆော်ပထန်ကျေးရွာနေ ဦးမိုင်းစူ(ခ) ဦးအေးဟန်နေအိမ်သို့ဝင်ရောက်ရှာဖွေရာ M21 အမျိုးအစား သေနတ်တစ်လက်၊ တစ်တောင့်ထိုးလုပ်သေနတ်တစ်လက်၊ တူမီးသေနတ်သုံးလက် စုစုပေါင်း သေနတ်ငါးလက်နှင့် လက်နက်အပိုင်းအစများ၊ သေနတ်ပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင်လက်နက်နှင့် ဆက်စပ်ပစ္စည်းများကို လိုင်စင်မဲ့ ကိုင်ဆောင်ပြုလုပ်သူ ဦးမိုင်းစူ(ခ) ဦးအေးဟန် (၄၉ နှစ်) အား ဒီးမော့ဆိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## သိန်းနီမြို့၌ ငွေကျပ်သိန်း ၆၆၆၀ တန်ဖိုးရှိ ဘိန်းညိုမှုန့်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၆ ရက်က သိန်းနီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး ရန်ယုံစိန်မောင်းနှင်ပြီး လော်လောက်မြင့် လိုက်ပါလာသည့် တိုယိုတာဟိုင်းလပ်မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းညိုမှုန့် ၇၄ ကီလို (ယင်းဒေသတန်ဖိုးငွေကျပ် သိန်း ၆၆၆၀) သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၂၅ ရက်က သိန်းနီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် သိန်းနီမြို့နယ် ကုန်းညောင်ကျေးရွာ ရွာလယ်လမ်းပေါ်တွင် တိုယိုတာပတ်ဆိုအမျိုးအစား မော်တော်ယာဉ်ဖြင့်တွေ့ရှိသူ လုံးမွန်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၆ ပြားသိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## စက်တပ်လှေနှစ်စင်းဖြင့် ကျွန်းသစ်များဖောင်တွဲ၍ ဆွဲယူလာစဉ် ဖမ်းမိ

**အင်းတော် အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာချောင်းအတွင်း သဲချောင်းရွာအနီး ချောင်းအတွင်းမှ ကျွန်းသစ် ၂၈ လုံး(၆ ဒသမ ၈၀) တန်အား စက်တပ်လှေနှစ်စင်းဖြင့် ဖောင်တွဲ၍ ဆွဲယူလာစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွန်းသစ်လုံးများကို အင်းတော်မြို့နယ် သစ်တောဦးစီးဌာန၊ ကသာခရိုင် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင်ကျွန်းသစ်များသယ်ဆောင်လာသူ မန္တလေးတိုင်းဒေသကြီး တကောင်းမြို့နေသူများဖြစ်သည့် ဖိုးချမ်း(၃၁ နှစ်)၊ လင်းအောင် (၃၅ နှစ်)နှင့် နိုင်မင်းထွန်း (၂၉ နှစ်)တို့သုံးဦးကို အင်းတော်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## လေယာဉ်ကွင်းရှေ့ရဲကင်းအား ယာဉ်တစ်စီး အရှိန်လွန်ဝင်တိုက်

**မော်လမြိုင် အောက်တိုဘာ ၂၈**

မော်လမြိုင်မြို့တောင်ဝိုင်းရပ် မော်လမြိုင်လေဆိပ်အဝင်ဝတွင် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက မော်လမြိုင်လေယာဉ်ကွင်းရှေ့ရှိ ရဲကင်းကို ဗုဒ္ဓဝင်တောင်ဝိုင်းရပ် လေယာဉ်ကွင်းလမ်းအတိုင်းမောင်းနှင်လာသော YGN 5H/-------မော်တော်ယာဉ်မှာ အရှိန်လွန်ပြီးဝင်ရောက်ခဲ့ရာ ယာဉ်မောင်းသူမှာ လေအိတ်ပွင့်၍ ကားပြတင်းပေါက်မှ ထွက်ကျသွားခဲ့သဖြင့် မော်လမြိုင် လူမှုကယ်ဆယ်ရေး Rescue အဖွဲ့မှ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ပေးခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## ဆန်အိတ်များတင်ဆောင်လာသော ယာဉ်တိမ်းမှောက်

**ညောင်လေးပင် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်း ထော်နွတ်ကျေးရွာအနီး၌ အောက်တိုဘာ ၂၈ ရက် နံနက် ၅ နာရီခွဲက ဆန်အိတ်များတင်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၀၇/၂)၌ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့(၃)ရပ်ကွက် အကူယာဉ်မောင်း ဟိန်းစိုး(၂၃ နှစ်)မောင်းနှင်လာသည့် 6I/---- ၁၂ ဘီးယာဉ်သည် လမ်း၏အနောက်ဘက်သို့ထိုးကျတိမ်းမှောက်ခဲ့ရာ အကူယာဉ်မောင်းနှင့် ယာဉ်မောင်းချစ်မျိုးဆွေ(၂၉ နှစ်)တို့မှာ ဒဏ်ရာရရှိခြင်းမရှိသော်လည်း ယာဉ်ပေါ်တွင်တင်ဆောင်လာသော ဆန်အိတ် ၂၀ ရေဝင်ပျက်စီးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသူ ဟိန်းစိုးကို ပိန်းဇလုပ်နယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ရေနီမြို့အဝင်၌ ကွန်တိန်နာယာဉ် အရှိန်လွန်တိမ်းမှောက်

**ရေတာရှည် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့တောင်ဘက်အထွက် ရန်ကုန်-မန္တလေးကားလမ်းကွေ့၌ အောက်တိုဘာ ၂၈ ရက် နံနက် ၆ နာရီက ကွန်တိန်နာ ၂၂ ဘီးယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ဝင်းထွဋ်(၂၉ နှစ်)ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်လာသော 1L/----ကွန်တိန်နာယာဉ်မှာ အေးမြနန္ဒာရပ်ကွက်အနီးလမ်းကွေ့၌ အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ရေနီနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



**တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်**

ဒေါ်ခင်အေးဝင်း(ခ)ဒေါ်ဥမ္မာခင် (ဘ) ဦးခင်မောင် မှတ်ပုံတင်အမှတ် ၇/တငန (နိုင်)၀၀၉၈၅၅ အရ မွေးသက္ကရာဇ်အမှန်မှာ ၅-၅-၁၉၅၇ ဖြစ်ပါကြောင်း။

ဒေါ်ဥမ္မာခင်

**မိဘအမည်မှန်**

ဟသ်ာတခရိုင်၊ ဒူးယားမြို့ အထက ဒူးယား၊ စတုတ္ထတန်းမှ မောင်သန့်စင်ဖြိုး၏ မိဘအမည်မှန်မှာ ဦးသိန်းထွန်းနှင့် ဒေါ်ဇင်မာစိုး ၁၄/ဟသတ (နိုင်)၂၃၆၄၅၃ ဖြစ်ပါသည်။

ဦးသိန်းထွန်း-ဒေါ်ဇင်မာစိုး

**ပျောက်ဆုံးကြောင်း**

ကျွန်မ မသိန်းသိန်းဝင်း ၁၀/ခဆန (နိုင်) ၀၇၉၃၉၄ ၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

**မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ပရိဘောဂနှင့်စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရုံးသုံးပရိဘောဂ၊ လေအေးပေးစက်နှင့် မီးအားမြှင့်စက် ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁၁-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ


၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁**

Since 1996
Home
Think of House, Think of Home
ပါကေးအစားထိုး ကြမ်းခင်း
Special Promotion



READY MADE FLOOR
100,000 ကျပ် ဝန်းကျင် မှစတင်၍
Buy "Floor" 2 ကျင်း → Get "Wall Covering" 1 ကျင်း လက်ဆောင်



** Selected items only ** Terms & conditions apply
အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီ မှတ်တိုင်၊ သက်န်းကျွန်း၊ ရန်ကုန်မြို့။ ☎ 09-79 700 70 73, 09-79 700 70 83

GoSafe Company Limited
GPS Online Tracking System
လစဉ်ကြေးမလို ရာသက်ပန်အခမဲ့သုံးနိုင်မည့် GPS Tracker အမျိုးမျိုး ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပါသည်။
လူကြီးမင်းတို့၏ ခလေးငယ်များ နှင့် သက်ကြီးမိဘဆွေမျိုးများ ၏ မိသားစုလုံခြုံရေး အတွက် GPS Personal Tracker နှင့် ကိုယ်ပိုင်ကားများ၊ စီးပွားရေးလုပ်ငန်းသုံး ကားများ အတွက် GPS Vehicle Car Tracker အမျိုးမျိုးရောင်းဝယ်ရေး



✧ခလေးငယ်များ နှင့် သက်ကြီးမိဘဆွေမျိုးများ ၏ လုံခြုံရေးအတွက် အသုံးပြု နိုင်ခြင်း၊ ကျောပိုးအိတ်၊ ဘောင်းဘီအိတ်၊ လက်ကိုင်အိတ်တို့တွင် ထည့်ပြီး သယ်သွားနိုင်သလို အရေးကြီးကုန်ပစ္စည်းများတွင် ထည့်သွင်းပေးလိုက်ခြင်းဖြင့် ဘယ်နေရာ ရောက်ရှိနေသလဲ၊ ဘယ်တွေသွားခဲ့သလဲပြန်ကြည့်နိုင်ခြင်း။
✧အုပ်ထိန်းသူတို့နှင့် ဖုန်းခေါ်ဆိုဆက်သွယ် စကားပြောနိုင်ပြီး ခလေးများဘေးကင်းရေး အတွက် ယုံကြည်စိတ်ချရသော လက်ပတ်နာရီ Personal Tracker ဖြစ်ပါတယ်။



✧ ရောက်ရှိရာနေရာအား အချိန်နှင့်တပြေးညီ သိနိုင်ခြင်း၊ သုံးလကြာသည်အထိ Record များအား ပြန်လည်ကြည့်နိုင်ခြင်း၊ လျှို့ဝှက်ဖုန်းခေါ်ခြင်းတို့အပြင်၊ ဆီလက်ကျန်၊ Mileage အပါအဝင် ကားကွန်ပျူတာ ထဲမှအချက်အလက်များကို ဖုန်း၊ computer တို့မှ ပြန်ကြည့်နိုင်သောပစ္စည်း ဖြစ်ပါသည်။ ကားကွန်ပျူတာ ပေါက် (OBD-Port) တွင် တပ်ဆင်ရမှာ ဖြစ်သည့်အတွက် ကျွမ်းကျင်သူမလို အသုံး ပြုသူတို့ ကိုယ်တိုင် တပ်ဆင်အသုံးပြုနိုင်ပါသည်။
✧ ဆိုင်ကယ်များတွင် လည်းအသုံးပြုနိုင်ပါသည်။
အသေးစိတ်အချက်အလက်များ သိရှိလိုပါက - ဖုန်း - Ph: 09 43158852, 09 442299772, 09 263949993, 09 73162649
အမှတ် (၇၉)၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Website : www.gosafe.com.mm။ Email: sales@gosafe.com.mm။ Facebook://www.facebook.com/gosafe.myanmar

# အရေးပေါ်ယာဉ်များနှင့် အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၈**

တော်ဝင်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းက အရေးပေါ်ယာဉ်များနှင့် ပရဟိတကျောင်းများသို့ အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက် ညပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်း အမှတ်(၁၉)ကုံကော်ဖြူခြံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဒါးက လူငယ် များပရဟိတအသင်းနှင့် စစ်ကိုင်းလူမှုကယ်ဆယ်ရေးအသင်းသို့ အရေးပေါ်ယာဉ် တစ်စီးစီနှင့် စာရွက်စာတမ်းများကိုလည်းကောင်း၊ တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက Max.c ပရဟိတလူငယ်များအဖွဲ့သို့ ငွေကျပ်သိန်း ၃၀၊ သထုံငယ်ရိပ်ဟောင်းပညာရေးဖောင်ဒေးရှင်းအတွက် ငွေကျပ်သိန်း ၂၀၊ စေတနာရှင်လူငယ်များအဖွဲ့သို့ ငွေကျပ် ၁၀ သိန်းတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**






# အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ မြန်မာနိုင်ငံ၌ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

**အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၇ အာရှယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(ဂ)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။**

ယင်းခြေစစ်ပွဲ ပွဲစဉ်များကို မူလက ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သော်လည်း ထိုင်းဘုရင် နတ်ရွာစံခဲ့သောကြောင့် အိမ်ရှင်နိုင်ငံ အပြောင်းအလဲဖြစ်ခဲ့ခြင်းဖြစ်သည်။ အာရှယူ-၁၉ ခြေစစ်ပွဲအုပ်စု (ဂ)ပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ ကာဂျစ္စတန်၊ ထိုင်းနှင့်ပါလက်စတိုင်းအသင်းတို့ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြေစစ်ပွဲတွင် အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲ ပွဲစဉ်ရေးဆွဲထားမှုအရ ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ထိုင်းနှင့် ကာဂျစ္စတန်၊ ညနေ ၆ နာရီတွင် မြန်မာနှင့်ပါလက်စတိုင်း၊ ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီတွင် ပါလက်စတိုင်းနှင့် ထိုင်း၊ ညနေ ၆ နာရီတွင် မြန်မာနှင့်ကာဂျစ္စတန်၊ ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီတွင် ပါလက်စတိုင်းနှင့် ကာဂျစ္စတန်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်ဆန်းပိုင်းကတည်းက လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ပြည်တွင်းအသင်းများနှင့် ခြေစမ်းကစားထားကာ ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အောင်စိုးမိုးကျော်-၂ ရေယာဉ်မောင်းသူ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ လာရောက်အဖမ်းခံ

ကနီ အောက်တိုဘာ ၂၈

**ယင်းမာပင်ခရိုင် ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး တိမ်းမှောက်နစ်မြုပ်သော အောင်စိုးမိုးကျော်-၂ ခရီးသည်တင်အမြန်ရေယာဉ်ကို မောင်းနှင်သည့် ကိုဇော်မျိုးဝင်းသည် တိမ်းမှောက်အပြီး ၁၃ ရက်မြောက်နေ့ အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီ ခန့်က စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ လာရောက်အဖမ်းခံခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူထံမှ သိရသည်။**

"ရေယာဉ်မောင်း ကိုဇော်မျိုးဝင်းက နံနက် ၁၀နာရီကျော်မှာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးကို လာရောက်အဖမ်းခံတဲ့အတွက် သက်ဆိုင်ရာ ကနီမြို့နယ် ရဲစခန်းကို နံနက် ၁၁ နာရီလောက်မှာ ရဲတပ်ဖွဲ့တွေက သွားရောက်ပို့ဆောင်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

အမြန်ရေယာဉ် တိမ်းမှောက်သည့် အောက်တိုဘာ ၁၅ ရက်က အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ်မှ ဝန်ထမ်းလေးဦးကို ကနီမြို့ မြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး ယခု ၁၃ ရက်အကြာတွင် လာရောက်အဖမ်းခံသူ ရေယာဉ်မောင်း ကိုဇော်မျိုးဝင်းကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့က သက်ဆိုင်ရာ ကနီမြို့နယ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

လူပေါင်း ၇၀ ကျော် သေဆုံးရှာဖွေတွေ့ရှိခဲ့သော အောင်စိုးမိုးကျော်-၂ ခရီးသည်တင် အမြန်ရေယာဉ်သည် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရညန)တွင် တရားဝင်မှတ်ပုံတင်ထားသည့်အမည်မှာ ရွှေသီဟဖြစ်ပြီး သက်ဆိုင်ရာဌာနသို့ အကြောင်းကြားခြင်းမရှိဘဲ အောင်စိုးမိုးကျော်-၂ ဟု တရားမဝင်အမည်ပြောင်းကာ ပြေးဆွဲပြီး သတ်မှတ်ခရီးသည် ၃၆ ဦး ထက် ပိုမိုတင်ဆောင်ခဲ့သောကြောင့် တိမ်းမှောက်မှုဖြစ်ပွားရာတွင် အသက်များစွာဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရ၏ ရေယာဉ်မှောက်ဖြစ်စဉ် မှတ်တမ်းမှ သိရသည်။

ထို့အပြင် အမြန်ရေယာဉ်၏လုပ်ငန်းလိုင်စင်သက်တမ်းမှာလည်း ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးခဲ့ပြီးဖြစ်ကြောင်း၊ အမြန်ရေယာဉ်နစ်မြုပ်မှုကြောင့် လက်ရှိအချိန်အထိ ခရီးသည် ၁၅၉ ဦးကို ဆယ်ယူကယ်ဆယ်နိုင်ခဲ့ကာ သေဆုံးသူ ရုပ်အလောင်း ၇၃ လောင်းကို တွေ့ရှိထားပြီး ပျောက်ဆုံးနေသူ ခုနစ်ဦး ရှိနေသေးကြောင်း ထုတ်ပြန်ချက်တွင် တွေ့ရသည်။ ရေယာဉ်တိမ်းမှောက်နစ်မြုပ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကနီမြို့ မြို့မရဲစခန်းက (ပ) ၁၅၄/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၂၈၀/၃၀၄-ကအရ အမှုရေးဖွင့်ပြီး ရဲအုပ်မျိုးကျော်က တရားလိုအဖြစ် တိုင်တန်းအမှုဖွင့်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
### အဆင့်မြင့်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) နှင့် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသူများအား အဆင့်မြင့်တက္ကသိုလ်များဖြစ်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) ဝင်ခွင့်လျှောက်ထားသူသည် ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အနိမ့်ဆုံးရမှတ် (၄၂၀)မှတ် ရရှိထားသူ ဖြစ်ရမည်။

(ခ) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် တည်ဆဲ နိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများတွင် အမြဲနေထိုင်သူ ဖြစ်ရမည်။

(ဃ) အခြေခံပညာအဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများကို ၄င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၄င်းဒေသများရှိ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ (သို့မဟုတ်)အထက်တန်းကျောင်း/စာစစ်ဌာနမရှိခြင်းနှင့် အထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများတွင် တက်ရောက်၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများ ဖြစ်ရမည်။

(င) ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်ထားသူများ ဖြစ်ရမည်-

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

၂။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း(မူရင်း)(၁)စောင်

(ခ) အထက်အပိုဒ်(၁)ပါဒေသများရှိကျောင်းများတွင် သုံးနှစ်ဆက်တိုက်တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၄င်းဒေသရှိ စာစစ်ဌာနများမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ထောက်ခံချက်(မူရင်း)များ၊

(ဂ) အိမ်ထောင်စုဇယားမိတ္တူနှင့် ၄င်းဒေသတွင် သုံးနှစ်ဆက်တိုက် နေထိုင်သူ ဖြစ်ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ထောက်ခံချက်၊

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ၊

(င) လိုင်စင်ဓာတ်ပုံအရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံ၊

၃။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းပညာရေးမှူးရုံး/ပြည်နယ်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ အဆင့်မြင့် တက္ကသိုလ်များတွင်လည်းကောင်း၊ ကျောင်းသားရေးရာဌာနခွဲ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင်လည်းကောင်း ၁-၁၁-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်အတွင်း အခမဲ့ထုတ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာများကို ၃၀-၁၁-၂၀၁၆ရက် နောက်ဆုံးထား၍ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

၅။ သတ်မှတ်လျှောက်လွှာပိတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ သတ်မှတ်ချက်များနှင့်ကိုက်ညီသောလျှောက်လွှာများကို အဆင့်မြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးကော်မတီမှ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၇။ အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန၊ ဆက်သွယ်ရန်တယ်လီ ဖုန်းအမှတ် ၀၆၇-၄၀၄၃၆၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ခြင်းခံရသူစာရင်းအား ၁၉-၁၂-၂၀၁၆ရက်တွင် အဆင့်မြင့်တက္ကသိုလ်များနှင့် ကျောင်းသားရေးရာဌာနခွဲ၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်၌ ကြေညာပေးသွားမည်ဖြစ်ပါသည်။

**(မှတ်ချက်။** လျှောက်လွှာများအား အစိုးရရုံးပိတ်ရက်များတွင်လည်း လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားပေးမည်မဟုတ်ပါ။)

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်ဦးစီးမှူးရုံး အလျား ပေ ၇၀၊ အနံ ၄၆ပေ၊ အမြင့် ၁၂ပေ၊ အတွင်းလျှပ်စစ်မီး၊ ရေသန့်၊ မိလ္လာ၊ အရှည် ၃၂၅ ပေအား ခြောက်ပေအမြင့် ချိန်းလင့်ခြံစည်းရိုး RC တိုင်အပါအဝင် သွပ်မိုး၊ RC ကွန်ကရစ်ခင်း တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့အစည်းများထံ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | ၂၅-၁၀-၂၀၁၆ရက် |
| **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၂၅-၁၁-၂၀၁၆ရက် ညနေ ၁၆း၃၀နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၃၀-၁၁-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီ |

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၂၉၄၉၊ ၀၇၁-၂၂၉၈၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်မှန်

ဦးခင်စန်းဦး၏သား သံဖြူဇရပ်မြို့နယ်၊ (မူလွန်) ဝယ်သွန်ချောင်ကျေးရွာ၊ ပဥ္စမတန်းမှ မောင်ဇာနည်အောင်၏ အမည်မှန်မှာ မောင်ဆန်နီအောင် ဖြစ်ပါကြောင်း။

**မောင်ဆန်နီအောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/3083 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ရွှေပြည်ကောလိပ်အာစရိယပူဇော်ပွဲကျင်းပမည်

ရွှေတောင်ဒေသကောလိပ်၊ ပြည်ဒေသကောလိပ်၊ ပြည်ကောလိပ်(၁၉၇၆/၇၇-၁၉၈၇/၈၈) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၄ ရက် (တနင်္လာနေ့)တွင်ပြည်တက္ကသိုလ်၌ ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)ပြည့်ပြီး (၂)နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဆရာ ဆရာမကြီးများ၊ ဖိတ်စာရပြီး ဆရာ ဆရာမကြီးများကိုယ်တိုင် တက်ရောက်ကန်တော့ခံနိုင်ရန် ၂၀၁၆ နိုဝင်ဘာ ၅ ရက် နောက်ဆုံးထား၍ အောက်ပါဖုန်းလိပ်စာများသို့ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

| | | | |
|---|---|---|---|
| **၁။ ဦးလှဝင်း** | **ဖုန်း-၀၉-၅၁၃၀၈၆၆** | **၅။ ဦးအေးချို** | **ဖုန်း-၀၉-၂၅၄၈၄၀၀၀၄** |
| **၂။ ဦးခင်မောင်ဝင်း** | **ဖုန်း-၀၉-၄၂၃၆၆၃၄၀၈** | **၆။ ဦးသိန်းဇော်အေး** | **ဖုန်း-၀၉-၇၉၁၁၇၇၉၃၆** |
| **၃။ ဦးလှကျော်** | **ဖုန်း-၀၉-၄၀၃၇၀၅၂၅၂** | **၇။ ဦးမျိုးဇော်** | **ဖုန်း-၀၉-၂၅၃၀၉၅၈၆၃** |
| **၄။ ဦးဇော်ဝင်း** | **ဖုန်း-၀၉-၅၃၁၁၅၉၃** | | |

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1E-1451 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# အရိပ်မဲ့ပန်းလေးများနားခိုရာ

**မလေးနွယ် (Phil)**

တစ်နေ့မှာမထင်မှတ်ဘဲ ကျွန်မတို့ သူငယ်ချင်းတစ်စုဟာ နေပြည်တော်၊ လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ ပေါက်မြိုင်ကျေးရွာအုပ်စု ပေါက်မြိုင်တိုက်သစ်ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တကုသလရဲ့ကျေးဇူးနဲ့ "စမ" တောင်ကိုဘုရားဖူးရောက်ခဲ့ပါတယ်။ အဲဒီတောင်ကို လွန်ခဲ့တဲ့ ၁၀နှစ်က ကျွန်မတစ်ခေါက်ရောက်ခဲ့ပြီး အခုဒုတိယအကြိမ်အဖြစ် ထပ်မံရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခင်ကျွန်မရောက်ခဲ့စဉ်နဲ့ ကွာခြားချက်များစွာကိုလည်း မြင်တွေ့ခွင့်ရခဲ့ပါတယ်။ "စမ" တောင်သို့ အဝင်လမ်းကစလို့ အရာရာသာယာလာခဲ့ပုံများကို မြင်တွေ့ရလို့ ဝမ်းသာမိပါတယ်။ ယခင်က လမ်းခရီးမသာခဲ့ပါဘူး။ ကားမောင်းဝင်လို့ရတယ်ဆိုရုံပဲရှိပြီးမိုးတွင်းကာလဖြစ်လို့ လမ်းခရီးလည်းကြမ်းပါတယ်။ တောင်ပေါ်မှာ မပြောင်းလဲသေးတာကတော့ ဘုရားဖူးလာသူများကိုသက်သတ်လွတ် ထမင်းကျွေးခြင်းပဲဖြစ်ပါတယ်။ ယခင်ရောက်ခဲ့စဉ်က မိဘမဲ့ကလေးများ ဂေဟာရှိကြောင်းကြားသိခဲ့ရပေမယ့် ဒီနေ့မှာတော့ ကလေးများရှိတဲ့ လူငယ်ပရဟိတဂေဟာကိုပါ သွားရောက်လေ့လာပြီး တတ်နိုင်သမျှ အလှူဒါနပြုခွင့်လည်းရခဲ့ပါတယ်။

ဂေဟာသို့ရောက်ရောက်ချင်း ကလေးငယ်များထားရာ အခန်းထဲဝင်ကြည့်မိတော့ ကလေးငယ်များ အရွယ်စုံကိုနို့ဘူးလေးကိုယ်စီနဲ့ တွေ့ရပါတယ်။ ခုတင်ပေါ်မှာနို့စို့နေတဲ့ကလေးများကို ကြည့်နေချိန်ကလေးမလေးတစ်ယောက်က ကျွန်မရဲ့ထဘီစကို ဆွဲနေလို့ကြည့်လိုက်တော့ သူ့ကို ချီစေချင်လို့မျက်နှာငယ်လေးနဲ့ ကျွန်မကိုပြန်ကြည့်နေပါတယ်။ ကျွန်မလည်းကရုဏာသက်စွာနဲ့ချီလိုက်တော့ မျက်နှာလေးဝင်းပပြီးရယ်ပြပါတယ်။ ကျွန်မတို့သူငယ်ချင်းတစ်စုလည်း ကလေးများကို ချီရင်းပိုးရင်းနဲ့ ဂေဟာက တာဝန်ရှိသူရဲ့ရှင်းပြချက်ကို နားစွင့်လို့နေခဲ့ပါတယ်။ တစ်ယောက်ကိုချီရင် နောက်တစ်ယောက်ကလည်းချီပါဆိုပြီးပေါင်ပေါ်ပြေးတက်ကြ၊ ရယ်ပြကြ၊ ရင်ခွင်ထဲတိုးဝင်ကြနဲ့ သူတို့လေးတွေ ငတ်မွတ်တောင့်တနေတဲ့ ချစ်ခြင်းမေတ္တာကို မိနစ်ပိုင်းလောက်ပေးခဲ့မိပါတယ်။ ကလေးတစ်ဦးချင်း၊ တစ်ယောက်ချင်းကို နှစ်သိမ့်မှုမပေးနိုင်ခဲ့သော်လည်း ကလေးတချို့ရဲ့လိုအပ်နေတဲ့ကွက်လပ်လေးကို ခေတ္တဖြည့်ဆည်းပေးနိုင်ခဲ့တဲ့ ကျွန်မတို့မှာလည်း ဝမ်းသာပီတိဖြစ်ရပါတယ်။

မိဘရင်ခွင်မှာနေရမယ့်အချိန် အတိတ်ဘဝက ဝဋ်ကြွေးတွေကြောင့် မိဘမဲ့ဖြစ်နေရတဲ့ ဘဝလေးများက ရက်သား၊ လသားမှစလို့ အရွယ်စုံ၊ မွေးဖွားရာဒေသမတူညီကြသော်လည်း ရေစက်တစ်ခုကြောင့် တစ်နေရာတည်းမှာဆုံလာကြရတဲ့ သူတို့လေးတွေဟာလည်း တစ်ဦးနှင့်တစ်ဦး အရွယ်အလိုက် ဆင့်ကဲဆင့်ကဲအပြန်အလှန်ထိန်းကျောင်းနေကြပါတယ်။ မေတ္တာငတ်သူချင်း အပြန်အလှန်မေတ္တာတွေပေးနေကြတာဟာ မြင်ရသူများအဖို့ သနားကရုဏာသက်စရာ မြင်ကွင်းလေးအဖြစ်ခံစားရစေပါတယ်။

ကျွန်မတို့ရောက်ခဲ့တဲ့ "စမ"တောင်ပေါ်မှာ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကို ၁၉၉၀ ပြည့်နှစ်မှာ "စမ" တောင်ဆရာတော် ဘဒ္ဒန္တဝိမလနဲ့ ဘဒ္ဒန္တဉာဏိန္ဒ(ကျောင်းအုပ်ချုပ်မှုဆရာတော်) တို့က ရင်ခွင်မဲ့ရင်သွေးငယ်များအားပြုစုပျိုးထောင်ပေးဖို့အတွက် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်ကို ကလေးငယ်လေးဦးနဲ့ စတင်ဖွင့်လှစ်ခဲ့ပြီး တစ်လအတွင်းမှာပဲ ကလေးငယ် ၂၅ ဦးဖြစ်လာကာ ကလေးများရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာသင်ကြားရေးတို့တွင် အခက်အခဲများစွာဖြင့်ကြုံခဲ့ရပြီး ဆရာတော်နှစ်ပါးရဲ့မေတ္တာနဲ့ ကလေးများအား ပျိုးထောင်ပေးနိုင်ခဲ့ပုံ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပညာသင်ကြားရန် အခက်တွေ့နေသောကလေးငယ်များရဲ့ကျောင်းပညာရေးမှစ၍အသက်မွေးမှုပညာများ ကိုပါ ထောက်ပံ့သင်ကြားပေးလျက်ရှိရာ မူလတန်းမှသည် တက္ကသိုလ်ဘွဲ့ရများဖြစ်သည်အထိ မွေးထုတ်ပေးနိုင်ခဲ့ပုံနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း ချမ်းသာသုခဆေးရုံမှ ဒေါက်တာကျော်ဇင်ဝင်း၊ ဆေးမှူးဦးကျော်မိုးနဲ့ သူနာပြုဆရာမဒေါ်နော်အဲပလင်းတို့က ပရဟိတစိတ်ကို အရင်းတည်ပြီး မေတ္တာရှေ့ထားကာ ပြုစုစောင့်ရှောက်ပေးလျက်ရှိမှုကို သိရှိခွင့်ရခဲ့ပါတယ်။

ယခင်က ဝါးကျောင်းလေးနဲ့ အစပြုခဲ့သော်လည်း ဆရာတော်များရဲ့မေတ္တာ၊ အလှူရှင်များရဲ့စေတနာသဒ္ဓါတရားတို့ကြောင့် ယခုဆိုရင် အဆောက်အအုံအခိုင်အမာဖြင့် ဖွံ့ဖြိုးလာခဲ့ပြီဖြစ်ရာနောင်တစ်ချိန်တွင် သက်ကြီးရွယ်အိုများအားစောင့်ရှောက်ခြင်း၊ ပရဟိတလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိတာကိုလည်း သိရှိခွင့်ရခဲ့ပါတယ်။

ယခုအခါ ပရဟိတကျောင်းတွင် ဘွဲ့ရ ၂၆ ဦး၊ ဗိုလ်လောင်းလေးဦး၊ သူနာပြု ၁၂ ဦး၊ GTC ကျောင်းသား ကျောင်းသူ ခုနစ်ဦး၊ ကွန်ပျူတာ တစ်ဦး၊ တိုင်းရင်းသားတက္ကသိုလ် နှစ်ဦး၊ အဝေးသင်တက္ကသိုလ် ၁၅ ဦး၊ ဒသမတန်း ၄၀၊ နဝမတန်း ၄၉ ဦး၊ အဋ္ဌမတန်း ၆၀၊ သတ္တမတန်း ၅၁ ဦး၊ ဆဋ္ဌမတန်း ၃၉ ဦး၊ ပဉ္စမတန်း ၅၇ ဦး၊ စတုတ္ထတန်း ၃၅ ဦး၊ တတိယတန်း ၅၆ ဦး၊ ဒုတိယတန်း ၃၅ ဦး၊ ပထမတန်း ၃၃ ဦး၊ KG တန်း ၃၆ ဦးနှင့်မူ ကြို ၄၀ ရှိပြီးနို့ဘူးတိုက်ရသော ကလေးငယ် ၆၆ ဦးစုစုပေါင်း ၆၆၄ ဦးအား ပျိုးထောင်မွေးထုတ်ပေးခဲ့ပါတယ်ဟု ဂေဟာရှိ အလှူငွေ လက်ခံသော ညီမလေးတစ်ဦးက ရှင်းပြ၍ လေ့လာမှတ်သားခွင့်ရခဲ့ပါတယ်။

ထို့ကြောင့် အရိပ်မဲ့ ပန်းလေးများရဲ့ နားခိုရာ "စမ"တောင်လူငယ်ဖွံ့ဖြိုးရေးဂေဟာတွင် လိုအပ်နေဆဲဖြစ်သော ကွက်လပ်လေးများအား ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများမှအစ အလှူငွေများ သဒ္ဓါသရွေ့ပါဝင်လှူဒါန်းနိုင်သဖြင့် လှူဒါန်းလိုသူများအနေနဲ့ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (ကျောင်းအုပ်ချုပ်မှုဆရာတော်)မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်၊ "စမ" တောင်သာဝတ္ထိမြို့နေပြည်တော် ဖုန်း- ၀၉-၄၉၂၀၅၅၃၁၊ ၀၉-၄၂၀၇၅၇၀၇၀နှင့် ၀၉-၇၀၀၀၈၈၂၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

**မိဘရင်ခွင်မှာနေရမယ့်အချိန် အတိတ်ဘဝက ဝဋ်ကြွေးတွေကြောင့် မိဘမဲ့ဖြစ် နေရတဲ့ ဘဝလေးများက ရက်သား၊ လသားမှစလို့ အရွယ်စုံ၊ မွေးဖွားရာဒေသ မတူညီကြသော်လည်း ရေစက်တစ်ခုကြောင့် တစ်နေရာတည်းမှာဆုံလာကြရတဲ့ သူတို့လေးတွေဟာလည်း တစ်ဦးနှင့်တစ်ဦး အရွယ်အလိုက် ဆင့်ကဲဆင့်ကဲ အပြန်အလှန်ထိန်း ကျောင်းနေကြပါတယ်။ မေတ္တာငတ်သူချင်း အပြန်အလှန်မေတ္တာတွေပေးနေကြတာဟာ မြင်ရသူများအဖို့ သနားကရုဏာသက်စရာ မြင်ကွင်းလေးအဖြစ်ခံစားရစေပါတယ် . . .**

## သာစည်မြို့နယ် ပေါက်တောကျေးရွာတွင် လျှပ်စစ်မီး ၂၄ နာရီ လင်းပြီ

**သာစည် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ပေါက်တောကျေးရွာတွင် ယခုအောက်တိုဘာလဆန်းပိုင်းမှ စတင်ပြီး လျှပ်စစ်မီး ၂၄ နာရီ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မီး ၂၄ နာရီ ရရှိနေပြီဖြစ်၍ ဒေသခံကျေးရွာပြည်သူများမှာ ဝမ်းသာပျော်ရွှင်နေကြပြီး လျှပ်စစ်မီးနှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နေကြသည့်အပြင် ရုပ်မြင်သံကြားတီဗွီအပေါ်စက်၊ အောက်စက်များဖြင့် စိတ်အပန်းဖြေမှုကိုပါ ရယူခံစားနေကြပြီး ကျောင်းသား ကျောင်းသူလေးများမှာလည်း ကျောင်းစာကိုလေ့ကျင့်ကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့နေပြီဖြစ်ကြောင်း သိရသည်။




ပေါက်တောကျေးရွာ မီးလင်းရေးအတွက် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီက မင်းမင်းစန်းကုမ္ပဏီနှင့် ၂၀၁၅-ခု အောက်တိုဘာ ၂၆ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ပေါက်တောကျေးရွာသည် သာစည်မြို့၏ အနောက်တောင်ဘက် ခြောက်မိုင်အကွာတွင် တည်ရှိပြီး အိမ်ခြေ ၃၀၀၊ လူဦးရေ ၁၄၇၀ရှိကြောင်း သိရသည်။ ကျေးရွာမီးလင်း နိုင်ရေးအတွက် ကျေးရွာလူထုမှ ကိုယ့်အားကိုကိုး၍ ဆောင်ရွက်ခဲ့ရာ သာစည်-ညောင်ရမ်းကျေးရွာသွား လျှပ်စစ်ဓာတ်အားလိုင်းမှ တစ်ဆင့်ကျေးရွာအရောက် 11KV ဓာတ်အားလိုင်း နှစ်မိုင်၊ 0.4KV ဓာတ်အားလိုင်း ၂ မိုင်ဆွဲကာ ရွာအတွင်း၌ 315 KV ထရန်စဖော်မာတစ်လုံးထိုင်၍ ယခုကဲ့သို့ရွာလုံးကျွတ်မီးလင်းစေနိုင်ခဲ့ကြောင်း သိရသည်။**မောင်ကို(သာစည်)**

## လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံချက် သင်တန်းဆင်းပွဲကျင်းပ

**ကျောက်ဖြူ အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက လူထုအခြေပြုငှက်ဖျား ရောဂါကာကွယ်ရေးစီမံချက် သင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဆရာဝန်ကြီး ဦးရဲလွင်မောင်က စေတနာ့ဝန်ထမ်းများ မွေးထုတ်ပေးရခြင်းအကြောင်းကို ပြောကြားပြီး၊ ပြည်နယ်ဆရာ ဝန်ကြီးဒေါက်တာအေးငြိမ်းက ငှက်ဖျားဖြစ်ပေါ်ရခြင်း အကြောင်းအရင်း၊ ငှက်ဖျားရောဂါဖြစ်ပွားရာတွင် ရှောင်ရန်၊ ဆောင်ရန်များ၊ ဆေးရုံနှင့်အလှမ်းဝေးသော ဒေသများတွင် စေတနာ့ဝန်ထမ်းများရှိရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ကျေးရွာများသို့ ရောက်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် လက်တွဲညီစွာ ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ယခုကဲ့သို့စေတနာရှင်လူငယ်များ သင်တန်းသို့ လာရောက်တက်ရောက်ကြသည့်အတွက် ဝမ်းသာကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူ ၂၁ ဦးအား သင်တန်းဆင်းလက်မှတ်နှင့် လွယ်အိတ်များအား တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## လူကုန်ကူးမှုတားဆီးရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

**ရမ်းဗြဲ အောက်တိုဘာ ၂၈**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရဲတပ်ဖွဲ့မှဦးဆောင်၍ အောက်တိုဘာလတတိယပတ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်း ဦးစီးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းလှိုင်ဦးစီးတပ်ဖွဲ့ဝင် ၃၀ ၊ စည်ပင်သာယာအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာဦးဖြိုးဖြိုးနိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူပြီးနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ခရီးသွားပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ**

## ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ် တဲမြင့်ကျေးရွာအုပ်စု၊ တဲမြင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်အရ ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့်အခမဲ့ ကျန်းမာရေး စစ်ဆေးပေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၆ရက် နံနက် ၉နာရီက အဆိုပါကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ညောင်လွန့်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးအောင်ဝင်းလှိုင်က ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများအကြောင်း၊ လူငယ်၊ လူရွယ် မျိုးဆက်ပွားကျန်းမာရေးအကြောင်းနှင့် စနစ်တကျ သွားတိုက်နည်း၊ ပိုးမွှားကင်းစေရန် လက်ဆေးခြင်း၊ ချေးညှော်ကင်းစွာ နေထိုင်ခြင်းတို့ကို ဟောပြောခဲ့ပြီးနောက် ကျောင်းသား ကျောင်းသူများအား ကိုယ်အလေးချိန်နှင့်ခန္ဓာကိုယ်ကြီးထွားနှုန်းတိုင်းတာခြင်း၊ လိုအပ်သည့်ကျန်းမားရေးများ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## မုန်တိုင်းရှောင်ပြည်သူများ မိမိဆန္ဒအရ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာ

**လပွတ္တာ အောက်တိုဘာ ၂၈**

လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်း မုန်တိုင်းရှောင်ပြည်သူများ မိမိဆန္ဒအရ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလိုသူများအနေဖြင့် အောက်တိုဘာ ၂၆ ရက် နံနက်က နေရပ်သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသူများကို တာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များက ရေပေါ်ဈေးဆိပ်ကမ်း၊ ရောဝတီသင်္ဘောဆိပ်၊ ဦးမင်းခွေတံတား ရေယာဉ်များကို လည်းကောင်း၊ ကုန်းလမ်းကြောင်းများတွင်လည်း မော်တော်ယာဉ်များကို မော်တော်ယာဉ်ဂိတ်များတွင် စနစ်တကျ စီမံဆောင်ရွက်ပေးထားပြီး ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ပြဒါးလင်းဂူနှင့် ကမ်းပါးနီကျောက်နံရံဆေးရေးပန်းချီများ စနစ်တကျထိန်းသိမ်းရန်ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၈**

သမိုင်းမတင်မီ ရှေးခေတ်လူသားများ နေထိုင်ရေးဆွဲခဲ့ကြသည့် ကျောက်ခေတ်ကာလနံရံဆေးရေးပန်းချီများတည်ရှိရာ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ ပြဒါးလင်းဂူနှင့် ကမ်းပါးနီကျောက်နံရံပန်းချီများ စနစ်တကျ ထိန်းသိမ်းနိုင်စေရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းမှု လုပ်ငန်းများအတွက် လက်ရှိတွင် ရေရရှိရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပြီး ပြဒါးလင်းဂူတွင် ဇုန်နယ်နိမိတ်ကျောက်တိုင်များစိုက်ထူခြင်း၊ နားနေဆောင်နှင့် သန့်စင်ခန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ကမ်းပါးနီဒေသတွင် လမ်းလွှဲဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ခွင့်ပြုငွေ ငွေကျပ်သိန်း ၄၀၀ သုံးစွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

“ဒီကျောက်ခေတ်နံရံပန်းချီတွေဟာ မြန်မာ့သမိုင်းရဲ့ အရေးကြီးတဲ့ သမိုင်းအထောက်အထားတွေ ဖြစ်တဲ့အတွက် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်တဲ့လုပ်ငန်းတွေအပြင် ဒီအမွေအနှစ်တွေကို လာရောက်လေ့လာကြည့်ရှုသူတွေ အနေနဲ့လည်း အဆင်ပြေစွာသွားလာ နေထိုင်နိုင်ဖို့အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်” ဟု ၄င်းက ပြောသည်။

ပြဒါးလင်းဂူအမှတ် (၁) နှင့်(၂)သည် သမိုင်းမတင်မီကျောက်ခေတ်ကာလကတည်ရှိခဲ့သည့် နှစ်ပေါင်း ၈၀၀၀ မှ ၁၃၀၀၀ အတွင်း ကြာမြင့်နေပြီဖြစ်သဖြင့် သမိုင်းတန်ဖိုးကြီးမားသည့်ဒေသဖြစ်သည်နှင့်အညီ အထူးကြပ်မတ် ထိန်းသိမ်း၍ စိတ်ပါဝင်စား၍ လာရောက်လေ့လာသူများ အလွယ်တကူသွားလာနိုင်ရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။



အဆိုပါဒေသများ၏ သဘာဝမြင်ကွင်းထိခိုက်မှုမရှိစေရန်နှင့် စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုမရှိစေရေးအတွက် စနစ်တကျသိမ်းဆည်းထိန်းသိမ်းရန် လိုအပ်သည့်အပြင် ဂူအတွင်းဝင်ရောက်လေ့လာသူများက ဂူနံရံများတွင် မိမိတို့ရောက်ရှိကြောင်း စာများရေးသားခြင်းကြောင့် သမိုင်းအမွေအနှစ်များ ထိခိုက်ဆုံးရှုံးခြင်း၊ သဘာဝကျောက်နံရံနှင့် ကျောက်ပန်းဆွဲများတွင် မင်များဖြင့် ရေးသားမှုကြောင့် အရုပ်ဆိုးအကျည်းတန်ကာ မိမိလူမျိုး၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေသဖြင့် ထိုသို့ဆောင်ရွက်မှုမျိုး မပြုလုပ်စေရန် သတိပေးတားမြစ်စာများ၊ ဆောင်ရွက်ထားရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံခြားသားများ တရားမဝင်မြေငှားစိုက်ပျိုးနေမှုကြောင့် ပြည်တွင်းတောင်သူများနစ်နာ

**ရန်ကုန် အောက်တိုဘာ ၂၈**

ဖရဲသီးစိုက်ပျိုးရာတွင် ပြည်တွင်းတောင်သူများထက် အိမ်နီးချင်း တရုတ်ကုန်သည်(တစ်ဖက်နိုင်ငံသား)များက မြေငှားစိုက်ပျိုးမှု ပိုမိုများပြားလျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်း ဖရဲ၊ သခွားအစုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောကြားသည်။

၎င်းသို့စိုက်ရာတွင် တစ်နေရာ၌ တစ်နှစ်သာ စိုက်ကြပြီး နောင်နှစ်တွင် ယင်းမြေကွက်ပေါ်၌ ပြန်လည်စိုက်ပျိုးခြင်းမပြုလုပ်ကြကြောင်း သိရသည်။

“တရုတ် နိုင်ငံသားတွေက ကျွန်တော် တို့ဆီမှာ မြေငှားပြီး လာစိုက်ကြတယ်။ ပြည်တွင်းကုန်သည်လုပ်ငန်းရှင်တွေထက် သူတို့က မြေငှားခ ပိုပေးကြတယ်။ ငှားပြီးတော့ သူတို့ဆီက ပညာရှင်၊ မြေဆီ၊ မြေသြဇာ၊ ပိုးသတ်ဆေးနဲ့လာစိုက်ကြတာ။ တစ်နှစ်ထဲမှာ အသီးအားကောင်းစေဖို့၊ အလုံးလုံးစေဖို့ မြေဆီနဲ့ဓာတ်မြေသြဇာ အလွန်အကျွံသုံးခဲ့ကြတာ။ နောင်နှစ်အမီ မြေကပြန်စိုက်ရင် အသီးမကောင်းတော့ဘူး။ မြေဆီလွှာခန်းသွားတဲ့သဘောပဲ” ဟု အစုအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

ယခုအခါ တရုတ်နိုင်ငံသားများအနေဖြင့် ငါန်းဇွန်၊ ဘုတလင်၊ ရေဦး၊ ကနီ၊ မြင်းမူ၊ ခင်ဦး စသည့်မြို့များတွင် စိုက်ပျိုးလျက်ရှိကြပြီး တစ်ဦးတည်း ဧက ၂၀၀၀၀ နီးပါးအထိ စိုက်ပျိုးနေကြောင်း သိရသည်။

ဈေးကွက်အနေအထားအားဖြင့် စိုက်သူမှာလည်းသူတို့၊ ဝယ်သူမှာလည်း သူတို့ ဖြစ်နေသည့်အတွက် ဒေသခံတောင်သူတို့မှာ အရောင်းအဝယ်တွင် တစ်ပန်းရှုံးလျက်ရှိနေပြန်သည်ဟု ၄င်းက ပြောသည်။

တရုတ်နိုင်ငံ(တစ်ဖက်နိုင်ငံ)တွင် ဖြစ်ပေါ်နေသည့် ဈေးကွက်အနေအထား နယ်စပ် မူဆယ်ဈေးကွက်တွင် ရှိလာသည့် ဈေးနှုန်းကို ပြည်တွင်းတောင်သူတို့ထက် ၄င်းတို့က ပိုမိုသိရှိနိုင်ကြပြီးဖြစ်ပေါ်လာမည့် ဈေးကွက်မှန်းဆရာတွင်လည်း သူတို့ထက် ဒေသခံတောင်သူတို့က အားနည်းချက်များ ရှိနေသည်။

ဈေးကွက်မှန်းဆမှု လွဲချော်ချက်ကြောင့် တစ်ခါတစ်ရံတွင် နယ်စပ်ဝင်ပေါက်၌ လိုအပ်သည်ထက်ပို၍ ကုန်များရောက်ရှိနေပြီး အရှုံးခံ၊ အရင်းပြန်မရခြင်းများနှင့် တောင်သူများမကြာခဏ တွေ့ကြုံလာခဲ့ရသည်ဟု ပြောသည်။

“တကယ်ဆို သူတို့လည်း စိုက်ကြပါ။ လာမစိုက်ကြပါနဲ့ မပြောလိုပါဘူး။ ဒါပေမယ့် စိုက်ပျိုးတဲ့နေရာမှာ တရားဝင်ဖြစ်ဖို့လိုပါတယ်။ နီးစပ်ရာတွေနဲ့ ပေါင်းစပ်ပြီး တရားမဝင် လာရောက်စိုက်ပျိုးကြတဲ့အတွက် နိုင်ငံတော်အနေနဲ့ရော တောင်သူတွေအနေနဲ့ပါ များစွာနစ်နာမှု တွေ့ရှိပါတယ်။ သစ်သီးဝလံအသင်းနဲ့ ပေါင်းစပ်ပြီး အချိန်ကာလ သတ်မှတ်ကြမယ်။ စိုက်ဧကတွေ သတ်မှတ်ကြမယ်ဆို ပိုကောင်းပါတယ်” ဟုပြောသည်။

ထို့အပြင် “အခုလိုတရားဝင်မဟုတ်ဘဲစိုက်နေကြမယ်ဆိုရင် နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်တဲ့အခွန်အခတွေ ဆုံးရှုံးမယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ မထိန်းသိမ်းမကြပ်မတ်ဘူးဆိုရင် ကာလတစ်ခုမှာ မြေဆီတွေက သုံးမရလောက်အောင် ပျက်စီးလာတော့မယ်။ ဒေသခံတောင်သူတွေအနေနဲ့လည်း ဘာပင်မှစိုက်ပျိုးမရတဲ့ မြေယာပိုင်ရှင်တွေ အဖြစ်နဲ့သာ ကျန်ရစ်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဖရဲစိုက်တောင်သူတွေအနေနဲ့ သင်တန်းတွေတက်ကြပါ။ စိုက်ပျိုးရေးနည်းစနစ်တွေကိုလေ့လာပြီး မြေငှားတာထက် ကိုယ်တိုင်စိုက်ကြပါ။ ဒါမှသာ ကိုယ့်မြေယာတွေ ပျက်စီးမှုက သက်သာမယ်။ အမြတ်အစွန်း ပိုရလာနိုင်မှာဖြစ်ပါတယ်”ဟု ၄င်းက ဆက်လက်ပြောပြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**



# ဘားအံမြို့နယ်၌ ငြိမ်းချမ်းရေးအဖွဲ့များ၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် ကျောင်းသားပြည်သူများပူးပေါင်း၍ မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချ

**ဘားအံ အောက်တိုဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သံခါကျေးရွာတွင် အောက်တိုဘာ ၂၅ ရက်က မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချရေးနှင့် မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဆိုင်းဘုတ်တင်စိုက်ထူပွဲကို ကော့သံခါကျေးရွာဘောလုံးကွင်း၌ ကျင်းပခဲ့ရာ KNU ၊ BGF၊ KNU/ KNLA (PC) ငြိမ်းချမ်းရေးအဖွဲ့များ၊ ထုံးအိုင်နယ်မြေစခန်းမှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

နယ်ခြားစောင့်တပ်ရင်းအမှတ် (၁၀၁၆)တပ်ရင်းမှ ဗိုလ်မှူးစိုးစိုး (KNU) ဒုံရင်းတပ်နယ်မှူး ဗိုလ်ကြီးစောမန်းဒီးနှင့် KNU/KNLA (PC)ငြိမ်းချမ်းရေးအဖွဲ့ ကော့မူးတာနယ်မြေမှူး ဗိုလ်ကြီးစောခွေလူသော့တို့ကလည်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို ကရင်တိုင်းရင်းသားဘာသာဖြင့် ပြောကြားခဲ့ပြီး ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီမိုးက မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကော့သံခါကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစောအောင်ဝင်းက “မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ လူကြီးလူငယ်အဖွဲ့တွေဖွဲ့စည်းပြီး လုပ်ဆောင်နေပါတယ်။ ကျေးရွာအုပ်စုအတွင်းမှာ မူးယစ်ဆေးဝါးကင်းစင်နယ်မြေအဖြစ် အရှည်သဖြင့် တည်တံ့ခိုင်မြဲအောင် ကျေးရွာလူထုအားလုံးက ပူးပေါင်းပါဝင်ထိန်းသိမ်းလုပ်ဆောင်သွားရမယ်”ဟု ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာခဲ့သော ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ပြည်သူများက မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချရေး ကြွေးကြော်သံများဖြင့် ကျေးရွာဘောလုံးကွင်းတစ်ပတ်လှည့်လည်ကြွေးကြော်ခဲ့ကြပြီး ကော့သံခါကျေးရွာသည် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်သည် စာသားပါဆိုင်းဘုတ်ကို စိုက်ထူခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## မှုခင်းသတင်းတိုထွာများ

### ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပြည်လုံးနိုင်ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း ရွှေရတီမီးပွိုင့်တွင် အောက်တိုဘာ ၂၅ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေစဉ် ယင်းလမ်းအတိုင်း တောင်မှမြောက်သို့ ဆိုင်ကယ်မောင်းနှင်လာသော စိုးထွန်းအားစစ်ဆေးရာ ဘိန်းမည်းဟုယူဆရသည့် အလေးချိန် ၃၀ ကီလိုဂရမ်ခန့်အထုပ်သုံးထုပ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄ ပြားတို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် စိုးထွန်းအား ကျောက်ဆည်မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သက်မောင်**

### သိန်းနီမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၅ ရက်က သိန်းနီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မြတ်မန္တလာထွန်း ခရီးသည်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် ဇင်မင်းဦးနှင့် စိုးမိုးနိုင်တို့ထံမှ ဘိန်းဖြူ အလေးချိန် ၅၅ ဂရမ်နှင့် စိုးမိုးနိုင်ထံမှ စလင်းပိုက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ် စုစုပေါင်းဘိန်းဖြူ အလေးချိန် ၅၅ ဒသမ ၂ ဂရမ် ကို သိမ်းဆည်းရမိသဖြင့် ဇင်မင်းဦး(၃၄ နှစ်)နှင့် စိုးမိုးနိုင်(၃၀)နှစ်တို့အား အရေးယူ ထားကြောင်း သိရသည်။

**ကိုရဲ**

### ရပ်ထားသည့်ယာဉ်အား ဆိုင်ကယ်ဖြင့်တိုက်မိ၊ ဆိုင်ကယ်သမားသေဆုံး

ဖြူးမြို့ မြောက်ဘက်အထွက် ဖြူးချောင်းတံတား မြောက်ဘက်ခြမ်းတွင် အောက်တိုဘာ ၂၅ ရက် ည ၁၁ နာရီခန့်တွင် ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း မိုင်တိုင် အမှတ် ( ၁၄၂/၆ )နှင့် (၁၄၂/၇ )အကြား၌ ရန်ကုန်မှ ပခုက္ကူမြို့သို့ အုန်းဆီပီပါများ တင်ဆောင်၍ တင်ဆန်း မောင်းနှင်သည် ၁၂ ဘီးယာဉ်မှာ လမ်းဘေး၌ အချက်ပြမီးများဖွင့်၍ ရပ်တန့်ထားရာ လမ်းကြောင်းတူ ဖြူးမြို့ဘက်မှ ဇေယျဝတီဘက်သို့ ဘိုဘိုထွန်းမောင်းနှင်လာသော လိုင်စင်မဲ့ဆိုင်ကယ်က ယာဉ်၏ နောက်ပိုင်းကို အရှိန်ဖြင့်ဝင်ရောက်တိုက်မိရာ ဘိုဘိုထွန်းမှာ ဒဏ်ရာများရရှိ၍ သေဆုံးသွားခဲ့သည်။

ယာဉ်မောင်းတင်ဆန်းနှင့် ဆိုင်ကယ်ဖြင့်တိုက်သူ ဘိုဘိုထွန်းတို့အား ဖြူးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

### ချောင်းအတွင်း ကျွန်းသစ်များခိုးမျှောစဉ်သစ်ပင်နှင့် တိုက်မိ၍တစ်ဦးသေဆုံး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ ခုံကြီးစွန်းကျေးရွာမှ နတ္တလင်းမြို့နယ် လုပခြင်းကျေးရွာသို့ ဘိုးသာအောင်ကုန်းချောင်းအတိုင်း တရားမဝင် ကျွန်းခွဲသားမျိုးစုံပါသည့် သစ်ဖောင်ကို လုပ်သားသုံးဦးက မျှောခဲ့ရာမှ ချောင်းအတွင်း လဲကျနေသည့် သစ်ပင်နှင့်ငြိမိပြီး သစ်ဖောင်ပေါ်၌ လိုက်ပါလာသူ မှိုင်းကြီး (၃၅ နှစ်)မှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖောင်မျှောသူ စိုးကြီး(၃၅ နှစ်) အုတ်တန်းညောင်ဝိုင်းရွာ နတ္တလင်းမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပြီး နတ္တလင်းမြို့နယ်နေ ကုလားကြီးဆိုသူမှာ ထွက်ပြေးသွားခဲ့ကြောင်းသိရ၍ မြို့နယ်ရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### ဓားဖြင့်ထိုး၍ ထွက်ပြေးသွားသူအား နာရီပိုင်းအတွင်း ဖမ်းမိ

နောင်ချိုမြို့ ပန်ဟတ်ရပ်ကွက် မန္တလေး -လားရှိုး ကားလမ်းဘေးရှိ စားသောက်ဆိုင်သို့ အောက်တိုဘာ ၂၃ ရက် ည ၉ နာရီက မင်းသုထွေးသည် သူငယ်ချင်းနှင့်အတူ အရက်သောက်ပြီးနောက် ပိုက်ဆံကျသင့်ငွေရှင်းရာ မလောက်သဖြင့် စားသောက်ဆိုင်မှ အလုပ်သမားတစ်ဦးဖြစ်သူ မင်းမင်းအား အိမ်သို့ငွေလိုက်ယူရန် ပြောဆိုသဖြင့် မင်းမင်းက ဆိုင်ကယ်ဖြင့် မင်းသုထွေးကို တင်ဆောင် မောင်းနှင်ခဲ့စဉ် မန္တလေး-လားရှိုးကားလမ်းတောင်ဘက် ပန်ဟတ်ရပ်ကွက်သို့သွားရာ လမ်းခုလပ်တွင် မင်းသုထွေးက ဆိုင်ကယ်မောင်းနှင်နေသည့် မင်းမင်းကို အသင့်ယူဆောင်လာသည့် ခေါက်ဓားဖြင့် နောက်မှထိုးပြီး ဆိုင်ကယ်ပေါ်မှ ဆွဲချခဲ့သည်။

ဓားဖြင့် ထိုးခံရသူကို စေတနာမွန်လူမှုကူညီရေးအသင်းက နောင်ချိုဆေးရုံသို့ တင်ပြီး ထိုမှတစ်ဆင့် မန္တလေးဆေးရုံသို့ လွှဲပြောင်းကုသထားကာ ဓားဖြင့်ထိုးပြီး ထွက်ပြေးသွားသူအား နာရီပိုင်းအတွင်း အချိန်မီ ဖမ်းဆီးနိုင်ခဲ့သဖြင့် နောင်ချိုမြို့မရဲစခန်းမှ အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း**

### အုပ်ထိန်းမှုမကင်းသော မိန်းကလေးကို ခိုးယူပေါင်းသင်းသူအား တရားစွဲ

မြင်းမူမြို့နယ်၌ အောက်တိုဘာ ၅ ရက်တွင် တရားလို ဒေါ်ပေါ်အေးက သမီးဖြစ်သူ မမူမူထွန်း ( ၁၆ နှစ်) နေအိမ်မှပျောက်ဆုံးနေသဖြင့် ခင်ပွန်းဖြစ်သူ ဦးခင်မောင်ထွန်းနှင့်လိုက်လံရှာဖွေရာမတွေ့ရှိဘဲ အောက်တိုဘာ ၆ ရက်တွင် ဆက်လက်စုံစမ်းရာ တစ်ရွာတည်းနေ မောင်ဖိုးအောင်က ခိုးယူခေါ်ဆောင်သွားကြောင်း သိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံတိုင်ကြားပြီး ကျေးရွာတွင် ညှိနှိုင်းဖြေရှင်းရာ ပြေလည်မှုမရှိသဖြင့် ရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သည်။

အမှုအား ဒုရဲအုပ်ထွန်းသိန်းက လက်ခံစစ်ဆေးပြီး တရားလိုနှင့်သက်သေစစ်မေးခြင်း ကျူးလွန်ခံရသူ၏ အသက်အထောက်အထား၊ သက်သေခံစာရွက်စာတမ်းသိမ်းဆည်းခြင်းတို့ဆောင်ရွက်ထားရှိပြီး ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးတရားစွဲတင်ပို့သွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

(၀၇၇)



# မယ်စဲ့မြို့နယ်၌ ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်း စတင်ဖွင့်လှစ်

**မယ်စဲ့ အောက်တိုဘာ ၂၈**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်၌ ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ နယ်စပ် ကုန်သွယ်ရေးစခန်းကို အောက်တိုဘာ ၂၇ ရက်က ဖွင့်ပွဲကျင်းပ၍ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်ပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သွယ်ရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်သည် စီးပွားရေးအောင်မြင်နိုင်ဖို့လိုအပ်သော သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုရှိသည့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေခြင်းကလည်း စီးပွားရေးအခွင့်အလမ်းအတွက် အခြေအနေကောင်းတစ်ခုဖြစ်ကြောင်း၊ ပြည်နယ်အတွင်းမှာရှိသည့် လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် မိမိတို့ထွက်ကုန်ပစ္စည်းများကို တစ်ဖက်နိုင်ငံသို့တင်ပို့ပြီး မိမိတို့လိုအပ်သည့် ကုန်ပစ္စည်းများကို ပြန်လည်တင်သွင်းရန် ဆန္ဒရှိနေကြသည်ကို သိရှိသဖြင့် နိုင်ငံတော်ကို အခွန်အခများပေးသွင်းပြီး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် ဏ္ဍြေရှိစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းကို ပြည်နယ်အစိုးရက ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် နယ်စပ်ကုန်သွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရှာလမိုတို့က မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **ကိုစိုင်း(လွိုင်ကော်)**

# မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက်စံကွက်ရိတ်

**သဲကုန်း အောက်တိုဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ရပ်ကွက်(၂)တည်သီးပြင်ကျေးရွာကွင်းအမှတ် ၈၈၆ ရှိ တောင်သူဦးကျော်သူရ၏ မိုးစပါး ဆင်းသွယ်လတ်မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက် (၂၅)ဧကတွင် အောက်တိုဘာ ၂၄ ရက် နံနက်က ၀ ဒသမ ၁၀ ဧကစံကွက် ရိတ်သိမ်းခဲ့သည်။ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစံကွက်မှ ဆင်းသွယ်လတ် မျိုးသန့်တစ်ဧကလျှင် ၁၃၅ ဒသမ ၇၀ တင်း ထွက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# နောင်ချိုမြို့တွင် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကျင်းပ

**နောင်ချို အောက်တိုဘာ ၂၈**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့အမှတ်(၁) အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ စာဖတ်ခြင်း၊ ပုံပြောပြိုင်ခြင်း၊ ပန်းချီရေးဆွဲခြင်း၊ ပင်ကိုအတွေးအခေါ်များ ရှင်သန်ထက်မြက်လာစေရေး ရည်ရွယ်လျက် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ စိတ်ကြိုက်ပန်းချီရေးဆွဲပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်နံနက် ၉ နာရီက ကျင်းပခဲ့သည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုများကို ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။
**စိုးဝင်း(နောင်ချို)**

# နောင်ချိုမြို့၌ မိုးသည်းထန်၍ ကားလမ်းနှင့် သံလမ်းပေါ်ရေကျော်

**နောင်ချို အောက်တိုဘာ ၂၈**
ရှမ်းပြည်နယ် နောင်ချိုမြို့နယ်၌ အောက်တိုဘာ ၂၆ ရက်က နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်အချို့နှင့် လမ်းမများပေါ်တွင် ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့ပေါ် မန္တလေး-လားရှိုး ကားလမ်းမကြီးတစ်လျှောက် လမ်းဘေးရှိ နေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့ပြီး လမ်းမကြီးပေါ်တွင်လည်း ရေများဖြတ်သန်းစီးဆင်းခဲ့သဖြင့် သွားလာရေး အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ မိုးရွာသွန်းမှုကြောင့် နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အလျား ပေ ၇၀၊ အမြင့် ခြောက်ပေရှိ အုတ်တံတိုင်းမှာလည်း ပြိုလဲပျက်စီးသွားခဲ့သည်။

ထို့အတူ နောင်ချိုမြို့အရှေ့ဘက် မီးရထားလမ်းနှင့် ကားလမ်းကူးနေရာတွင် သံလမ်းပေါ်၌ ရေကျော်ခဲ့သဖြင့်



မန္တလေးမှ လားရှိုးသို့ ထွက်ခွာလာသော စာပို့ရထားမှာ ဆက်လက်ဖြတ်မသွားနိုင်ဘဲ နောင်ချိုဘူတာတွင် ခေတ္တရပ်နားခဲ့ရကြောင်း သိရသည်။

ရထားသံလမ်းတွင် ရေလျှံရေကျော်၍ ရထားရပ်တန့်ထားရသဖြင့် နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးတင့်ခိုင်တို့ ဦးစီးသော တပ်ဖွဲ့ဝင် ၃၀၊ မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးသိန်းလွင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မီးရထားနှင့် ယာဉ်များ မတော်တဆမှုများ မရှိစေရေးနှင့် လမ်းပိတ်ဆို့မှုများ မဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ မီးရထားမှာ ညနေပိုင်းတွင် ပုံမှန်အတိုင်း ထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# သဘာဝဘေးကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရန် ပူးပေါင်းလေ့ကျင့်

**မြန်အောင် အောက်တိုဘာ ၂၈**
မြန်အောင်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်ကာ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့များ၊ လူမှုရေးအသင်းများ ပူးပေါင်းပါဝင်၍ ကြိုတင်လေ့ကျင့်မှုများ အောက်တိုဘာ ၂၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကံမြင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၂၆ ဦး၊ မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုသူနှင့် သန္ဒွေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၂ ဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပါရမီလူမှုကူညီရေးအသင်းသားများ စုပေါင်း၍ မီးသတ်ကားသုံးစီး၊ ကြက်ခြေနီလူနာတင်ယာဉ်တစ်စီး၊ ပါရမီအရေးပေါ်လူနာတင်ယာဉ်လေးစီးနှင့် မီးသတ်တပ်ဖွဲ့မှ အသက်ကယ်လှေ သုံးစင်း၊ အခြားရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြုကာ အဖွဲ့သုံးဖွဲ့ခွဲပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။
**ဝင်းဗိုလ်(ပြန်/ဆက်)**

# မူးယစ်ဆေးသုံးစွဲမှုလက္ခဏာနှင့် စစ်ဆေးပုံနည်းလမ်းများ တိုက်ကြီးတပ်နယ်၌ ပညာပေးဟောပြော

**တိုက်ကြီး အောက်တိုဘာလ ၂၈**
မူးယစ်ဆေးသုံးစွဲမှုလက္ခဏာများ၊ စစ်ဆေးပုံနည်းလမ်းများနှင့် မူးယစ်ဆေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို တိုက်ကြီးတပ်နယ်မှကြီးမှူး၍ တိုက်ကြီးမြို့ တိုက်ကြီးတပ်နယ် အမှတ်(၁) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက မူးယစ်ဆေးနှင့် ပတ်သက်သည့်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲထားသည့် လက္ခဏာများ၊ ဆေးသုံးစွဲထားခြင်းရှိ မရှိ စစ်ဆေးပုံနည်းလမ်းများနှင့် ကြိုတင်ကာကွယ်ရမည့်အချက်များကို အသေးစိတ် ဆွေးနွေးဟောပြောကာ ဟောပြောပွဲသို့ တိုက်ကြီးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးလွင်ဦးနှင့် တိုက်ကြီးတပ်နယ်လက်အောက်ရှိ တပ်ရင်း(၁၂)ရင်းမှ အရာရှိနှင့် စစ်သည်များ၊ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။
**ထွန်းလှိုင်(မြိုင်)**

**ရုရှား၊ တရုတ်၊ ပြင်သစ်၊ အမေရိကန်နှင့် နယူးဇီလန်နိုင်ငံများမှ နိုင်ငံခြားခရီးသည် ၄၆ ဦးပါဝင်သည့် လေ့လာရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြည်သူ့စာကြည့်တိုက်သို့ အောက်တိုဘာ ၂၆ က လာရောက်လေ့လာကြည့်ရှုစဉ်။** (နိုင်ငံခြားခရီးသည်များသည် မြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီ၊ မြန်မာ့အိုးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်းများနှင့် တွံတေးမြို့မဈေးများကိုလည်း လိုက်လံလေ့လာခဲ့ကြောင်း သိရသည်။)
**မျိုးလှိုင်(တွံတေး)**



# သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး

**ကလေး အောက်တိုဘာ ၂၈**
ကလေးတက္ကသိုလ်တည်ဆောက်စဉ်က ပညာရေးဝန်ကြီးဌာနမှ သိမ်းဆည်းထားသော လယ်ယာမြေနှင့် အခြားမြေစုစုပေါင်း ၆၇ ဒသမ ၁၄ ဧကအတွက် နစ်နာခဲ့သည့် တောင်သူများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲကို လှိုင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

“အခုလိုတွေ့ဆုံဖို့ဖိတ်ကြားခံရပြီး ကွင်းဆင်းစိစစ်ပေးတဲ့အတွက် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ အမှန်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ တောင်သူတွေကလည်း ထိုက်တန်တဲ့နစ်နာကြေးတွေရရှိဖို့ တင်ပြပြီး လက်မှတ်ထိုးထားပါတယ်။ ထိုက်တန်တဲ့ နစ်နာကြေးဆိုတဲ့နေရာမှာ ဒေသပေါက်ဈေးရဲ့ မြေယာဈေးနှုန်းပေါ်မှာ ဖြစ်ရိုးဖြစ်စဉ်အတိုင်းနဲ့ လယ်ယာမြေနည်းဥပဒေအတိုင်းပေါ့။ တည်ဆဲမြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ပေးဖို့မျှော်လင့်ရင်း နစ်နာကြေးရရှိဖို့ အခုလိုတောင်းဆိုခဲ့ခြင်းဖြစ်ပါတယ်”ဟု နစ်နာတောင်သူတစ်ဦးဖြစ်သည့် ဦးခုပ်ဇပေါင်က ပြောသည်။

ဆွေးနွေးပွဲတွင် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးရွာလ်အိတ်နှင့် ကော်မတီဝင်များက မြေယာဥပဒေ၊ နစ်နာကြေး၊ လျော်ကြေးပေးပုံပေးနည်း၊ အမှန်တကယ်နစ်နာသူဟုတ် မဟုတ် သက်သေအထောက်အထားရှိ မရှိ၊ တိုင်စာတွင်ရှိသော ဧကအရေအတွက်၊ သိမ်းဆည်းစဉ်က မြေစာရင်းတွင်ရှိသောဧကနှင့် ကိုက်ညီခြင်းရှိမရှိ စသည်တို့ကို အလေးထား စိစစ်ပေးပြီး စိစစ်ဆောင်ရွက်ပြီးစီးမှုများကို အထက်သို့ အမြန်ဆုံးတင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
**ချင်းတွင်းသား**

# နေရပ်ရှောင် ကျောင်းသားကျောင်းသူများ စာသင်ရာဆီသို့ ရောက်ခဲ့ရာဝယ်

**သတင်းဆောင်းပါး -လေးဝတီထွန်းစောခိုင်**

မြန်မာနိုင်ငံ၏ အနောက်တံခါးဟုခေါ်သော ရခိုင်ပြည်နယ်သည် ယခုအခါ နိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်ခံရသောဒေသတစ်ခု ဖြစ်လာသည်။ ၂၀၁၆ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲ ကွပ်ကဲဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းနှင့် ငါးခူရနယ်မြေရုံးများသို့ အကြမ်းဖက်သမားများက အလစ် အငိုက် အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။ ဤတိုက်ခိုက်မှုကြောင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှ ဒေသခံ ရခိုင်တိုင်းရင်း သားများနှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်များသည် အသက် ဘေးအန္တရာယ်ကို စိုးရိမ်ထိတ်လန့်ကာ မိမိတို့၏ဒေသကိုစွန့်ခွာ ပြီး လုံခြုံရာဒေသများဆီသို့ ရှောင်တိမ်းလာကြရသည်။ မောင် တောမြို့ ဘူးသီးတောင်မြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများမှ သည် နေရပ်ရှောင်ဦးရေများပြားလာမှုကြောင့် စစ်တွေမြို့ထိ တိုင် ရောက်ရှိလာသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံလူမှုရေးအဖွဲ့အစည်း များက စစ်တွေမြို့ရှိ ဓညဝတီဘောလုံးကွင်းတွင် အောက်တို ဘာ ၂၀ ရက်မှစ၍ ယာယီကယ်ဆယ်ရေးစခန်းဖွင့်ကာ ကူညီ စောင့်ရှောက်ပေးခဲ့သည်။ နယ်မြေတည်ငြိမ်လာပြီဆိုသော ကြောင့် အောက်တိုဘာ ၂၄ ရက်တွင် ဒေသခံအချို့နေရပ်ပြန် ကြသော်လည်း အချို့မှာ ယင်းစခန်းတွင် ကျန်ရှိနေသေးသည်။ ထိုအထဲတွင် KG တန်းမှသည် တက္ကသိုလ်ဝင်တန်း အထိ ကျောင်းသား ကျောင်းသူများ ပါဝင်နေကြောင်း သိရသည်။

အောက်တိုဘာ ကျောင်းပိတ်ရက်များပြီးသည့်နောက် အောက်တိုဘာ ၂၄ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ် နေရာ နေရပ်ရှောင် ကျောင်းသား ကျောင်းသူများအား ပညာ ရေးမထိခိုက်စေရန် စစ်တွေမြို့ အထက(၄)နှင့် ဘိုးသာရွာ အမကကျောင်းတို့တွင် စာသင်ခွင့်ပြုထားကြောင်း သိရသည်။ ယင်းကျောင်းနှစ်ကျောင်းသည် ဓညဝတီဘောလုံးကွင်းအနီး တွင် ကပ်လျက်ရှိသည်။ ကျောင်းသား ကျောင်းသူများ၏ ပညာ ဆက်လက်သင်ကြားနေမှုများကို အောက်တိုဘာ ၂၆ ရက်က သွားရောက်လေ့လာဖြစ်ခဲ့သည်။

**ကျောင်းအုပ်ကြီးများပြောစကား**

"ကျွန်တော်တို့ကျောင်းကို အောက်တိုဘာ ၂၅ ရက်က ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးနဲ့ စစ်တွေမြို့နယ်ပညာရေးမှူးတို့လာပြီး ပဉ္စမတန်းမှ တက္ကသိုလ် ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၇၃ ဦးကို လာအပ်ခဲ့ ပါတယ်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာစာသင်ခန်းတွေမှာ ကျွန်တော်တို့ကျောင်းက ကျောင်းသား ကျောင်းသူတွေနဲ့အတူ စာသင်ခိုင်းထားပါတယ်။ ကလေးတွေမှာတော့ ကျောင်းဝတ်စုံ တွေ ပါမလာကြပါဘူး။ ဒါကို ဒီကျောင်းက ကလေးတွေက ဒီနေ့ယူလာပြီးတော့ ကူညီပေးကြပါတယ်။ မနေ့ကတော့ နံနက် စာထမင်းကို လာပို့မယ်ဆိုပြီးတော့ မလာဖြစ်ပါဘူး။ ဒါကြောင့် သူတို့စခန်းဆီသွားပြီး ခေါက်ဆွဲပြုတ်ပဲ သွားစားလိုက်ရပါတယ်။ ဒီနေ့တော့ ဆရာမတစ်ဦးက လှူထားပါတယ်။ နေ့လယ်ကျောင်း ဆင်းချိန် ကျောင်းမှာပဲ ထမင်းကျွေးမှာပါ။ ကလေးတွေ ပညာ ရေးမထိခိုက်စေဖို့ အတတ်နိုင်ဆုံး ကြိုးစားပေးသွားမှာပါ"ဟု အထက(၄) ကျောင်းအုပ်ကြီး ဦးဝင်းမောင်က ပြောပြသည်။

ဘိုးသာရွာ အမကကျောင်းအုပ်ကြီး ဦးကျော်သိန်းထွန်းက လည်း သူတို့ကျောင်းတွင် KG တန်းမှ စတုတ္ထတန်းအထိ ကလေး များကိုပညာသင်ပေးထားကြောင်း၊ ကလေးများ၏ကျောင်းဝတ် စုံများကို ပညာရေးဌာနမှ ဆရာကြီးများက လာပြီးလှူကြ ကြောင်း၊ ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်ပညာရေး မှူးရုံးက လာရောက်ထောက်ပံ့ပေးထားကြောင်း၊ ဆရာ ဆရာမ များကလည်း စေတနာပြည့်ဝစွာဖြင့် မိမိတို့လူမျိုး အကျိုးကို ရှေးရှုကာ ပညာသင်ပေးလျက်ရှိကြောင်း စသည်ဖြင့် ပြောပြ သည်။

**အခက်အခဲအနည်းငယ်ရှိ**

အထက(၄) စစ်တွေတွင် ပညာသင်ကြားနေသော နေရပ် ရှောင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံခဲ့ရာ စာသင် ကြားမှုများတွင် ဆရာ ဆရာမများက စေတနာထား သင်ပေးကြ သော်လည်း အခက်အခဲအနည်းငယ် ကြုံတွေ့နေရကြောင်း သူတို့စကားသံများက ထောက်ပြနေပေသည်။

မောင်တောမြို့ လေးမိုင်ရွာသာယာမှ တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦးဖြစ်သူ မောင်ဘိုသိန်းထွန်းက "ကျွန်တော် မောင်တောမှာတုန်းက လေးမိုင်အထကမှာ တက်ပါတယ်။ ခု စစ်တွေအထက(၄)မှာ စာသင်ရတာ ဆရာ ဆရာမတွေက စေတနာထားပြီး သင်ကြားပေးကြပါတယ်။ ကျောင်းသား ကျောင်းသူတွေကလည်း ဖော်ဖော်ရွေရွေ ဆက်ဆံပါတယ်။ ဒါပေမယ့် သင်ခန်းစာပိုင်းအရရော၊ ဆရာ ဆရာမ အပြောင်း အလဲအရရော သင်ကြားရတာဟာ အခက်အခဲအနည်းငယ်ရှိပါ တယ်။ ခုလို တစ်ရပ်တစ်ရွာမှာ အခက်အခဲကြောင့် နေရပ်ရှောင် လာကြတဲ့ ကျွန်တော်နဲ့တကွ ကျောင်းသား ကျောင်းသူများကို ပညာသင်ပေးတာကို ကျေးဇူးအထူးတင်ပါတယ်"ဟု ရင်ဖွင့် ပြောကြားသည်။

"သမီးက အထကကြိမ်ချောင်းက ကျောင်းသူတစ်ဦးပါ။ အထက(၄) စစ်တွေမှာ ဆရာ ဆရာမတွေကရော သူငယ်ချင်း တွေကပါ အားပေးစကားပြောကြပါတယ်။ ဖော်ရွေကြပါတယ်။ စာသင်ရတာက သမီးတို့ဆီမှာက ထက်ဝက်မကျော်သေးပါ။ ဒီမှာက ထက်ဝက်ကျော်သွားပါပြီ။ ဒါကြောင့် အခက်အခဲရှိပါ တယ်။ သမီးအနေနဲ့ ပြောလိုတာတော့ ပြင်ပစာသင်ဝိုင်းတွေ မှာဆို သင်ရတာ ပိုကောင်းမယ်ထင်ပါတယ်။ သမီးတို့ကို စာသင်ပေးတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်"ဟု မောင်တောမြို့ ကြိမ်ချောင်းရွာမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မအိစုထွေးက သူ၏ ရင်တွင်းစကားကိုပြောပြသည်။

**ကိုယ့်ရင်သွေးလို သဘောထား**

ဘိုးသာရွာ အမကတွင် စာသင်ကြားနေမှုများကို လေ့လာ ဖြစ်ခဲ့ရာ ဆရာ ဆရာမများ၏အမြင်ကိုလည်း သိရှိခဲ့ရသည်။

"ကလေးတွေကတော့ ဒီက ကလေးတွေနဲ့တော့ မတူဘူး လေ။ ကျွန်မတို့ကလည်း အတတ်နိုင်ဆုံး ဖေးမပြီးတော့ သင်ကြ ပါတယ်။ အစကတော့ မျက်လုံးလေးတွေ ပေကလပ်နဲ့ ကြည့် နေကြပါတယ်။ သူတို့လေးတွေ စိတ်ခံစားနေရပုံပေါ်ပါတယ်။ နောက်တော့ နေသားကျသွားမှာပါ။ ကျွန်မတို့ကတော့ ကိုယ့် ရင်သွေးလို သဘောထားပြီး သင်ပေးပါတယ်။ ဒီကလေးတွေကို မြို့ပေါ်က ကလေးတွေလို ဖြစ်စေချင်ပါတယ်" ဟု KG တန်း သင်ပြပေးနေသူ ဆရာမ ဒေါ်ဖြူဖြူခိုင်က ကရုဏာစကား ပြောသည်။

စာရေးသူအနေဖြင့် ကျောင်းများမှသည် ကယ်ဆယ်ရေး စခန်းသို့သွားရောက်ကာ မိဘများနှင့်လည်း သွားရောက်တွေ့ ဆုံဖြစ်ခဲ့သည်။ မောင်တောမြို့ ရွာသာယာမှ ဒေါ်လုံးစိန်က "ကျွန်မမှာ ဆယ်တန်းတစ်ဦး၊ နှစ်တန်းတစ်ဦး၊ သူငယ်တန်း တစ်ဦး ပါပါတယ်။ ရွာကထွက်လာရတော့ စာမသင်ရမှာ စိုးရိမ် ပါတယ်။ အစစအရာရာကူညီပြီး ပညာသင်ပေးကြတာကို ကျေးဇူးတင် ပါတယ်"ဟု ပြောပြသည်။

စစ်တွေ အထက(၄)တွင် အလယ်တန်းနှင့် အထက်တန်း အဆင့် ၇၃ ဦးနှင့် ဘိုးသာရွာ အမကတွင် မူလတန်းအဆင့် ၉၅ ဦးကို သင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူအများ စုမှာ ကြိုးကြိုးပမ်းပမ်းသင်ကြားနေကြသည်ကို ကိုယ်တိုင် မြင်တွေ့ခဲ့ရပါကြောင်း။ ။



မလှိုင်မြို့မစည်ပင်သာယာဈေးနောက်၌ ရပ်ထားသောယာဉ်များ

## စက်တပ်ယာဉ်များ စည်းကမ်းမဲ့ရပ်နားခြင်းနှင့် လမ်းမီးများမလင်းခြင်းကြောင့် မှုခင်းများဖြစ်နိုင်

**မလှိုင် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့၌ ငါးရက်တစ်ကြိမ် ရောင်းချသော ဈေးနေ့များတွင် အခြားမြို့များနှင့် မြို့နယ်တွင်းကျေးရွာများမှ ယာဉ်ပိုင်ရှင်များသည် အများပြည်သူသွားလာနေသော မြို့တွင်းလမ်းပိုင်းများ ပေါ်တွင် ယာဉ်များကို နှစ်ထပ်ရပ်နားထားသလို မြို့မ စည်ပင်သာယာဈေးကြီး အနောက်ဘက်ရှိ ဖြူနီကြား ပလက်ဖောင်းများဘေး၌လည်း ဆိုင်ကယ်များကို ဘီးခွန်များကောက်ကာ ရပ်တန့်ခွင့်ပြုထားခြင်းများရှိ ရာ ထိုသို့ ယာဉ်များရပ်တန့်ထားခြင်းနှင့် ညအချိန်တွင် လမ်းမီးတိုင်များ မီးမလင်းခြင်းကြောင့် မလိုလားအပ် သောမှုခင်းများ ဖြစ်ပွားနိုင်ကြောင်း ဒေသခံများက ပြောသည်။

"အများပြည်သူသွားလာနေတဲ့ မြို့မစည်ပင်သာယာ ဈေးအနောက်ဘက် ဖြူနီကြားပလက်ဖောင်းဘေးတွေ မှာ ဆိုင်ကယ်ဘီးခွန်ကောက်ခြင်းတွေပြုလုပ်နေတာ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့သိထားတဲ့အသိက ဖြူနီ ကြားဆိုတာ မည်သည့်စက်တပ်ယာဉ်မျိုးမှ ရပ်တန့်လို့ မရဘူးလို့ သိထားပါတယ်။ အခုတော့ စက်တပ်ယာဉ် တွေရပ်တန့်ကြပြီး ဘီးခွန်ကောက်နေပါတယ်။ မလှိုင် မြို့မှာ လျှပ်စစ်လမ်းမီးတိုင်တွေကလည်း မီးမလင်းတော့ လမ်းသွားလမ်းလာ ပြည်သူများအတွက် မလိုလားအပ် သောမှုခင်းများ ဖြစ်ပွားနိုင်ပါတယ်"ဟု မလှိုင်မြို့ခံ ပြည်သူတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်သည် မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာ အုပ်စု ၅၂ အုပ်စုတွင် ကျေးရွာပေါင်း ၂၄၇ ရွာရှိပြီး လူဦး ရေနှစ်သိန်းဝန်ကျင်ခန့် နေထိုင်ကာ မြို့နေလူဦးရေထက် ကျေးလက်များတွင်နေထိုင်သူက များပြားသည်။ ကျေး လက်နေပြည်သူများသည် မလှိုင်မြို့တွင် ငါးရက်တစ် ကြိမ်ခင်းသော ဈေးကြီးနေ့များ၌ လာရောက်ရောင်း ဝယ်ကြသကဲ့သို့ မြို့ကြီးများမှလည်း စက်တပ်ယာဉ်မျိုးစုံ ဖြင့် လာရောက်ရောင်းဝယ်ကြရာ အဆိုပါဈေးနေ့များ တွင် မလှိုင်မြို့မှ အများပြည်သူသွားလာနေသော လမ်း ပိုင်းများပေါ်၌ ယာဉ်များ စည်းကမ်းမဲ့ရပ်တန့်မှုများ ရှိနေ ခြင်းဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက အရေးယူ ဆောင်ရွက်ပေးရန်နှင့် လမ်းပိုင်းရှိ လမ်းမီးတိုင်များတွင် မီးလင်းအောင်ဆောင်ရွက်ပေးရန် မြို့နေပြည်သူများက ဆန္ဒရှိနေကြခြင်းဖြစ်သည်။

**ကျော်ကျော်(မလှိုင်)**

## သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများ ပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၇) မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတု ပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | JIAO LI Whitening Spots Removing Acne Kit (A,B,C) | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၂။ | QIAN LI Spots Removing Cream | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၃။ | zhanghua yao bao | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၄။ | S'Zitang Purely Natural Plant 7 Days Strong Whitening Anti-Speckle A & B Kit | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၅။ | HUA YUE NONG Egg White & Cherry 7 Days Specific Eliminating Freckle Whitening Cream | Shenzhen Spend Months Nong Cosmetics Co., Ltd., Taiwan | Mercury (+) |
| ၆။ | HUA YUE NONG 7 Days Plastic Whitening Regeneration Cream | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၇။ | Specific Eliminating Freckle Cream | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |

၃။ အဆိပ်သင့်ဓာတုပစ္စည်း မာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင် ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ(၃)၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**မုံရွာ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မုံရွာမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ရုံး၌ အောက်တိုဘာ ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြင်စော က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြားဖြတ်ရွေးကောက်ပွဲ လျာထား လုပ်ငန်းစဉ် အချိန်စာရင်း အသိပေးကြေညာချက်ကို ဖတ်ကြားရှင်းလင်းပြီး လစ်လပ် သော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မုံရွာမြို့နယ် ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက မိမိတို့တာဝန်ကျ နယ်မြေများအလိုက် မဲစာရင်းများကို နိုဝင်ဘာ ၁ ရက်မှ ၁၄ ရက်အတွင်း ကောက်ယူပြုစုရေးအတွက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မဲစာရင်းများ ကောက်ယူပြုစုရေးအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်း စဉ်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး အစည်းအဝေးတက်ရောက် သော မြို့နယ်အတွင်းမှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ရှင်း လင်းဖြေကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**



# ရိုးမားတို့ အမှတ်ပြည့်ရယူနိုင်ဦးမယ့် အီတလီစီးရီးအေ ပွဲစဉ်(၁၁)

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ အောက်တိုဘာ ၂၉ ရက်နဲ့ ၃၀ ရက် ညပိုင်းတွေမှာတော့ အီတလီစီးရီးအေပွဲစဉ်(၁၁) ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ တန်းစီဇယားထိပ်ပိုင်းနေရာတွေဖြစ်တဲ့ ဒုတိယနဲ့ တတိယမှာ ရိုးမားနဲ့ အေစီမီလန်တို့ အမှတ်တူနေတဲ့အနေအထားကို ပြောင်းလဲနိုင်ကြမလားဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။ ဒါ့အပြင် ဒီနှစ်မှာ အားထုတ်မှုကောင်းတွေ ရရှိနေတဲ့ နာပိုလီရဲ့စွမ်းဆောင်မှုကလည်း တန်းစီဇယားနေရာ အပြောင်းအရွှေ့ဖြစ်နိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှတ်ပါပဲ။



### အမ်ပိုလီနှင့် ရိုးမား

တန်းစီဇယားဒုတိယနေရာမှာရှိနေတဲ့ ရိုးမားတို့ဟာ တန်းဆင်းဇုန်ထဲရောက်နေတဲ့ အမ်ပိုလီအသင်းကို ကျော်လွှားဖို့ဆိုတာ ခြေကုန်ထုတ်မှရမယ့် အနေအထား ရှိနေပါတယ်။ ခံစစ်အားပြုကစားတတ်တဲ့ အမ်ပိုလီဟာ ရိုးမားကို သရေပွဲရအောင် ကစားနိုင်ခဲ့တဲ့ မှတ်တမ်းတွေရှိတာမို့ အခုပွဲမှာတော့ အနိမ့်ဆုံးတစ်မှတ်တော့ ရအောင်ယူပါလိမ့်မယ်။ ရိုးမားရဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင်တော့ နိုင်ပွဲတွေ ဆက်တိုက်ရထားတာမို့ အမ်ပိုလီတို့ တစ်မှတ်ရဖို့တောင် ခက်ခက်ပါပဲ။

### အေစီမီလန်နှင့် ပီစကာရာ

အေစီမီလန်ရဲ့ တိုက်စစ်က ထက်မြက်မှုမရှိတာမို့ ပီစကာရာအသင်းကို သေသေချာချာပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ ပီစကာရာတို့က တိုက်စစ်ရော ခံစစ်ပါ အားမကောင်းတာမို့ အေစီမီလန်တို့ အသာစီးရသွားဖို့ တော့များပါတယ်။ အေစီမီလန်တို့က ပီစကာရာနဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့ရာမှာ ဂိုးပြတ်တွေသွင်းပြီး နိုင်ပွဲတွေရယူနိုင်ခဲ့တာမို့ အခုပွဲမှာတော့ ဂိုးမပြတ်ပေမယ့် အိမ်ရှင်တို့ပဲ အောင်ပွဲခံသွားဖို့ အခွင့်အရေးများနေပါတယ်။

### ဂျူဗင်တပ်စ်နှင့် နာပိုလီ

ဒီနှစ်စီးရီးအေမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ဂျူဗင်တပ်စ်တို့က အခုပွဲမှာ နာပိုလီနဲ့ ဆုံတွေ့တာဟာ ပွဲကျပ်ပါပဲ။ နာပိုလီဟာ အဝေးကွင်းမှာ အမှတ်ဆုံးရှုံးမှုမရှိအောင် ကစားနိုင်ပေမယ့် ဂျူဗင်တပ်စ်နဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့ရာမှာ တစ်ပွဲသာအနိုင်ရရှိထားခဲ့ပါတယ်။ ဒီနှစ်မှာ ဂျူဗင်တပ်စ်ရဲ့ စီးရီးအေ သွင်းဂိုးအများစုဟာ အိမ်ကွင်းမှာ သွင်းယူခဲ့တာမို့ နာပိုလီတို့လည်း ခံစစ်ကိုပြုပြင်ထားမှ ရပါလိမ့်မယ်။ တိုက်စစ်ရော ခံစစ်ပါ အကောင်းဆုံးအနေအထားရှိနေတဲ့ ဂျူဗင်တပ်စ်တို့ပဲ နိုင်ပွဲရသွားဖို့များပါတယ်။

### လာဇီယိုနှင့် ဆက်ဆူအိုလို

အိမ်ကွင်းမှာ ခံစစ်ပုံစံအကောင်းဆုံးပြသနိုင်တဲ့ လာဇီယိုတို့က အခုပွဲမှာ ဆက်ဆူအိုလိုကို ပညာပေးပါလိမ့်မယ်။ လာဇီယိုရဲ့ အိမ်ကွင်းတိုက်စစ်က ခံစစ်ကို ဦးစားပေးလွန်းတာမို့ ထက်မြက်မှုမရှိပါဘူး။ ဆက်ဆူအိုလိုတို့က ဒီနှစ်မှာ ခြေစွမ်းပုံမှန်မဖြစ်သေးတာမို့ လာဇီယိုကွင်းမှာ မျှော်လင့်ချက်ပြည့်ဝဖို့မလွယ်ပါဘူး။ အကြိုက်က လာဇီယိုဖြစ်ပြီး ဂိုးမပြတ်ဘဲ နိုင်ပွဲရသွားပါလိမ့်မယ်။

### ဆမ်ဒိုးရီးယားနှင့် အင်တာမီလန်

ဒီနှစ်မှာ ပုံမှန်ခြေစွမ်းအောက် ကျဆင်းနေတဲ့ အင်တာမီလန်တို့ကတော့ ဆမ်ဒိုးရီးယားကွင်းမှာ အကြိတ်အနယ်ရုန်းကန်ရဦးမှာဖြစ်ပါတယ်။ ဒါပေမယ့် ဆမ်ဒိုးရီးယားတို့ကလည်း အိမ်ကွင်းမှာ ခြေစွမ်းမပြနိုင်ဘဲ ဖြစ်နေတာမို့ ဒီပွဲမှာတော့ နှစ်သင်းစလုံးခြေကုန်ဖွင့်ရမယ့် အခြေအနေပါပဲ။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် အင်တာမီလန်တို့က နိုင်ပွဲရယူခဲ့တာများတာကြောင့် အခုပွဲဟာ လက်ရှိခြေစွမ်းအရ အမှတ်ခွဲယူရဖို့ရှိနေပါတယ်။

### အတ္တလန္တာနှင့် ဂျီနိုအာ

နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ အတ္တလန္တာရဲ့ ခြေစွမ်းက အားရစရာပါပဲ။ အင်တာမီလန်၊ နာပိုလီ၊ ဖီအိုရင်တီးနားအသင်းတွေကို အနိုင်ယူထားတဲ့ အတ္တလန္တာတို့ရဲ့ တိုက်စစ်၊ ခံစစ်တွေက အကောင်းဆုံးပုံစံရရှိနေပါတယ်။ ဂျီနိုအာတို့ကတော့ ရလဒ်တွေဆက်တိုက်ဆိုးရွားနေတာကို ပြန်လည်ကောင်းမွန်ဖို့ ကြိုးစားနေရဆဲအခြေအနေဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရ အတ္တလန္တာတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

### အူဒီးနိစ်နှင့် တိုရီနို

တိုရီနိုရဲ့အိမ်ကွင်းအားထုတ်မှုက အကောင်းဆုံးဖြစ်နေပြီး သွင်းဂိုးတွေကလည်း အားရစရာဖြစ်နေပါတယ်။ တိုရီနိုဟာ အူဒီးနိစ်နဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် တိုရီနိုတို့က သုံးပွဲနိုင်ထားပြီး အူဒီးနိစ်က နှစ်ပွဲနိုင်ထားခဲ့ပါတယ်။ နှစ်သင်းစလုံးရဲ့ ခြေစွမ်းက တူညီပြီး ကွာဟမှုနည်းတာမို့ အခုပွဲမှာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။

❒ မိုးမြင့်လင်းလက် ❒




## မန်ယူနဲ့ ဝက်စ်ဟမ်း လိဂ်ဖလား ကွာတားမှာတွေ့ပြီ

EFL ဖလားပြိုင်ပွဲမှာ မန်စီးတီးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်တဲ့ မန်ယူအနေနဲ့ ကွာတားဖိုင်နယ်မှာ ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဒီအတော အတွင်းမှာ အာဆင်နယ်က အမ်းမရိတ်မှာ ဆောက်သမ်တန်အသင်းနဲ့ ကစားရဖို့ ရှိပါတယ်။

လီဗာပူးနဲ့ လိဒ်အသင်းတို့ ကစားရမှာဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ရုန်းကန်ကြိုးစားနေရတဲ့ ဟားလ်စီးတီးက အမြင့်ပျံနယူးကာဆယ်နဲ့ အိမ်ကွင်းမှာ ကစားရမှာဖြစ်ပါတယ်။ EFL ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်ပွဲစဉ်တွေကို နိုဝင်ဘာ ၂၉ ရက်နဲ့ ၃၀ ရက်မှာ ကစားရမှာဖြစ်ပါတယ်။

မန်ယူနဲ့ ဝက်စ်ဟမ်း ၂၀၁၀ ပြည့်နှစ်က နောက်ဆုံးပွဲမှာတော့ ဝက်စ်ဟမ်းက လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ အဲဒီနှစ်က ချယ်လ်ဆီးကိုလည်း ကွာတားဖိုင်နယ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဆောက်သမ်တန်နဲ့ တွေ့မယ့် အာဆင်နယ်ကတော့ လိဂ်ဖလားနောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်း သုံးပွဲမှာ ရှုံးနိမ့်ခဲ့တာတွေ့ရပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**



## နိုင်ပွဲရဖို့ကြိုးစားရဦးမယ်ဆိုတဲ့ ဂွါဒီယိုလာ

EFL ဖလား စတုတ္ထအကျော့ပြိုင်ပွဲမှာ မန်စီးတီးက မန်ယူကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားပြီးတဲ့နောက် မန်စီးတီးတို့အနေနဲ့ နိုင်ပွဲတွေရဖို့ ကြိုးစားရဦးမယ်လို့ နည်းပြ ဂွါဒီယိုလာက ပြောဆိုလိုက်ပါတယ်။

မန်စီးတီးရဲ့ ဒီရှုံးနိမ့်မှုဟာ ဂွါဒီယိုလာလက်ထက်ခြောက်ပွဲ ဆက်တိုက်နိုင်ပွဲမရတဲ့အဖြစ်နဲ့ ရင်ဆိုင်ရခဲ့ခြင်းလည်း ဖြစ်ပါတယ်။ မန်စီးတီးတို့ အမှတ်ပေးဇယားရဲ့ထိပ်ဆုံးရောက်နေသော်လည်း နည်းပြဂွါဒီယိုလာရဲ့လက်ထက်မှာ အဆိုးရွားဆုံးအခြေအနေလို့ ဆိုပါတယ်။ ဂွါဒီယိုလာအနေနဲ့ မန်စီးတီးအသင်းရဲ့ ကစားကွက်ပုံစံကို ပြောင်းလဲသွားဖို့ လူငယ်ကစားသမားတွေနဲ့ ဆွေးနွေးမှုတွေ စတင်ပြုလုပ်နေပြီလို့ ဆိုပါတယ်။

မန်စီးတီးအသင်းဟာ ဒီနှစ်ပရီမီယာလိဂ်မှာ ဖလားဆွတ်ခူးနိုင်ခြင်းရှိတဲ့ အသင်းပါ။ သို့ပေမယ့် လက်ရှိခြေစွမ်းမှာတော့ ဆိုးရွားတဲ့ရလဒ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ စက်တင်ဘာ ၂၄ ရက်က ဆွမ်ဆီးကို အနိုင်ရပြီးနောက် မန်စီးတီးအသင်းကို နိုင်ပွဲရအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။

## မန်စီးတီးခေါင်းဆောင်နေရာ လဲပေးဖို့ တောင်းဆိုလာတဲ့ ကွန်ပနီ




မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီအတွက် အသင်းခေါင်းဆောင်နေရာ လူလဲပေးဖို့ တောင်းဆိုလိုက်ပါတယ်။ မန်ယူနဲ့ ကစားခဲ့တဲ့ လိဂ်ပွဲမှာ ခြေစွမ်းကျလာတဲ့အတွက် လူစားလဲဖို့ ကွန်ပနီက တောင်းဆိုခဲ့တယ်လို့ ဆိုပါတယ်။

အသက် ၃၀ အရွယ်ရှိတဲ့ နောက်တန်းကစားသမား ကွန်ပနီဟာ စက်တင်ဘာလတုန်းက တံခါက်ကြောထိခိုက်ဒဏ်ရာရထားတဲ့အတွက် ကောင်းစွာကစားနိုင်ခဲ့ခြင်းမရှိပါဘူး။ သူဟာ ဒုတိယပိုင်းမှာ ဝင်ကစားပေးဖို့ အသင့်မဖြစ်သေးဘူးလို့ ဆိုပါတယ်။ အရေးကြီးတာက သူဒဏ်ရာရနေတာမဟုတ်ပါဘူး။ ကစားနိုင်တဲ့ ခြေစွမ်းရှိတယ်လို့ ဂွါဒီယိုလာက ဆိုပါတယ်။

ဘယ်လ်ဂျီယံကစားသမား ကွန်ပနီဟာ ပြီးခဲ့တဲ့ရာသီက နိုင်ငံနဲ့ကလပ်အတွက် ပွဲပေါင်း ၂၅ ပွဲသာ ကစားပေးနိုင်ခဲ့ပါတယ်။ တစ်ရာသီမှာ ၃၈ ပွဲကစားပေးနိုင်ခြင်းမှာ ကျဆင်းသွားခဲ့ပါတယ်။ သူဟာ ၂၀၁၃-၂၀၁၄ ရာသီက ပွဲပေါင်း ၄၀ အထိ ကစားပေးခဲ့သူဖြစ်ပါတယ်။

# မလေးရှားနိုင်ငံရောက်ဖမ်းဆီးခံ မြန်မာရွှေ့ပြောင်းလုပ်သား ၁၂၈ ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၈

**မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံနေရသော ရွှေ့ပြောင်းမြန်မာလုပ်သားများအနက်မှ ၁၂၈ ဦးသည် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)မှ MAI လေယာဉ် အခမဲ့ခရီးစဉ်ဖြင့် ယနေ့နံနက်စောစောတွင် ၁ နာရီခန့်တွင် (၁၃)ကြိမ်မြောက်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာခဲ့ပြီး ရခိုင်ပြည်နယ်မှ အများဆုံးပါဝင်ကြောင်း သိရသည်။**



ရောက်ရှိလာသော မြန်မာရွှေ့ပြောင်းလုပ်သားများတွင် ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ လေးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုးဦး၊ ပဲခူးတိုင်းဒေသကြီးမှ သုံးဦး၊ မကွေးတိုင်းဒေသကြီးမှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၆ ဦး၊ ကရင်ပြည်နယ်မှ လေးဦး၊ မွန်ပြည်နယ်မှ ၁၉ ဦး၊ ရခိုင်ပြည်နယ်မှ ၃၇ ဦး၊ ရှမ်းပြည်နယ်မှ နှစ်ဦး၊ ချင်းပြည်နယ်မှ ၁၈ ဦးအပါဝင် စုစုပေါင်း ၁၂၈ ဦးနှင့် အသက်ငါးနှစ်အရွယ် ကလေးငယ်တစ်ဦး၊ ရင်ခွင်ပိုက်ကလေးငယ်တစ်ဦး ပါဝင်ကြောင်း သိရသည်။

ထိုသို့ရောက်ရှိလာကြသော ရွှေ့ပြောင်းမြန်မာလုပ်သားများအား နေရပ်ပြန်ပို့ရေး ကော်မတီဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ IOM၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် နေရပ်ပြန်ရောက် မြန်မာလုပ်သားများ၏ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

ထိုနေ့ညပိုင်းတွင် ရောက်ရှိလာသော ဒလမြို့နယ်နေ အသက် (၁၁)နှစ်အရွယ် မောင်ဝေလင်းထွန်းနှင့်ပတ်သက်၍ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောဦးက “အသက်မပြည့်သေးတဲ့ ကလေးငယ်တစ်ယောက်အနေနဲ့ အသက်ခုနစ်နှစ်အရွယ် ကတည်းကနေပြီး မလေးရှားနိုင်ငံကို လိမ်ညာခေါ်ဆောင်ခြင်းခံခဲ့ရတယ်”လို့ သိရတယ်။ သူ့ကို ကော့သောင်း၊ ရနောင်းကနေ တစ်ဆင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Ampong အရပ် Sri Nilam မှာရှိတဲ့ တိုက်ခန်းတစ်ခုမှာ အခြားကလေးတွေနဲ့ အတူနေထိုင်ခဲ့ရတယ်။ အဲဒီလိုနေထိုင်စဉ်မှာ အခြားကလေးတွေနဲ့အတူ အလုပ်တွေခိုင်းတယ်လို့သိရတယ်။ အဲ့ဒီကနေ လွန်ခဲ့တဲ့တစ်နှစ်မှာ ထွက်ပြေးလွတ်မြောက်လာပြီး ကြံ့ရာကျပန်း လမ်းပေါ်အိပ်လမ်းပေါ်စား တောင်းရမ်းစားသောက်နေထိုင်ရတယ်။ နောက်ပိုင်း မလေးရှားရဲတွေရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရတယ်။ ပြီးတော့ ထိန်းသိမ်းရေးစခန်းကို ပို့ဆောင်ခြင်းခံရတယ်လို့သိရတယ်။ အဲဒီကနေပြီးတော့ အခု နေရပ်ပြန်ခရီးစဉ်မှာ ကံကောင်းထောက်မစွာနဲ့ ပါလာတာပါ။သူ့အသက်က အခု ၁၁ နှစ်ရှိနေပြီဆိုတော့ လေးနှစ်လောက် ဆင်းရဲချို့တဲ့စွာနေခဲ့ရတယ်။ မောင်ဝေလင်းထွန်းဟာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက် ဗိုလ်တိုက်ချွန်လမ်းနေ ဦးဒါဝတ်၊ ဒေါ်ဂျမ်းဘုံတို့ရဲ့ သားဖြစ်ကြောင်း သိရတယ်။ သူ့ကို ဆရာမတို့အနေနဲ့ မိဘအုပ်ထိန်းသူထံ ပြန်မအပ်မီ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှာ ယာယီလက်ခံစောင့်ရှောက်ပြီး မိသားစုကို ပြန်လည်အပ်နှံပေးသွားမှာပါ”ဟု ပြောသည်။

ယခုအခါတွင် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးခံနေရသော ရွှေ့ပြောင်းမြန်မာလုပ်သား ၂၂၉၄ ဦးရှိရာ ယခုအသုတ်သည် (၁၃)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ ကျန်ရှိနေသေးသော မြန်မာလုပ်သားများအား မလေးရှားနိုင်ငံရှိ မြန်မာသံရုံးများမှ ထိန်းသိမ်းရေးစခန်းများတွင် သွားရောက်စစ်ဆေးကာ ပြန်လည်ခေါ်ယူနိုင်ရေး ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုရောက်ရှိလာသော မြန်မာနိုင်ငံသား ၁၂၈ ဦးအား ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း အရှေ့ဘက်မုခ်ရှိ အလုပ်သမားဓမ္မာရုံတွင် ခေတ္တထားရှိကာ စစ်ဆေးစုံစမ်းမှုများနှင့် ကျန်းမာရေး စစ်ဆေးချက်များပြုလုပ်ကာ နေရပ်အသီးသီးသို့ ပြန်လည်ပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

“စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်ရတာပါတယ်။ ပတ်စပို့မရှိဘူး၊ လာဖမ်းတော့ပြေးစရာမရှိဘူးလေ။ ဟိုမှာက ပတ်စပို့တွေ၊ အလုပ်လုပ်ကိုင်ခွင့် ခေါ်စာတွေ၊ ပြီစာတွေမရှိရင် အဆင်မပြေဘူး။ သွားလာရတာလည်း ကြိုးလန့်စာစားနဲ့ သွားနေရတာပါ။ အခု နောက်ပိုင်းကာလတွေမှာ အဖမ်းအဆီးတွေ အရင်ထက်များလာပါတယ်။ ကျွန်တော် Camp ထဲရောက်နေတာ ကိုးလကျော်ပါပြီ။

အခု ကျွန်တော်တို့ပြန်လာဖို့က မလေးရှားမှာရှိတဲ့ မြန်မာသံရုံးက အလုပ်သမားသံအရာရှိအဖွဲ့တွေ လူစာရင်းလာကောက်တယ်။ မြန်မာပြည် နေရပ်လိပ်စာမေးတယ်။ စိစစ်မှုတွေအပြီး ကြာ ချိန်တစ်လနီးပါးမှာပြန်ခွင့်ရမယ့်စာရင်းခေါ်စာထဲပါကြောင်း Camp က တာဝန်ရှိသူတွေ နာမည်စာရင်းခေါ်တော့ အလွန်ပဲ ဝမ်းသာခဲ့ရတယ်။ ဟိုမှာက ပတ်စပို့ပျောက်သွားလို့ အဖမ်းခံရတဲ့သူတွေ အိုဘာဆီးဖြစ်လို့ ဖမ်းခံရတာတွေ အများကြီးပါပဲ။ ဖြစ်နိုင်ရင်တော့ တရားဝင်မဟုတ်ဘဲ မသွားကြပါနဲ့လို့ ပြောပါရစေ။ အခုလို MAI လေယာဉ်နဲ့ အခမဲ့ခေါ်ပေးတဲ့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း (BFM)အဖွဲ့ကိုလည်း အများကြီးကျေးဇူးတင်ပါတယ်”ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ရန်ကုန်တိုင်းဒေသကြီးနေ ရွှေ့ပြောင်းမြန်မာလုပ်သား ကိုအောင်ထွန်းနိုင်က ပြောသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် လေယာဉ်စင်းလုံးငှား အခမဲ့ပို့ဆောင်ပေးသည့်အပြင် တစ်ဦးလျှင် အပြန်စရိတ်ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ IOM အနေဖြင့် နေရပ်ပြန်စရိတ်၊ အဝတ်အထည်အသုံးဆောင်ပစ္စည်းများထောက်ပံ့ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ကူညီပေးခဲ့ကာ နေရပ်သို့ချက်ချင်းမပြန်နိုင်သူများအား ရန်ကုန်မြို့တွင် ခေတ္တနေရာချထားပေးကြောင်း သိရသည်။

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှားထိန်းသိမ်းရေးစခန်းများရောက် ရွှေ့ပြောင်းမြန်မာလုပ်သားများအား ဩဂုတ် ၈ ရက်က ပထမအကြိမ်အဖြစ် စတင်ကာ ယခု ၁၃ အကြိမ်ထိ စုစုပေါင်း ၁၇၆၉ ဦးနှင့် ရင်ခွင်ပိုက်ကလေးငယ် ခုနစ်ဦးအား ခေါ်ဆောင်ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့၌ အချိန်ပိုင်းဓာတ်အား ပြတ်တောက်မည်

**ရန်ကုန် အောက်တိုဘာ ၂၈**

အောက်တိုဘာ ၂၉ ရက် (စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ရန်ကင်း၊ တောင်ဥက္ကလာ၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ဆိပ်ကမ်း၊ ဒဂုံ၊ အလုံ၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှည်းကူး၊ မှော်ဘီ၊ မြောင်းတကာ၊ တိုက်ကြီး၊ အဖျောက်၊ ထန်းတပင်၊ ဥက္ကံ၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းမှ အသိပေးပန်ကြားထားသည်။

**(မြန်မာ့အလင်း)**

## ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သန်လျင်မြို့နယ်ပညာရေးဌာနတို့ပူးပေါင်းကျင်းပသော မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီဟဒီပအားကစားကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အသက် ၁၀ နှစ်နှင့်အောက် အမျိုးသား/အမျိုးသမီး မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ နှင့်မီတာ ၁၀၀လက်ဆင့်ကမ်းပြိုင်ပွဲများ၊ အသက် ၁၃ နှစ်နှင့်အောက် အမျိုးသား/အမျိုးသမီး မီတာ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ မီတာ ၁၅၀၀၊ လက်ဆင့်ကမ်းနှင့်အလျားခုန်ပြိုင်ပွဲများ၊ အသက်၁၃နှစ်နှင့်အထက်အမျိုးသား/ အမျိုးသမီးမီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀၊ ၅၀၀၀၊ မီတာ၁၀၀ လက်ဆင့်ကမ်း၊ မီတာ ၄၀၀ လက်ဆင့်ကမ်းနှင့် အလျားခုန်၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများ ကျင်းပသည်။ ပြိုင်ပွဲ၌ ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်(တောင်ပိုင်းခရိုင်) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြအောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဆုကို ရွှေတံဆိပ်ဆုခုနစ်ခုဖြင့်အ.ထ.က(၄)သန်လျင်က ရရှိရာ သန်လျင် မြို့နယ်ပညာရေးမှူး ဦးကြည်ဦးက ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်စိုး(မြန်မာ့အလင်း)**

# သတင်းတိုများ

## စိမ့်စမ်းရေသွယ်တန်းပေးမည့်ကျေးရွာများသို့ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျောက်လှေကားကျေးရွာနှင့် မယ်ကဲကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေ ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် စိမ့်စမ်းရေသွယ်တန်းရေးလုပ်ငန်းများကို သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။ ကျောက်လှေကားကျေးရွာအတွက် ရေထွက်မှ နှစ်မိုင်နှင့် မယ်ကဲကျေးရွာတွင် ရေထွက်မှသုံးမိုင် ရေပိုက်လိုင်းများ သွယ်တန်းပေးခြင်း၊ ရေလှောင်တမံများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျေးရွာများ၌လည်း ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်များ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ကျောက်ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ကလပ်အသင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျောက်ပန်းတောင်းမြို့နယ်အားကစားကွင်း၌ အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ Zenith အသင်းနှင့် Volunteer အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး Zenith အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုရရှိသော အသင်းများနှင့် တစ်ဦးချင်း ကစားသမားဆုများကို မြို့နယ်ဘောလုံးဆပ်ကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရွှေကို၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းဦးတို့က ချီးမြှင့်ပေးအပ်ခဲ့သည်။

**နေအောင်(iprd)**

## တရားမဝင်ပိတောက်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်(အလယ်)ရွာ၌ ပိတောက်ခွဲသား ၁၄ ဒသမ ၀၇၈၄ တန်ကို အောက်တိုဘာ ၂၆ ရက်က ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ သစ်နှင့် သစ်တောထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုလျော့နည်းပပျောက်စေရန်အတွက် ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်း၊ ဆားလင်းကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဆားလင်းကြီးမြို့ သစ်တောဦးစီးဌာနမှူး ဦးသိန်းကြိုင်နှင့် သစ်တောဝန်ထမ်းများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်၊ ကြေးစင်တောင်ရဲကင်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သစ်တောစစ်ကြောင်းမှ သစ်တောရဲတပ်ဖွဲ့ဝင်များ၊ ကနီမြို့နယ်၊ အင်းတော်မြို့နယ်၊ ဘုတလင်မြို့နယ်တို့မှ သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆားလင်းကြီးမြို့နယ်၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ် မိုးကြိုးပြင်(အလယ်)ရွာ အောင်မင်္ဂလာမိုးကောင်းစေတီတော်ဝင်းအတွင်း၌ ပိတောက်ခွဲသား ၁၀၇ ချောင်းကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ကျင်းပ

တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို အောက်တိုဘာ ၂၆ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် တောင်ကုတ်မြို့နယ် သိမ်တောင် အလကကျောင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် နံရံကပ်ဓာတ်ပုံပြပွဲများ၊ စာအုပ်စာစောင်ပြပွဲများကို ဆက်လက်ပြုလုပ်ကာ သိမ်တောင် အလကကျောင်းအုပ်ဆရာကြီးထံသို့ စာအုပ်များပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ငှက်ဖျားစီမံချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဟောပြော

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)နှင့် မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနတို့က ဦးဆောင်၍ ငှက်ဖျားရောဂါပပျောက်ရေးစီမံချက်အကြောင်း ဟောပြောပွဲကို မွန်ပြည်နယ် ချောင်းဆုံမြို့ရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမင်းညွှန့်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာသူရဌေးက ငှက်ဖျားရောဂါနှင့်ပတ်သက်သည့် လက်ရှိအခြေအနေ၊ ကုသမှုလမ်းညွှန်မှုများကို ဟောပြောကာ (MMA/QDSTM)မှ ဒေါက်တာမချစ်ဦးက ဆေးရောင်းချသူများအား ငှက်ဖျားရောဂါကာကွယ်ခြင်းနှင့်ပတ်သက်၍ အသိပေးဆွေးနွေးသည်။ ထို့နောက် ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရောင်းချခွင့်မရှိသည့် ဆေးဝါးများအကြောင်းကို ဆက်လက်ရှင်းလင်းဟောပြောခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

ဥပဒေအရ ခွင့်ပြုခြင်းမရှိသည့် ဆိုးဆေးပါသော အစားအစာများ၊ တာရှည်ခံ ဓာတုဆေးဝါးများဖြင့် ထုတ်လုပ်ထားသော အစားအစာများ၊ သက်တမ်းလွန် အစားအစာများအကြောင်းကို သိရှိစေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မှော်သေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အောက်တိုဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျုံပျော်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမြင့်အောင်က တားမြစ်ဆိုးဆေးနှင့် တာရှည်ခံဆေးများဖြင့်ပြုလုပ်သော အစားအစာများ၏ ဆိုးကျိုးများ၊ ကွမ်းစားခြင်းကြောင့် ဖြစ်ပွားနိုင်သောရောဂါများ၊ စားသုံးသူအကာကွယ်ပေးရေးဥပဒေပါ ရရန်အခွင့်အရေးများနှင့်ပတ်သက်သည်များကို ဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ကွမ်းသီးဈေးကျသဖြင့် ကွမ်းသီးခြံရှင်များနှင့် ကုန်သည်များ တွက်ခြေမကိုက်ဖြစ်နေ

**ရေး အောက်တိုဘာ ၂၈**

မွန်ပြည်နယ် ရေးမြို့နယ်၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ကွမ်းသီးစိုက်ပျိုးရေးတွင် ယခုရက်ပိုင်းအတွင်း ကွမ်းသီးဈေးများ ကျလာသဖြင့် ကွမ်းသီးခြံပိုင်ရှင်များနှင့် ကွမ်းသီးဝယ်လှောင်ထားသော ကုန်သည်များအနေဖြင့် တွက်ခြေမကိုက်ကြဘဲ အကျိုးအမြတ်ကျဆင်းလာဖွယ်ရှိနေကြောင်း သိရသည်။

"အရင်နှစ်က ကွမ်းသီးဟောင်းအခြောက်ဈေးက တစ်ပိဿာကို ကျပ် ၆၀၀၀ ကျော်အထိ ဈေးကောင်းရကြပါတယ်။ ဒီနှစ်က မနှစ်ကဈေးထက် ကျပ် ၂၀၀၀ လောက် ကျသွားတယ်။ ကျပ်တိုက်ကွမ်းသီး တစ်ပိဿာကို ကျပ် ၂၂၀၀ ပဲရတယ်။ ဈေးကကျလာတော့ ခြံရှင်တွေက ခြံလုပ်အားကုန်ကျစရိတ်နဲ့တွက်ရင် တွက်ခြေမကိုက်ဖြစ်နေကြပါတယ်"ဟု ကွမ်းသီးခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဦးညီညီအောင်က ပြောသည်။

ရေးကွမ်းသီးမှာ မြိတ်ကွမ်းသီးနှင့်ယှဉ်လျှင် အရည်အသွေးညံ့ကြောင်း၊ ပြည်တွင်းဈေးကွက်တွင် မြိတ်ကွမ်းသီးက တစ်ပိဿာလျှင် ကျပ် ၅၀၀၀ အထက် ရရှိနေပြီး ရေးကွမ်းသီးများလည်း စံချိန်စံညွှန်းမီပါက ပြည်တွင်းဈေးကွက်တွင် မြိတ်ကွမ်းသီးဈေးနှုန်းကို မီမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်မူ နယ်စပ်ထွက်ပေါက်မှာလည်း ပြဿနာအနည်းငယ်ရှိနေသဖြင့် ဈေးနှုန်းများက အကျဘက်ကို ရောက်နေကြောင်း၊ ကုန်သည်များမှာ ယခင်က တစ်ပိဿာ ကျပ် ၄၈၀၀ ဈေးတွင် ကွမ်းသီးများကို ဝယ်လှောင်ထားခဲ့ကြသဖြင့် ယခု ဈေးကျချိန်တွင် အရှုံးနှင့် ကြုံတွေ့နေရကြောင်း ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးမောင်အေးက ပြောသည်။

ရေးဒေသထွက် ကွမ်းသီးအဟောင်း ပေါက်ဈေးမှာ လက်ရှိအချိန်တွင် တစ်ပိဿာလျှင် ကျပ် ၃၈၀၀ နှင့် ၄၀၀၀ ကြားတွင်သာရှိကာ ယခုနှစ်ပေါ်သော ကွမ်းသီးသစ်မှာ လာမည့်ကွမ်းသီးရာသီ အဖွင့်ဈေးအနေဖြင့် အရည်အသွေးမကောင်းလျှင် ကျပ် ၂၄၀၀ ခန့်နှင့် အရည်အသွေးကောင်းပါက ကျပ် ၃၅၀၀ နှင့် ၄၀၀၀ ကြားအထိ ရနိုင်ဖွယ်ရှိကြောင်း ကုန်သည်အများစုက ခန့်မှန်းထားကြသည်။ **နေမျိုးထွန်း(ရေး)**



# အခြေခံပညာကျောင်းများ၌ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်လျက်ရှိ

**ကန့်ဘလူ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ စာသင်ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

တိုင်းဒေသကြီးအစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၆၁၆ ဒသမ ၅ သန်းဖြင့် စံပါယ်နံ့သာကျေးရွာ အလက(ခွဲ)၊ အမှတ်(၄)ရပ်ကွက် အမက၊ အင်းလယ်ကြီးကျေးရွာ အလက(ခွဲ)၊ နတ်အင်းကျေးရွာ အလက(ခွဲ)နှင့် ငှက်ပျောတိုင်းကျေးရွာ အလက(ခွဲ)ကျောင်းများတွင် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး အုတ်ညှပ် တစ်ထပ်စာသင်ဆောင်သစ်များကို ခွင့်ပြုငွေကျပ် ၄၆ ဒသမ ၈ သန်း အသုံးပြု၍လည်းကောင်း၊ ဘုတ္တောကျေးရွာ အထက(ခွဲ)နှင့် ထန်းတပင်ကျေးရွာ အလက(ခွဲ)ကျောင်းတို့တွင် အလျားပေ ၁၀၀၊ အနံပေ ၃၀၊ အမြင့် ၂၄ ပေရှိ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်များကို ခွင့်ပြုငွေ ကျပ် ၇၈ သန်းအသုံးပြု၍လည်းကောင်း၊ ပေကြီးကျေးရွာ အလက(ခွဲ)ကျောင်းတွင် အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်စာသင်ဆောင်ကို ခွင့်ပြုငွေ ကျပ် ၃၅ ဒသမ ၁ သန်းဖြင့်လည်းကောင်း၊ ဝက်တိုး(မ)ကျေးရွာ အမကကျောင်းတွင် အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်ကို ခွင့်ပြုငွေ ကျပ် ၂၃ ဒသမ ၄ သန်းဖြင့်လည်းကောင်း၊ ထန်းကုန်းကျေးရွာ အထကကျောင်းတွင် အလျားပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၂၄ ပေရှိ RCC နှစ်ထပ်ကျောင်းဆောင်သစ်ကို ခွင့်ပြုငွေ ကျပ် ၁၆၈ သန်းဖြင့်လည်းကောင်း တင်ဒါအောင်ကုမ္ပဏီများက တာဝန်ယူဆောက်လုပ်လျက်ရှိသည်။



အဆိုပါ ကျောင်းဆောင်သစ်များဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီနှင့် မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသာအေး၏ ပြောကြားချက်အရ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့ သံဃာတော်များအား ဆေးဝါးကုသပေး

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ပါရဂူ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်သန်းနှင့် အဖွဲ့ဝင် ၂၆ ဦးတို့ပါဝင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်မောက်ရပ်ကွက် နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက်၌အခြေပြု၍ သံဃာတော်များအား ဆေးဝါးကုသမှုများ အောက်တိုဘာ ၂၅ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဆုထူးပန်ကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော် ၁၈၄ ပါးအား အထွေထွေရောဂါများ စမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ဆေးကုသရာနေရာသို့ အမှတ်(၂)စစ်ဆေးရုံမှ ဗိုလ်မှူးချုပ်စိန်လင်း၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးဆွေဝင်းနှင့်အဖွဲ့၊ တာမွေစစ်မှုထမ်းဟောင်းအဖွဲ့မှဥက္ကဋ္ဌ ဗိုလ်ကြီးမင်းချိုဦး(ငြိမ်း)နှင့်အဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေမျိုးဆွေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များကို ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လှလှ**

# ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**နတ်တလင်း အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး၌ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(SVA)နှင့် ပြန်/ဆက်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ခင်ဌေးမြင့်နှင့် မူလတန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးမြင့်ဆွေတို့က ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်ကြပြီး မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက (မြေကမ္ဘာ)စာအုပ်တွင်ပါရှိသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆရာမကြီး ဒေါ်ခင်ဌေးမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်လဲ့ဝါမြင့်တို့က ဆုများ ချီးမြှင့်ခဲ့ကြသည်။ **တင်မြင့်(နတ်တလင်း)**

# စက်မှုလယ်ယာဝန်ဆောင်မှု ရွှေ့တန်းထွန်စက်စခန်း ညောင်ဦးမြို့နယ်၌ စတင်ဖွင့်လှစ်

**ညောင်ဦး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသာအုပ်စုအတွင်းမှ ဒေသခံတောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်များတွင် အလွယ်တကူထွန်ယက်နိုင်ရန်အတွက် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရွှေ့တန်းထွန်စက်စခန်းခွဲကို ခရိုင်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၉) ထွန်စက်စခန်းက ရွာသာကျေးရွာ၌ အောက်တိုဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရွှေ့တန်းထွန်စက်စခန်းခွဲ၌ အပြင်ပုဂ္ဂလိကထွန်စက်များနှင့်စာလျှင် ပိုမိုသက်သာသောဈေးနှုန်းများဖြင့် ဒေသခံတောင်သူများ ထွန်စက်များငှားရမ်းနိုင်ရန်နှင့် ထွန်ယက်စိုက်ပျိုးချိန်အမီ ထွန်ယက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ညောင်ဦးခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ခင်က ပြောသည်။ ညောင်ဦးမြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူးကလည်း ဝန်ဆောင်ခများအနေဖြင့် ပြင်ပထွန်စက်ငှားရမ်းခများထက် သက်သာမည့်အပြင် တောင်သူများစိတ်တိုင်းကျ ထွန်ယက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

"အခုအချိန်က ကျွန်တော်တို့တောင်သူတွေမှာ ကြွက်သွန်နီနှင့်မတ်ပဲ စိုက်ပျိုးတော့မယ့် အချိန်ဖြစ်ပါတယ်။ မတ်ပဲစိုက်မယ့်ယာခင်းတွေကို ထွန်ယက်ကြမှာပါ။ အခုလိုအချိန်မှာ မြေညှိစက်ကို အများဆုံးသုံးပါတယ်။ ဒီလို လာရောက်ထွန်ယက်ပေးတော့ ဒီဘက်နယ်က ရွာသာ၊ ကြအိုး၊ မီးလောင်ဖျား၊ ညောင်ပင်လှ၊ ညောင်လှ၊ အနောက်တောရွာတွေက တောင်သူတွေ အလွယ်တကူနဲ့ ဈေးနှုန်းချိုသာစွာ ထွန်ယက်နိုင်တော့ စိုက်ခင်းထဲ ငွေအရင်းအနှီးအဝင်နည်းတာပေါ့။ ပုဂ္ဂလိကထွန်စက်ထွန်ခနဲ့စာရင် အခုလိုဈေးနှုန်းချိုသာစွာနဲ့ ထွန်ယက်နိုင်အောင်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ညောင်လှကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ **ကျော်ဌေး(ညောင်ဦး)**

**နွားထိုးကြီးမြို့၌ အဓိကလမ်းမကြီးများတွင် ရေနုတ်မြောင်းများမရှိ၍ လမ်းများပေါ်တွင် ရေလျှံတက်လေ့ရှိသောကြောင့် မြို့နေပြည်သူများ၏ဆန္ဒအရ အောင်ဆန်းလမ်းမတွင် ရေနုတ်မြောင်းကို နွားထိုးကြီးမြို့စည်ပင်က စက်ယန္တရားများအသုံးပြု၍ အောက်တိုဘာ ၂၆ ရက်က တူးဖော်ပေးနေစဉ်။** (မြို့တွင်းကတ္တရာလမ်းများ၏ လမ်းကူးများနေရာတွင် ရေပြွန်များလည်း တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။)
**ဌေးမြင့်မောင်**



# ကျောက်တန်းမြို့နယ်အတွင်း ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်များ အခမဲ့ပြုလုပ်ပေး

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းမှ ပြည်သူများအတွက် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်များကို သန်လျင်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာ စတုတ္ထပတ်အတွင်းက အခမဲ့ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

လိုင်စင်များပြုလုပ်ပေးရာတွင် ကျောက်တန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဇော်မိုးလွင်က အမှာစကားပြောကြားပြီး သန်လျင်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးကျော်ရွှေက လိုင်စင်များပြုလုပ်ပေးခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး လှကျော်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ သန်လျင်မြို့နယ် အာမခံလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်က အာမခံလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးဝေလင်းထက်က စစ်ဆေးရေးနှင့် ယာဉ်မောင်းလိုင်စင်အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူ လူဦးရေ ၅၀၀ ကျော်အတွက် ယာဉ်လိုင်စင်များနှင့် ယာဉ်မောင်းလိုင်စင်များကို အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တယ်လီနောနှင့် Apple ပူးပေါင်းမှုဖြင့် iPhone 7 နှင့် iPhone 7 Plus ဖုန်းသစ်များကို ကြိုတင်မှာယူနိုင်



ရန်ကုန် အောက်တိုဘာ ၂၈

Apple ၏ နောက်ဆုံးထုတ်စမတ်ဖုန်းဖြစ်သော iPhone 7 နှင့် iPhone 7 Plus

များကို နိုဝင်ဘာ ၄ ရက်မှစ၍ မြန်မာနိုင်ငံတွင် တရားဝင် မိတ်ဆက်သွားမည်ဖြစ်ပြီး မိတ်မဆက်မီတွင် ကြိုတင်မှာယူလိုသူများအနေဖြင့် တယ်လီနောနှင့် Apple ပူးပေါင်းမှုအရ တယ်လီနောအရောင်းဆိုင်များတွင်ဖြစ်စေ၊ အွန်လိုင်းမှတစ်ဆင့်ဖြစ်စေ ကြိုတင်မှာယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

"တယ်လီနောအသုံးပြုသူတွေဆီကို Apple ကနေထုတ်လုပ်တဲ့ နောက်ဆုံးပေါ် iPhone နဲ့ မိတ်ဆက်ပေးနိုင်တဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။ တယ်လီနောရဲ့ ဒီအစီအစဉ်ဟာ အသုံးပြုသူတွေဆီကို စိတ်လှုပ်ရှားမှုတွေ ပေးစွမ်းနိုင်မှာပါ။ စိတ်ဝင်စားတဲ့ အသုံးပြုသူတွေအနေနဲ့ မကြာမီထပ်မံကြေညာမယ့် အသေးစိတ်အချက်အလက်တွေကို စောင့်မျှော်ကြပါဦးလို့ တိုက်တွန်းချင်ပါတယ်"ဟု တယ်လီနောမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Joslin Myrthong ကပြောကြားသည်။

iPhone 7 နှင့် iPhone 7 Plus ဖုန်းများတွင် နောက်ဆုံးပေါ် ကင်မရာစနစ်များ၊ ထွက်ရှိပြီးသမျှ iPhone များထဲတွင် သက်တမ်းအကြာရှည်ဆုံး ဘက်ထရီများ၊ ရေစိုခံနိုင်စွမ်းနှင့် အမှုန်အမွှားများဝင်ရောက်မှုမှ ကာကွယ်နိုင်စွမ်းများ အပါအဝင် နောက်ဆုံးပေါ်နည်းပညာနှင့် လုပ်ဆောင်ချက်များ ပါဝင်မည်ဖြစ်သည်။

ကြိုတင်မှာယူလိုသူများအနေဖြင့် တယ်လီနောအရောင်းဆိုင်များနှင့် အွန်လိုင်းမှတစ်ဆင့် အောက်တိုဘာ ၂၈ ရက်မှစတင်၍ ကြိုတင်မှာယူမှုများ ပြုလုပ်နိုင်မည်ဖြစ်ပြီး တယ်လီနောနှင့် Apple ပူးပေါင်းသည့်အစီအစဉ်အရ ဝယ်ယူသူများအတွက် တယ်လီနောဖုန်းနံပါတ်အလှတစ်ခု ပိုင်ဆိုင်ခွင့်၊ ခြောက်လအထိ လစဉ် အင်တာနက်အခမဲ့သုံးခွင့်နှင့် အခြားလက်ဆောင်များကိုပါ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက နည်းပညာသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Open Source နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များအတွက် Linux Foundation သင်တန်းနှင့် WordPress Professionals Course သင်တန်းများကို နိုဝင်ဘာ ၇ ရက်နှင့် ၁၅ ရက်တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Linux Foundation သင်တန်းကို အိုင်တီဆိုင်ရာနည်းပညာပိုင်းတွင် အသုံးများလာသော Linux Server နှင့် Administrator Level များသို့ တတ်လှမ်းနိုင်ရန်အတွက် အဓိကလိုအပ်သော Linux အခြေခံနည်းပညာများတွင် ကျွမ်းကျင်ပိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းတက်ရောက်ခြင်းဖြင့် Linux ၏ အခြေခံသဘောသဘာဝ၊ အသုံးဝင်ပုံအနေအထား၊ Linux ၏ နည်းပညာရပ်များကို လေ့လာရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Linux Server များကို အခြေခံပိုင်နိုင်စွာဖြင့် အခက်အခဲမရှိ လေ့လာသွားနိုင်မည်ဖြစ်သည်။ သင်တန်းသို့ Linux နည်းပညာရပ်ကို စိတ်ဝင်စားပြီး အခြေခံမှစ၍ လေ့လာလိုသူများ၊ ကိုယ်တိုင်လေ့လာရန် ခက်ခဲနေသောသူများ၊ Linux Server, Administrator ပိုင်းများကိုလေ့လာလိုသူများ တက်ရောက်သင့်ကာ သင်တန်းကာလမှာ နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ နေ့စဉ်ညနေ ၅ နာရီခွဲမှ ည ၈ နာရီ အထိဖြစ်ကြောင်း၊ သင်တန်းကို လှိုင်မြို့နယ် MICT Park အဆောင်(၉)ရှိ MCPA Lab အခန်းတွင် သင်ကြားမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်ခြောက်သောင်းဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် ကျပ်သုံးသောင်းဖြစ်ကြောင်း သိရသည်။

WordPress Professionals Course သင်တန်းမှာ ဝက်ဘ်ဆိုက်ရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ တက်ရောက်သင့်သည့် သင်တန်းဖြစ်ပြီး ကွန်ပျူတာအခြေခံရှိထားကာ ဝက်ဘ်ဆိုက်ရေးသားသည့် HTML, CSS, PHP တို့ကို တက်ရောက်ပြီးသူများ၊ ဝက်ဘ်ဆိုက်ရေးသားနည်း အခြေခံအဆင့်တတ်မြောက်ထားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ သင်တန်းတွင် ဝက်ဘ်ဆိုက်တစ်ခု စတင်ရေးသားခြင်းမှ Domain ဝယ်ယူခြင်း၊ Hosting တင်ခြင်းစသည်တို့ကို စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း ပရောဂျက်အနေဖြင့် ဝက်ဘ်ဆိုက်တစ်ခုစီကို ရေးသားရမည်ဖြစ်ပြီး ပရောဂျက်တင်ပြနိုင်မှသာလျှင် သင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက ဝက်ဘ်ဆိုက်များကို ကိုယ်တိုင်ရေးသားနိုင်မည်ဖြစ်သလို CMS Developer များအဖြစ်လည်း လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

WordPress Professionals Course သင်တန်းအတွက် သင်တန်းကာလမှာ နိုဝင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်းနှင့် ကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် ကျပ်ငါးသောင်းဖြစ်ကြောင်း၊ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

# ဆမ်ဆောင်း၏ Galaxy J7 Prime နှင့် J5 Prime စမတ်ဖုန်းသစ်များ ပြည်တွင်းဈေးကွက်တွင် စတင်မိတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၂၈**

နောက်ဆုံးပေါ် အဆင့်မြှင့်တင်ထားသော ထူးခြားသည့်လုပ်ဆောင်ချက်များပါဝင်သည့် ဆမ်ဆောင်း၏ နောက်ဆုံးပေါ် စမတ်ဖုန်းမော်ဒယ်သစ်နှစ်ခုဖြစ်သည့် Galaxy J7 Prime နှင့် J5 Prime စမတ်ဖုန်းမော်ဒယ်သစ်နှစ်ခုကို အောက်တိုဘာ ၂၀ ရက်မှစ၍ ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"အခုအသစ်ထုတ်လုပ်လိုက်တဲ့ Galaxy J7 Prime နဲ့ Galaxy J5 Prime စမတ်ဖုန်းတွေကို ကျွန်တော်တို့ရဲ့ နောက်ဆုံးပေါ် တီထွင်ဖန်တီးမှုတွေနဲ့ ထူးခြားတဲ့ ဒီဇိုင်းတွေကို ပေါင်းစပ်ဖန်တီးထုတ်လုပ်ထားပါတယ်။ လှပကျော့ရှင်းတဲ့ ကျောဘက်အခုံးဒီဇိုင်းနဲ့ အရည်အသွေးမြင့် သတ္တုကိုယ်ထည်တို့နဲ့အတူ ပေါင်းစပ်ဖန်တီးထားပါတယ်။ ကျစ်လျစ်တဲ့ ကိုယ်ထည်က သုံးစွဲသူတွေရဲ့လက်ထဲမှာသာမက နေ့စဉ်ဘဝမှာပါ အဆင်ပြေလွယ်ကူစွာနဲ့ အံဝင်ခွင်ကျဖြစ်စေမှာ ဖြစ်ပါတယ်"ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ပြောသည်။

Galaxy J7 Prime နှင့် Galaxy J5 Prime စမတ်ဖုန်းအသစ်များတွင် ထည့်သွင်းပေးထားသည့် S Power Planning လုပ်ဆောင်ချက်အသစ်တွင် ဖုန်းခေါ်ဆိုမှုအတွက် ဘက်ထရီအား ချန်ထားပေးခြင်း၊ ဘက်ထရီသက်တမ်းကို တိုးမြှင့်ပေးထားခြင်းနှင့် ဘက်ထရီမရှိသည့်အခါ ဖုန်းခေါ်ဆိုမှုများကို အလိုအလျောက် အခြားဖုန်းများသို့ခေါ်ဆိုပေးခြင်း(call forwarding) ပြုလုပ်ပေးခြင်းအစရှိသည့် လုပ်ဆောင်ချက်များကို ရွေးချယ်သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

Galaxy J7 Prime တွင် 2.5D Gorilla Glass 4 ဖြင့်အုပ်၍ကာကွယ်ထားသော ၅ ဒသမ ၅ လက်မအရွယ်အစားရှိ မျက်နှာပြင်ပါဝင်ပြီး ရုပ်ထွက်အရည်အသွေးမှာ 1080p ရှိသည်။ 1080p အရည်အသွေးရှိ Full HD ဗီဒီယိုရိုက်ကူးနိုင်သည့် ၁၃ မဂ္ဂါပစ်ဇယ် နောက်ကင်မရာနှင့် ၈ မဂ္ဂါပစ်ဇယ်ရှိ ရှေ့ကင်မရာတို့ ပါဝင်ပြီး CPU မှာ 1.6GHz Octa-core ဖြစ်ကာ 3GB RAM နှင့် 32 GB အင်တာနယ်မင်မိုရီတို့ ပါဝင်သည်။ မင်မိုရီကို ထပ်မံတိုးမြှင့်ရန်အတွက် microSD card ဖြင့်လည်း အသုံး



ပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် Home button နှင့် တွဲဖက်အသုံးပြုရသော လက်ဗွေရာစနစ်ကိုလည်းထည့်သွင်းထားပြီး စွမ်းရည်ပြည့်ဝသော 3300mAh ဘက်ထရီလည်း ပါဝင်ကြောင်း သိရသည်။

Galaxy J5 Prime မှာ ငါးလက်မအရွယ်အစားရှိပြီး HD အရည်အသွေးရုပ်ထွက်မျက်နှာပြင်၊ ၁၃ မဂ္ဂါပစ်ဇယ်ရှိ နောက်ကင်မရာနှင့် ၅ မဂ္ဂါပစ်ဇယ်ရှိ ရှေ့ကင်မရာတို့ ပါဝင်သည်။ CPU မှာ 1.4GHz quad-core processor ဖြစ်ပြီး RAM 2GB၊ အင်တာနယ်မင်မိုရီ 16GB ပါဝင်ပြီး မင်မိုရီထပ်မံတိုးမြှင့်အသုံးပြု နိုင်ရန်အတွက်လည်း microSD card slot ပါဝင်သည်။ ဘက်ထရီပိုင်းတွင် 2400 mAh ရှိ ဘက်ထရီနှင့်အတူ လက်ဗွေစနစ်များလည်း ပါဝင်သည်။

Galaxy J7 Prime ကို ပြည်တွင်းဈေးကွက်၌ အောက်တိုဘာဒုတိယအပတ်မှစ၍ ဈေးနှုန်း ကျပ် ၃၂၈၀၀၀ ဖြင့် ရောင်းချနေပြီဖြစ်ပြီး လက်ရှိတွင် အနက်ရောင်နှင့် ရွှေဖြူရောင်များကို ရရှိနိုင်ပြီဖြစ်ကာ Pink Gold အရောင်သစ်ကိုလည်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် Galaxy J5 Prime ကိုစတင်မရောင်းချသေးသော်လည်း လာမည့်ရက်သတ္တပတ်များအတွင်း စတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# Myanpwel ဝက်ဘ်ဆိုက်က အွန်လိုင်းလက်မှတ်ရောင်းစနစ် စတင်မိတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံတွင် ကျင်းပသည့် အခမ်းအနားအစီအစဉ် ပွဲအစီအစဉ်များကို ဖော်ပြပေးနေသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော www.myanpwel.com ဝက်ဘ်ဆိုက်က အွန်လိုင်းလက်မှတ်ရောင်းစနစ် Online ticketing System ကို စတင်မိတ်ဆက်ထားပြီဖြစ်၍ လက်မှတ်များဝယ်ယူလိုသူများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပွဲအစီအစဉ်များအတွက် လက်မှတ်ဝယ်ယူလိုသူများအနေဖြင့် myanpwel.com ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အနုပညာ၊ စီးပွားရေး၊ ဖျော်ဖြေပွဲ၊ ပြပွဲ၊ ဂီတပွဲနှင့် ပါတီပွဲ၊ အားကစားပွဲ စသည့် ပွဲအစီအစဉ်များမှ လက်မှတ်များကို MPU ကတ် အသုံးပြု၍ဖြစ်စေ၊ 123Service ကို အသုံးပြု၍ဖြစ်စေ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူနိုင်မည်ဖြစ်ကာ ဝယ်ယူသည့် လက်မှတ်များကို ဝယ်ယူသူ၏ အီးမေးလ်ထဲသို့ ပို့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ Myanpwel ဝက်ဘ်ဆိုက်သည် ၂၀၁၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ ပွဲအစီအစဉ်များကို ဖော်ပြပေးနေသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ကာ ဝက်ဘ်ဆိုက် အသုံးပြုသူများအနေဖြင့် မိမိတို့၏ ပွဲအစီအစဉ်များကိုလည်း ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ဖော်ပြနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

# ကနဦးအစပျိုးလုပ်ငန်းသစ်များ ဈေးကွက်သစ်တိုးချဲ့နိုင်ရန် ကူညီပေးနိုင်မည့် တယ်လီနော Digital Winners Asia အစီအစဉ်ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ကနဦး အစပျိုးလုပ်ငန်းသစ်များအနေဖြင့် ဈေးကွက်သစ်များ ချဲ့ထွင်ရာတွင် တွေ့ကြုံရလေ့ရှိသည့် အတားအဆီးများကို လျှော့ချပေးနိုင်ရန်ရည်ရွယ်၍ တယ်လီနောမြန်မာက ဦးဆောင်ကျင်းပသည့် Digital Winners Asia အစီအစဉ်ကို ပထမဦးဆုံးအကြိမ်အဖြစ် နိုဝင်ဘာ ၁ ရက် နှင့် ၂ ရက်နေ့များတွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအစီအစဉ်တွင် မြန်မာ၊ ထိုင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် မလေးရှား အပါအဝင် တယ်လီနောလုပ်ငန်းစုမှ အာရှတိုက်တစ်ဝန်းတွင် ဦးဆောင်ပြုလုပ်ခဲ့သည့် accelerator အစီအစဉ်များမှ ထူးချွန်သည့် ကနဦး အစပျိုးလုပ်ငန်းသစ်ကိုးခု ပါဝင်ပြသခွင့်ရရှိမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများအနေဖြင့် ဖန်တီးနိုင်စွမ်း၊ လုပ်ကိုင်နိုင်စွမ်းနှင့် ကျွမ်းကျင်မှုတို့ကို ပေါင်းစပ်ပြသခြင်းဖြင့် ဈေးကွက်ချဲ့ထွင်နိုင်မည့် အခွင့်အရေးကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Digital Winners Asia အစီအစဉ်တွင် အဆိုပါ လုပ်ငန်းသစ် ကိုးခုနှင့်အတူ ထိပ်တန်းဟောပြောသူများ တက်ရောက်ပြီး ဈေးကွက်အတွင်းရှိ ဒီဂျစ်တယ်စီးပွားရေး အခွင့်အလမ်းများကို ရယူနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများ၊ ဗဟုသုတများနှင့် နည်းလမ်းများကို ဒေသတွင်းရှိ Google၊ Golden Gate Ventures နှင့် တယ်လီနောမှ စွန့်ဦးတီထွင်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုနယ်ပယ်မှ ဦးဆောင်သူများက လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ကနဦး အစပျိုးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ၏ ဆွေးနွေးသုံးသပ်ချက်များလည်း ပါဝင်မည်ဖြစ်ရာ ပါဝင်သည့်အဖွဲ့များအနေဖြင့်လည်း အိုင်ဒီယာသစ်များအတွက် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲအပြီးတွင် လုပ်ငန်းသစ်များထဲမှ အကောင်းဆုံးအိုင်ဒီယာအတွက် နော်ဝေခရိုနာ ၁၀၀၀၀၀ ကို ရန်ပုံငွေအဖြစ်ရရှိနိုင်မည့်အခွင့်အရေးလည်းရှိကြောင်း သိရသည်။

တယ်လီနော၏ Head of Product and Innovation ဖြစ်သူ Gunnar Sellaeg က "ကျွန်တော်တို့အနေနဲ့ အာရှဒေသအတွင်းမှာ အားကောင်းတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်နေတာကို ကြုံတွေ့နေရပါတယ်။ ဒါကြောင့် Digital Winners in Asia အစီအစဉ်ကို ပြုလုပ်ခြင်းဟာ တယ်လီနောရဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းတစ်ခုပဲဖြစ်ပါတယ်။ ဒီဒေသအတွင်းမှာ ဆန်းသစ်တီထွင်မှုတွေနဲ့ စွန့်ဦးတီထွင်လိုစိတ် အများအပြားရှိသူတွေ ရှိနေတယ်ဆိုတာ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒီလိုအလွန်အကျိုးရှိတဲ့အစီအစဉ်မှာ ပါဝင်ခွင့်ရတဲ့ ကနဦး အစပျိုးလုပ်ငန်းတွေဟာ ကျွန်တော်တို့ရဲ့ဈေးကွက်တွေမှာ ပြုလုပ်ခဲ့တဲ့ accelerator အစီအစဉ်တွေထဲက အကောင်းတကာ့ အကောင်းဆုံးလုပ်ငန်းတွေဖြစ်ပြီး သူတို့ ဒီထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ဒီအစီအစဉ်ကို ဖန်တီးပေးခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

Digital Winners Asia အစီအစဉ်တွင် ပါဝင်မည့် အဖွဲ့ကိုးဖွဲ့မှာ မြန်မာနိုင်ငံမှ လူမှုကွန်ရက်ပလက်ဖောင်းများနှင့် ဆိုရှယ်မီဒီယာများမှ ရောင်းချခြင်းကို ချောမွေ့စွာ ပေါင်းစပ်လုပ်ဆောင်နိုင်စေမည့် နည်းပညာများပြသမည့် Myanzen အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Buzzaly နှင့် Socian၊ မလေးရှားနိုင်ငံမှ Vase၊ ပါကစ္စတန်နိုင်ငံမှ EcoEnergy၊ Edjunction နှင့် Fori Mazdoori၊ ထိုင်းနိုင်ငံမှ Skootar နှင့် Take me Tour တို့ပါဝင်ပြီး တက်ရောက်မည့်သူများမှာ ဈေးကွက်ရှာဖွေရေးဝန်ဆောင်မှု၊ စွမ်းအင်၊ artificial intelligence၊ ခရီးသွားလာရေးနှင့် ပညာရေးစသဖြင့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များ ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များမှာ တယ်လီနောမှ ပြုလုပ်ခဲ့ပြီးဖြစ်သည့် ဒေသတွင်း startup acceleration အစီအစဉ်ငါးခုတွင် ပါဝင်ဖူးသူများဖြစ်ကာ ကုမ္ပဏီတစ်ခုချင်းစီအား ၎င်းတို့၏ ကုမ္ပဏီသက်တမ်း၊ ဈေးကွက်သစ်များဆီသို့ ထိုးဖောက်နိုင်မည့် အလားအလာနှင့် တယ်လီနောနှင့် လက်တွဲလုပ်ကိုင်မှုတို့အပေါ်တွင်မူတည်၍ ရွေးချယ်ထားခြင်းဖြစ်ကြောင်း၊ Digital Winners Asia အစီအစဉ်တွင် ကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ်နှစ်ယောက်စီ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၀ ကျော်ပါဝင်မည့်

# MPT Job Fair 2016

MPT ရှေ့သို့လှမ်းချီ မြန်မာပြည်

ကျင်းပမည့်ရက် ။ ။ အောက်တိုဘာလ (၂၉) ရက်နှင့် (၃၀) ရက်နေ့ (စနေ နှင့် တနင်္ဂနွေ)
အချိန် ။ ။ နံနက် (၉) နာရီမှ ညနေ (၄) နာရီ
ကျင်းပမည့်နေရာ ။ ။ Park Royal Hotel အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

**ခေါ်ယူမည့် ရာထူးနှင့် ဌာနများ**

(၁) Team Manager (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန)
(၂) Senior Staff (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန၊ သတင်းအချက်အလက် နည်းပညာဌာန နှင့် လုပ်ငန်းလည်ပတ်မှုဌာန)
(၃) Staff (အရောင်းနှင့်ဖြန့်ချိရေးဌာန၊ ဈေးကွက်ရှာဖွေရေးဌာန၊ သတင်းအချက်အလက်နည်းပညာဌာန နှင့် လုပ်ငန်းလည်ပတ်မှုဌာန) တို့ကို ခေါ်ယူသွားမည်ဖြစ်သောကြောင့် မိမိတို့၏ လျှောက်လွှာများ နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အသေးစိတ်အကြောင်းအရာများကို MPT ၏ တရားဝင်ဝက်ဘ်ဆိုဒ် www.mpt.com.mm နှင့် myjobs.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

### ဝန်ထမ်းအလိုရှိသည်။

၁။ မန်နေဂျာ(Entertainment)ကျား ၁ ဦး
၂။ Senior Accountant ကျား/မ ၁ဦး
၃။ စာရင်းကိုင်(LCCI 1/2) ကျား/မ ၂ဦး
၄။ အကူစာရင်းကိုင်(၁၀တန်းအောင်) ကျား/မ ၂ဦး
မြောက်ဥက္ကလာနှင့်မြောက်ဒဂုံနေထိုင်သူဦးစားပေးမည်။ အမှတ်၁၂၂၊သရက်တောလမ်း၊ကြည့်မြင်တိုင်၊ရန်ကုန်။
ဖုန်း၀၉၃၀၀၅၁၀၀၀၊၀၉၃၃၃၇၇၇၁၅

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/7159 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၂၆၀၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

### မြန်မာမြတ်ချယ်ရီ Travel & Tours

01-551240, 09-5003647

Package တန်ဆောင်တိုင် နှင့် New Year အထူးခရီးစဉ်များ
- ဗီယက်နမ်-ဟိုချီမင်း-ကမ္ဘောဒီးယား (၆)ရက် $ 595
- ဟနွိုင်း-ဟာလောင်း-နင့်ဘင်း-Tam coc(၄)ရက် $ 495
- Emirates Air Line
- ဗီယက်နမ်-ဟိုချီမင်း-မိုးနဲ-ဒါလတ် (၅)ရက် $ 360

နိုဝင်ဘာ 10, 11, 23 / ဒီဇင်ဘာ 14, 29

အမှတ်(၁၂၂/၁၂၄)၊ကျိုက္ကဆံလမ်း၊တာမွေ။Fb: Myanmar Myat Cherry Travel & Tours

### ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အမှတ် ၄၄၊ မင်းလမ်းနေ ဦးတင်ဝင်း၏သား မောင်သက်ထွဋ်ဝင်း ၁၂/ဗဟန(နိုင်)၀၉၆၉၈၅ နှင့် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကျောင်းစုရပ်ကွက်၊ အမှတ် ဃ/၁၂၉၊ ရွှေနှင်းဆီလမ်းနေ ဦးသိန်းဝင်း၏သမီး မခင်သန္တာသိန်းဝင်း ၇/ဒဥန(နိုင်)၀၉၉၀၁၀ တို့သည် ၂၀-၆-၂၀၁၆ ရက်တွင် တရားဝင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။ နောက်နောင်တွင် မောင်သက်ထွဋ်ဝင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောကိစ္စအဝဝသည် ကျွန်မနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်တော့ပါကြောင်း။ **စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**
မခင်သန္တာသိန်းဝင်း ၇/ဒဥန(နိုင်)၀၉၉၀၁၀

နိုင်ငံတကာတက္ကသိုလ်ပေါင်း(၁၀၀)ကျော်၏ ပညာရေးသတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရယူနိုင်မည့်

# GLOBAL EDUCATION FAIR 2016

• အမေရိကန် • အင်္ဂလန် • ဩစတြေးလျ • စင်ကာပူ • ထိုင်းတို့ မှ တက္ကသိုလ်များပါဝင်မည်။



CROWN EDUCATION Award Winning Company

**30 Oct (Sun)**
10:00 am - 1:00 pm
NOVOTEL HOTEL
(PYAY ROOM)

- iGCSE ဖြေဆိုထားသူများအတွက် အမေရိကန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ စင်ကာပူ၊ ထိုင်းနိုင်ငံများတွင် GCE 'A' / SAT ဖြေဆိုရန်မလိုဘဲ တိုက်ရိုက်တက်ရောက်နိုင်သည့် တက္ကသိုလ်များ
- HND, ABE, NCC လက်မှတ်ကိုင်ဆောင်ထားသူများအတွက် Top Up ဆက်လက် တက်ရောက်နိုင်မည့် တက္ကသိုလ်များ
- နိုင်ငံတကာတွင် ဆေးကျောင်းတက်ရောက်လိုသူများအတွက် ဆေးတက္ကသိုလ်များ
- မြန်မာနိုင်ငံမှ ဆယ်တန်းအောင်မြင်ထားသူများ၊ မြန်မာတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများအတွက် နိုင်ငံတကာတွင် ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အရေးများကို ကမ္ဘာ့အဆင့်မီတက္ကသိုလ်များ၏ တာဝန်ရှိသူများနှင့် လာရောက် တွေ့ဆုံ ဆွေးနွေးနိုင်မည်ဖြစ်ပါသည်။

PROSPECT BURMA SCHOLARSHIP အပါအဝင် ထူးချွန် ကျောင်းသား ကျောင်းသူများအတွက် **ပညာသင်ဆုများ** လာရောက်လျှောက်ထားနိုင်ပါသည်။

Prospect Burma

CALL US : 01 527 838, 09 732 732 77, 09 730 40 688, 09 450 200 040


GOLD COAST
Dawei High-rise Condo
အကန့်အသတ်မရှိတန်ဖိုးမြင့်တက်ခြင်း
ထားဝယ်မြို့သည် မြန်မာနိုင်ငံ၏အကြီးဆုံးစီးပွားရေးဇုန်တစ်ခု မကြာမီ ဖြစ်လာတော့မည်။ ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယံရှိသော အကြီးစားရေနံချက်စက်ရုံတို့နှင့်အတူ ဘန်ကောက်မှ ထားဝယ်သို့ ဆက်သွယ်သော အဝေးပြေးလမ်းမကြီးလည်း စီမံချက်တွင် အပါအဝင်ဖြစ်သည်။ အနာဂတ်တွင် ထားဝယ်သည် အရေးပါသော စီးပွားရေး၊ ကုန်သွယ်ရေးမြို့ပြတစ်ခုဖြစ်လာမည်။ ထို့ကြောင့် GOLD COAST စီမံကိန်းသည်လည်း အချိန်ကိုက်ကာ အကန့်အသတ်မရှိ တန်ဖိုးမြင့်တက်လာမည်ဖြစ်သည်။
ပြည့်စုံသော Facilities
Sky Garden ၊ Swimming Pool ၊ Supermarket ၊ Cinema ၊ Restaurant ၊ Entertainment ၊ Shopping mall နှင့် Wedding Hall ၊ Clinic ၊ မူကြိုကျောင်း ၊ Car parking တို့ ပါရှိသောကြောင့် လူကြီးမင်းတို့အတွက် One-Stop service style ကို ဖော်ဆောင်ပေးထားခြင်း။ Water and Electrical is two way supply ၊ Security တင်းကျပ်ခြင်း ၊ 24 hours CCTV တပ်ဆင်ပေးထားသောကြောင့် လူကြီးမင်းတို့၏ လူနေထိုင်မှုဘဝသစ်ကို လုံခြုံစိတ်ချစွာ ခံစားနိုင်ခြင်း
မြို့ပြတည်နေရာ
GOLD COAST Project သည် ထားဝယ်မြို့ရှိ တစ်ခုတည်းသော အထပ်မြင့် ၂၃ ထပ်ရှိ ဓာတ်လှေကားပါအဆင့်မြင့် Condo နှင့် facilities ပြည့်စုံလှသော General Project တစ်ခုဖြစ်သည်။ GOLD COAST Project သည် ထားဝယ်မြို့၏ပြလူနေရပ်ကွက်တစ်ခု အဖြစ်ဖန်တီးထားပြီး ထားဝယ်အနာဂတ် ဖွံ့ဖြိုးတိုးတက်ရာ တည်နေရာလည်း ဖြစ်ပါသည်။
E Building Area 1509.11 sq-ft
F Building Area 1371.33 sq-ft
G Building Area 1043.25 sq-ft
C Building Area 1605.45 sq-ft
Hotline : 09971070888 09971041222 059-22580
Project Address : NO(44), Mingalar Tadar Street, KyakSarPyin Quarter Dawei Myanmar.


ကျပ်သိန်း ၂,၀၀၀ ကျော်တန်ဖိုးရှိ ဆုမဲတွေ
ပိုင်ဆိုင်ဖို့ အင်တာနက်သုံးရင်း အခမဲ့ကံစမ်းစို့။
အင်တာနက် 20MB အသုံးပြုတိုင်း နေ့စဉ်၊ အပတ်စဉ် ဆုတွေအပြင်
ဆုကြီးတွေကိုပါ ပိုင်ဆိုင်ဖို့ အခမဲ့အခွင့်အရေးရရှိမှာမို့ အူရီဒူးအင်တာနက်များများသုံးပြီး
ကံထူးရှင်ဖြစ်မယ့် အခွင့်အရေးကို အခမဲ့ရယူလိုက်ပါ။
ooredoo
ရွှေအိပ်မက်
ကျပ်
၂၅,၀၀၀,၀၀၀
ဆုကြီးအပြင်
တစ်သက်တာ အခမဲ့
အူရီဒူးသုံးစွဲခွင့်
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## “ကျောင်းကုန်း အထက(၁)ကျောင်းသား/ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ”

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများက ၁၉၅၂ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ အထက(၁)မှ အငြိမ်းစားယူသွားသည့် အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီး (၁၁၄)ဦးတို့အား (၂၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၄ရက် (အမျိုးသားနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းကုန်းမြို့ အထက(၁)ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့်အလှူငွေများကို ရန်ကုန်မြို့တွင် ဦးလေးမောင် ဖုန်း-၀၉-၅၁၉၂၅၆၂၊ ဦးမောင်ဝင်း ဖုန်း-၀၉-၂၅၄၁၀၁၅၁၄၊ ဦးစောနိုင် ဖုန်း-၀၉-၅၀၇၉၇၄၅၊ ဦးဆေးနိုင် ဖုန်း-၀၉-၅၀၀၇၇၉၉၊ ဒေါ်နှင်းယုဝေ ဖုန်း-၀၉-၄၂၀၀၀၈၂၉၊ ဒေါ်မြင့်မြင့်လှိုင်(ချိုတူး)ဖုန်း-၀၉-၅၀၅၉၉၄၀(နေပြည်တော်)၊ ကျောင်းကုန်းမြို့တွင် ဒေါ်ငွေးရီ(ကျောင်းအုပ်ဆရာမကြီး)အထက(၁) ဖုန်း-၀၉-၃၁၁၁၅၁၃၈၀၊ ဦးအုန်းဟန် ဖုန်း-၀၉-၂၅၀၉၈၇၂၅၀၊ ဦးခင်စိုး ဖုန်း-၀၄၆-၂၂၄၀၁၇၃၊ ဒေါ်ညွန့်ညွန့်အေး ဖုန်း-၀၉-၄၂၂၄၈၃၆၇၄၊ ဦးအေးသန်း ဖုန်း-၀၄၆-၂၂၄၀၀၁၉၊ ဦးဆန်းမြင့် ဖုန်း-၀၉-၂၅၄၃၆၃၉၁၆၊ ဦးခင်အောင်ဆွေ ဖုန်း-၀၉-၈၅၇၂၄၀၀၊ ဦးမျိုးသူအောင် ဖုန်း-၀၉-၇၉၀၁၆၃၂၅၅တို့ထံဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## မြေကွက်များ ပိုင်ရှင်ကိုယ်တိုင်ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

- ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ ကုလားဝဲတံတား ၆ လမ်းသွား၊ လမ်းမကြီး မေးတင် မိုင်တိုင် ၄ မိုင် ၆ ဖာလုံအနီး၊ စုစုပေါင်းလယ်မြေ ၄၇ဒသမ၇၃ဧက၊ မျက်နှာစာ ပေ ၆၀၀ရှိ အနက်ထဲမှ ၅ဧကဂရန်ရရှိပြီး (မျက်နှာပွင့်)ပေ ၃၇၀နှင့် ကျန်လယ်မြေ ၄၂ဒသမ ၇၃ဧက များကို ရောင်းမည်။
- ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ ခရမ်းသုံးခွ၊ လမ်းမကြီးမေးတင်၊ သုဌေးကွင်းကျေးရွာ အနီး လယ်မြေ ၁၃ ဒသမ ၀၅ဧက (မျက်နှာပွင့် ပေ ၁၁၀၀) ရောင်းမည်။
- ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကွင်းအမှတ် ၁၄၈ရှိ ၁ ဒသမ ၀၄ ဧက၊ ကွင်းအမှတ် ၁၂၈ရှိ ၁ ဒသမ ၈၉ဧကလယ်မြေများကို ရောင်းမည်။
- နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊စစ်ကိုင်း ၉ လမ်း၊ ရွှေပုဇွန်နှစ်ခြံကျော်၊ အဆင့်မြင့်ဈေး၊ Unit No.29, 30, (2)Units ဂရန်မြေကွက် ပေ(၂၀၀×၂၀၀)အဆင့်မြင့်ခြံခတ်၊ အတွင်းပြင်ဆင်ပြီး၊ ပေ(၈၀×၆၀)အဆင့်မြင့်ပြင်ပြီး အဆောက်အအုံနှစ်လုံး၊ ပေ(၂၀×၃၀)နှစ်ထပ်တိုက်၊ ပေ(၂၀×၂၀) နှစ်လုံး၊ ပေ(၈၀×၅၀)ဂိုဒေါင်တစ်လုံး၊ 30hp Power Meter နှစ်ခု၊ အဆင့်မြင့်စားသောက်ဆိုင်နှင့် Beauty Saloon လုပ်ငန်းများလုပ်ရန် အဆင့်မြင့်ပြင်ဆင်ပြီး၊ ပစ္စည်းအဆင့်သင့်၊ လုပ်ငန်းလိုင်စင်နှင့် ယစ်မျိုးလိုင်စင်များရှိပြီး (ရောင်း/ငှား)မည်။ 1 Unit ရောင်း သိန်း ၄၀၀၀၊ ငှား ၂၂ သိန်း၊ 2 Unit ပေါင်းယူပါက ဈေးညှိနှိုင်းပေးမည်။
- နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ရာဇဌာနီ(တိုးချဲ့)၊ ပေါင်းလောင်းရပ်ကွက်၊ မြင့်မိုရ်နန်း Motel အနောက် Permit မြေကွက် ပေ(၆၀×၈၀)ရောင်းမည်။ သိန်း ၄၅၀

**အသေးစိတ်သိရှိလိုပါက-**

**အမှန်တကယ်စိတ်ဝင်စားသူများသာဆက်သွယ်မေးမြန်းပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ ပိုင်ရှင်ကိုယ်စား ဦးကျော်ကျော်(Manager)ဖုန်း-၀၉-၉၆၃၆၄၇၇၉၉၊ ၀၉-၅၁၂၂၉၂၅**

**ချာချီးယား ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

**09-450026077**
**09-510 1862**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၁၄၉၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၈၇၂၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

## ပျောက်ဆုံးကြောင်း

မခင်သိန်းဌေး၏ သွင်းကုန်(၁) ကြေညာလွှာနံပါတ် MQIL 116-170678 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၈၁၈၃၉၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/1628 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## လုံးချင်းအိမ်ငှားမည်

ခြံ ၄၀×၄၅ ပေ၊ လုံးချင်းနှစ်ထပ်တိုက်သစ်၊ ၈၃၀ စတုရန်းပေ၊ MBR ၁၊ BR ၂၊ AC ၂၊ ရေပူရေအေး၊ (ရေချိုးခန်း+ဘိုထိုင်-၂စုံ)၊ ကားဂိုဒေါင်၊ ပတ်လည်အုတ်ခြံစည်းရိုးခတ်၊ ဆိတ်ငြိမ်ရပ်ကွက်၊ ပါမောက္ခလမ်း၊ အောင်သိဒ္ဓိ၊ မရမ်းကုန်းမြို့နယ်။

**ဖုန်း-၀၁-၆၄၆၂၈၉၊ ၀၉-၄၃၀၄၁၆၁၆၊ ၀၉-၂၅၄၃၄၃၈၈၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကင်းမြို့နယ်တရားရုံးတော်**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၉**

| | | |
|---|---|---|
| ဒေါ်ဖြိုးအိကျော်ဝင်း | **နှင့်** | ဦးမိုးကျော်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကင်းမြို့၊ အမှတ် ၁၁၅၊ ရန်ကင်းလမ်းသွယ် (၁၄)လမ်း၊ (၁)ရပ်ကွက်နေ တရားပြိုင် ဦးမိုးကျော်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြိုးအိကျော်ဝင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၆ရက်၊ (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရန်ကင်းမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၈၇၄၁ Honda Dream C/W MT,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဖြူ ၁၃/ကခန(နိုင်)၀၀၆၁၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မဒေါ်ခင်မာမာမြင့် ၁၂/လကန(နိုင်)၁၄၂၉၂၄မှ ဒေါ်ချိုချိုအောင် ၁၄/မအပ(နိုင်) ၁၄၁၃၁၃အား ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၂၄-၁၁-၂၀၁၅ ရက်၌ အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ် (၁၂၁၀၂/၂၀၁၅)ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခဲ့သည်ကို ယနေ့ ၂၅-၁၀-၂၀၁၆ ရက်တွင် ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ဒေါ်ချိုချိုအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာမာမြင့် ၁၂/လကန(နိုင်)၁၄၂၉၂၄**

## အလိုရှိ

Construction Site ထဲတွင် တာဝန်ထမ်းဆောင်ရန် အသက် ၃၀-၄၀ ကြား၊ ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံရှိသော Civil Engineer ၂ ဦး၊ အမြန်အလိုရှိသည်။

စိတ်ဝင်စားသူများ အောက်ပါအတိုင်း စုံစမ်းနိုင်သည်။

**ဖုန်း-၀၉-၇၉၇၁၁၁၁၈**
**email address:hlamyintoo@gmail.com**

## အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

| | | |
|---|---|---|
| ၁။ | Marketing ကျွမ်းကျင် | ကျား/မ ၁၀ ဦး |
| ၂။ | အခြားဘွဲ့ရ(B.Sc/B.A) | ကျား/မ ၁၅ ဦး |
| ၃။ | A.G.T.I(M.P/E.P) | ကျား/မ ၁၀ ဦး |
| ၄။ | T.H.S(M.P/E.P) | ကျား ၅ ဦး |
| ၅။ | ယာဉ်မောင်း(ကားကြီး၊ ကားလတ်) | ကျား ၁၀ ဦး |

လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ အမှတ်စဉ်အားလုံးအတွက် အသက်(၅၀) အောက်ဖြစ်ရမည်။ ယာဉ်မောင်းများ သက်ဆိုင်ရာယာဉ်အမျိုးအစားပေါ်တွင် ယာဉ်မောင်း လုပ်သက် အနည်းဆုံး(၃)နှစ်အတွေ့အကြုံရှိရမည်။ ကိုယ်ရေးအချက်အလက်၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ ဆက်သွယ်ရမည့်လိပ်စာ၊ ဖုန်းနံပါတ် အပြည့်အစုံနှင့်အတူ အမှတ် ၆၄၊ ဝေဇယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း လျှောက်ထားနိုင်ပါသည်။

## အများသိရှိစေရန်

ပြည်မြို့၊ ဘုရားကြီးတိုးချဲ့ကွက်သစ်၊ ဂန့်ဂေါ်(၃)လမ်းသွယ်နေ(ဘ)ဦးလှ ၇/ပမန(နိုင်) ၀၁၉၄၅၈ကိုင်ဆောင်သူ ဦးသန်းလှက အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ တီကျစ်ဆုံလမ်း၊ အမှတ် ၁၅၇၈ဟုခေါ်တွင်သော ပြည်မြို့၊ ၄-ဆံတော်၊ (၉ ဒီ-ဆံတော်အနောက်)၊ ဦးပိုင်အမှတ် ၂၈၁၊ မြေချိန်ဧရိယာ ၀ဒသမ၀၅၁ဧကရှိ ဘိုးဘွားပိုင်မြေ၏ ထက်ဝက်(½)(မြောက်ဘက်အခြမ်း) မြေနှင့် ယင်းမြေပေါ်ရှိဆောက်လုပ်ထားသော (၃)ပင်×(၂)ခန်း၊ နှစ်ထပ်တိုက်နေအိမ်အဆောက်အအုံအရပ်ရပ်အကျိုးခံစားခွင့်များသည် ဖခင် ဦးလှနှင့်မိခင်ဒေါ်တင်ကြည်တို့က လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလာခဲ့ကြသည့်ပစ္စည်းများ ဖြစ်ပါသည်။

ယင်းပစ္စည်းများသည် မိဘများဖြစ်သော ဦးလှ၊ ဒေါ်တင်ကြည်တို့ ကွယ်လွန်ပြီးနောက် ကျန်ရစ်သော အမွေပုံပစ္စည်းများဖြစ်သဖြင့် သားရင်းသမီးရင်းများဖြစ်သော ဒေါ်သီတာလှ၊ ဒေါ်နီလာလှနှင့် ဦးသန်းလှစသည့်မောင်နှမ(၃)ဦးတို့က အညီအမျှ အမွေဆက်ခံရထိုက်ခွင့်ရှိသော ပစ္စည်းများသာဖြစ်ပါသည်။ မိဘများ ကျန်ရစ်သော ထိုအမွေပုံပစ္စည်းများအရပ်ရပ်အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ ဒေါ်သီတာလှ၊ ဒေါ်နီလာလှ၊ ဦးသန်းလှ မောင်နှမ(၃)ဦးတို့သည် ယနေ့အထိ အမွေခွဲဝေရသေးခြင်းမရှိပါ။

သို့ဖြစ်၍ အထက်ဖော်ပြပါ အမွေဆိုင်ပစ္စည်းများအား မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများအပြင် အခြားနည်းဖြင့် တစ်စုံတစ်ရာအလွဲသုံးစားပြုခြင်းမပြုလုပ်ရန် သိစေအပ်သည့်အပြင် အကယ်၍ အမွေပုံပစ္စည်းများအပေါ် တစ်စုံတစ်ရာ ပြောင်းလဲခြင်းများပြုလုပ်ခဲ့ပါက ဥပဒေအရတရားစွဲဆိုသွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**ဦးသန်းလှ ၇/ပမန(နိုင်)၀၁၉၄၅၈**
**ပြည်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မော်လမြိုင်ခရိုင်တရားရုံးတော်၌**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၅၀**

| | | |
|---|---|---|
| ဒေါ်နွယ်နွယ်လှ | **နှင့်** | ဦးဉာဏ်ထွန်းအောင် |
| **တရားလို** | | **တရားပြိုင်** |

မော်လမြိုင်မြို့၊ ကျွဲခြံကုန်းရပ်ကွက်၊ ခြောက်မိုင်ကျေးရွာ၊ အမှတ် ၁၆၈နေ တရားပြိုင် ဦးဉာဏ်ထွန်းအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အား လက်ရှိထားပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၀ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါက အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ဗိုလ်မှူးကြီးသူရဖေအောင်(ငြိမ်း) ကြည်း(၈၅၀၀)

(၂၅) နှစ်မြောက် သတိရအမှုပေးဝေခြင်း ကျေးဇူးရှင် ချစ်ဖေဖေ၊ မိသားစုနှင့်ခွဲခွာသွားသည်မှာ ၂၉-၁၀-၂၀၁၆ ရက်တွင် (၂၅)နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။ ချစ်ဖေဖေ၏ ကျေးဇူးဂုဏ်အနန္တကို အစဉ်သတိရလျက် နေ့စဉ်နှစ်စဉ်ပြုပြုသမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များနှင့် ယနေ့ ယခုပြုပြုသမျှကောင်းမှု အစုစုကို ရေစက်သွန်းချအမှုပေးဝေပါသည်။ ချစ်ဖေဖေမြင့်မြတ်ရာ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီးနှင့် သားသမီးမြေးများ**
**သုဝဏ္ဏ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဦး (လှည်းကူး) အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၁(က) ဒေဒီယာလမ်း၊ မလိခအိမ်ရာ နေ (ဦးဖြိုး-ဒေါ်မယ်သော့)တို့၏သမီး၊ (ဦးပန်းသင်-ဒေါ်မှိန်)တို့၏ သမီးချွေးမ၊ (ဦးသိန်းမောင်)၏ဇနီး၊ ဦးသိန်းထွန်း-ဒေါ်တင်တင်လှ၊ Captain မင်းစိုးအောင် (LIZSTAR SHIPPING Co.,Ltd)-ဒေါ်စန်းစန်းချို (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးသိန်းစိုး-ဒေါ်အေးအေးမိုးတို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲမင်းအောင်၊ မအိမ့်ချမ်းမြေ့ခင်၊ မောင်အောင်ကောင်းမြတ်၊ မနှစ်ဦးဝေ၊ မသီရိခင်ခင်တို့၏ အဘွားသည် ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေ ဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဦး (ပုသိမ်မြို့)

**လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးကွန်းဇော်ရိပ်သာလမ်း၊ Condo 3-A(ပြည်လမ်း၊ ငါးမိုင်ခွဲ၊ ကန်လမ်းမှဝင်ရန်)နေ (ဦးမောင်ဟန်-ဒေါ်မြ)တို့၏သား၊ (ဒေါ်ခင်ကြည်)၊ (ဒေါ်ရီရီ ဟန်)တို့၏မောင်၊ ဒေါ်ခင်ဝင်းဖြူ၏အစ်ကို၊ (ဒေါ်မိုမိုအောင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန္ဒီ မိုးဦးဖြူ- Maurice Botter၊ မောင်အောင်မြင့်ဦး၊ မအောင်မာဦးတို့၏ချစ်လှစွာသောဖခင်၊ Meemee, Chan, Piet တို့၏အဘိုးသည် ၂၆-၁၀-၂၀၁၆ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ခင်အေး

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ချွန်း(၁)လမ်း၊ အမှတ် ၁၄နေ (ဦးမြမောင်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးဘဌေး)-ဒေါ်လှတို့၏ချွေးမ၊ ဦးမြင့်ကျော်၏ဇနီး၊ ကိုဝင်းမြတ်ထွဋ်၏မိခင်သည် ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၅၇၆၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## (၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဗိုလ်ကြီး အီစော(မ်)ဟန်(ငြိမ်း) ကြို့သုံးပင်ရပ်ကွက်၊ ကလေးမြို့၊ (၂၉-၁၀-၂၀၁၃ရက်မှ ၂၉-၁၀-၂၀၁၆ရက်)(၃)နှစ်တင်တင်းပြည့်သွားပေမယ့် နေ့တိုင်း လွမ်းဆွတ်နေဆဲပါ။

**ကျန်ရစ်သူဇနီးနှင့် သားသမီးမြေးမြစ်တစ်စု**

**အမည်ပြောင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၁၈)၊ သတ္တမတန်း (B)မှ (အဖ)ဦးသန်းလှိုင်၅/ဝသန(နိုင်)၀၅၈၀၄၅၏သမီး မဝင်းပပထူးအား မလှိုင်ချယ်ရီဟုပြောင်းလဲခေါ်ပါရန်။ မလှိုင်ချယ်ရီ

## အထူးကျေးဇူးတင်ရှိခြင်း

## ရဲ-၄၇၁၆၊ ဒုတိယရဲမှူးကြီးမြတ်မင်းထွေး(ခ)ဘောဘီလေး(ခ)ဇာနည်စိန်မြင့်

**တပ်ဖွဲ့ခွဲမှူး၊ ရတဖ(၁)ပဲခူး၊ စတသ(၄၂)**

**အသက်(၃၈)နှစ်**

၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဒုတိယရဲမှူးကြီး မြတ်မင်းထွေး၏ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ လိုက်ပါပို့ဆောင်ခဲ့ကြသူများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ သတင်းမေးမြန်းကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိဘ၊ မောင်နှမများ**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် ကောက်ယူမည့်နေ့ရက်များနှင့် မဲစာရင်းကပ်ထားကြေညာမည့် နေ့ရက်များအား အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် ကောက်ယူမည့်နေ့ရက်များနှင့် မဲစာရင်းကပ်ထားကြေညာမည့်နေ့ရက်များအား အသိပေးကြေညာခြင်း**
**နေပြည်တော်၊ အောက်တိုဘာ ၂၈ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်မည့် မြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းအား ပြည့်စုံမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် မဲစာရင်းကောက်ယူခြင်းကို **၁-၁၁-၂၀၁၆ ရက်နေ့မှ ၃၀-၁၁-၂၀၁၆ ရက်နေ့**အထိ ၂၀၁၅ ခုနှစ် မဲစာရင်းအားအခြေခံ၍ ပြင်ဆင်ခြင်း/ဖြည့်စွက်ခြင်း/ ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းအား သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် **၁-၂-၂၀၁၇ ရက်နေ့မှ ၁၄-၂-၂၀၁၇ ရက်နေ့**အထိ ကပ်ထားကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် လစ်လပ်မဲဆန္ဒနယ်များရှိ မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များအနေဖြင့် တစ်အိမ်တက်ဆင်း (Door to Door) စနစ်ဖြင့် **မဲစာရင်းကောက်ယူခြင်းနှင့်** မဲစာရင်းကပ်ထားကြေညာသည့်အချိန်တွင် **မဲစာရင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သောတောင်းဆိုမှု၊ ကန့်ကွက်မှု၊ ပြင်ဆင်မှုများ ပြုလုပ်ခြင်းတို့ကို** ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၁၅ ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ် ကမ္ပည်းပြား ယုဝတီခရစ်ယာန်အသင်း (YWCA)၌ တပ်ဆင်




**သတင်း - မြတ်စန္ဒီ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် Royal Philips Corporation တို့ ပူးပေါင်း၍ ၁၅ ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ် ကမ္ပည်းပြားတပ်ဆင်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဗိုလ်ကလေးဈေးလမ်းရှိ ယုဝတီခရစ်ယာန်အသင်း အဆောက်အအုံ (YWCA)၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ YHT ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်မေမေသွယ်၊ YWCA ဥက္ကဋ္ဌ ဒေါ်မေတင်ဦးနှင့် YWCA အထွေထွေအတွင်းရေးမှူး ဒေါက်တာဇင်မာဦးတို့က အထိမ်းအမှတ်အပြာရောင်ကမ္ပည်းပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

YHT ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက“ YWCA ဟာ သူတို့ရဲ့ လှုပ်ရှားမှုတွေ၊ Ms. Ba Maung Chain တို့လို ထင်ရှားတဲ့ *စာမျက်နှာ ၈ ကော်လံ ၅* ✻

၁၅ ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ် ကမ္ပည်းပြားတပ်ဆင်ထားသည့် YWCA အဆောက်အအုံကို တွေ့ရစဉ်

# နယ်မြေတည်ငြိမ်အေးချမ်းသော နေရာများ၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**မောင်တော အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် စာသင်ကျောင်းများ ယာယီပိတ်ထားခဲ့ရပြီး ဆရာ ဆရာမများ နေရပ်သို့ပြန်သွားခဲ့ကြရာမှ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းသော နေရာများ၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

မောင်တောခရိုင်၌ အထက်တန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်း ၁၈ ကျောင်းနှင့် မူလတန်းကျောင်း ၃၇၅ ကျောင်း စုစုပေါင်း စာသင်ကျောင်း ၄၀၂ ကျောင်းရှိပြီး ကျောင်းအားလုံး ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ အထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း ကိုးကျောင်းနှင့် မူလတန်းကျောင်း ၃၆ ကျောင်း စုစုပေါင်း ကျောင်း ၅၀ ပြန်လည်ဖွင့်လှစ်၍ ပုံမှန်အတိုင်း စာသင်ကြားလျက်ရှိသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ✻

**ညောင်လေးပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေး-၄ ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အရေးယူ**
*စာမျက်နှာ - ၁၂*

------------------

**ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဒုတိယဦးစီးမှူးနှင့် အကြီးတန်းစာရေးတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အရေးယူ**
*စာမျက်နှာ - ၁၂*

------------------

**အောင်စိုးမိုးကျော်-၂ ရေယာဉ်မောင်းသူ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ လာရောက်အဖမ်းခံ**
*စာမျက်နှာ - ၁၄*

